စိတ်ကူးချိုချိုအနုပညာ

mgyoe.com


မြတ်ငြိမ်း

# စိတ်အလှဖြင့် ဘဝကိုအလှဆင်

လှပသောစိတ်ကို ဖွံ့ဖြိုးတိုးတက်စေသင့်သည်ဟု
အထင်ရောက်ပြီဆိုလျှင် ယခုစာအုပ်သည်
စိတ်အလှဖြင့် ဘဝတွင် နေသားတကျဖြစ်ဖို့
အဖိုးထိုက်လှသောစာအုပ်ပင်။

**How To Have a Beautiful Mind**

**Edward de Bono**



mgyoe.com

ဒုတိယအကြိမ်

mgyoe.com

စိတ်အလှဟူသည်
လှပသော ပင်ကိုအရည်အသွေးတစ်ခုတည်းမျှသာ မဟုတ်ပေ။
လှပသော ပင်ကိုအရည်အသွေးသည် သင့်စိတ်ကို
လှပအောင် ဖန်တီးပြုပြင်နိုင်သလို
အခြားသူများ၏ စိတ်ကိုလည်း လှပစေနိုင်ပါသည်။

# မြတ်ငြိမ်း

## စိတ်အလှဖြင့်ဘဝကိုအလှဆင်

လှပသောစိတ်ကို ဖွံ့ဖြိုးတိုးတက်စေသင့်သည်ဟု
အထင်ရောက်ပြီဆိုလျှင် ယခုစာအုပ်သည်
စိတ်အလှဖြင့် ဘဝတွင် နေသားတကျဖြစ်ဖို့
အဖိုးထိုက်လှသောစာအုပ်ပင်။

**How To Have a Beautiful Mind**

**Edward de Bono**

mn0011
2,500.00 KS
mgyoe.com

mgyoe.com

စိတ်အလှပြင်ဘဝကိုအလှဆင်၊ မြတ်ငြိမ်း
စာမျက်နှာ ၂၇၃+ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇွန်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၇ စာပေလောကစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စိတ်အလှဖြင့် ဘဝကိုအလှဆင်

# How To Have A Beautiful Mind

**Edward de Bono**

မြတ်ငြိမ်း
မြန်မာပြန်

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ဘာသာပြန်သူ၏အမှာ | က |
| – | နိဒါန်း | ဂ |
| ၁။ | သဘောတူကြောင်း ဘယ်လိုပြောမည်လဲ | ၁ |
| ၂။ | သဘောမတူကြောင်း ဘယ်လိုပြောမည်လဲ | ၁၇ |
| ၃။ | သဘောကွဲလွဲကြောင်း ဘယ်လိုပြောမည်လဲ | ၃၈ |
| ၄။ | စိတ်ဝင်စားဖွယ်ကောင်းသူဖြစ်လာအောင် ဘယ်လိုပြောမည်လဲ | ၅၄ |
| ၅။ | ဘယ်လို တုံ့ပြန်ပြောမည်လဲ | ၇၁ |
| ၆။ | ဘယ်လို နားထောင်မည်လဲ | ၈၈ |
| ၇။ | မေးခွန်းများ | ၁၀၁ |
| ၈။ | အလားတူစဉ်းစားခြင်း | ၁၁၆ |
| ၉။ | အယူအဆများ | ၁၃၇ |
| ၁၀။ | အခြားရွေးချယ်စရာများ | ၁၅၂ |
| ၁၁။ | စိတ်လှုပ်ရှားမှုများနှင့် ခံစားချက်များ | ၁၇၀ |
| ၁၂။ | တန်ဖိုးများ | ၁၈၄ |


mgyoe.com

mgyoe.com


၁၃။ လမ်းကြောင်းပြောင်းမှုများ ၁၉၈

၁၄။ သတင်းအချက်အလက်နှင့် အသိပညာ ၂၁၁

၁၅။ ထင်မြင်ချက် ၂၂၁

၁၆။ ကြားဖြတ် နှောင့်ယှက်ခြင်း ၂၃၄

၁၇။ စိတ်သဘောထား ၂၄၆

၁၈။ စကားစခြင်း နှင့် အကြောင်းအရာများ ၂၆၁

၁၉။ နိဂုံး ၂၇၀


□

mgyoe.com

mgyoe.com

# ဘာသာပြန်သူ၏ အမှာ

***စိတ်အလှဖြင့် ဘဝကို အလှဆင်*** စာအုပ်သည် How to have a Beautiful Mind by Edward de Bono ကို ဘာသာပြန်ထားခြင်းဖြစ်ပါသည်။ ဒီဘိုးနိုးသည် စဉ်းစားတွေးခေါ်မှုနယ်ပယ်တွင် နှစ်ပေါင်းသုံးဆယ်ကျော် ကျင်လည်ခဲ့သူ ဖြစ်၏။ သူက ရှေးရိုးစဉ်လာစဉ်းစားတွေးခေါ်နည်းကို ကော်လှန်ပြီး ပိုမိုထက်မြက် ထိရောက်သောစဉ်းစားတွေးခေါ်နည်းများကို တီထွင် မိတ်ဆက်ပေးခဲ့သည်။ သိသာသော အကျိုးကျေးဇူးများကို ခံစားကြရသည်။ ဒီဘိုးနိုး၏ အားထုတ်ကြိုးပမ်းမှုကြောင့် နိုင်ငံတော်တော်များများရှိ စာသင်ကျောင်းများတွင် စဉ်းစားတွေးခေါ်ခြင်းကို ဘာသာရပ်တစ်ခုအဖြစ် သင်ကြားပို့ချနေလေပြီ။

ဆရာကြီး ဒီဘိုးနိုး၏စာများနှင့် မြန်မာစာဖတ်ပရိသတ် သိပ်စိမ်းလှသည် မဟုတ်ပါ။ ဒီဘိုးနိုးကို မြန်မာစာဖတ်ပရိသတ်နှင့် ဦးစွာ မိတ်ဆက်ပေးခဲ့သူမှာ ဆရာကိုတာ ဖြစ်ပါသည်။ ကိုတာ၏ကျေးဇူးကြောင့် ကျွန်တော်လည်း ဒီဘိုးနိုး၏ စာများကို မြည်းစမ်း ဖတ်ရှုခဲ့သည်။ ထို့နောက် Six Thinking Hats (ဦးထုပ်ခြောက်လုံးတွေးခေါ်နည်း) နှင့် Six Action Shoes (ဖိနပ်ခြောက်ရန်ဆောင်ရွက်နည်း) တို့ကို ဘာသာ

mgyoe.com

mgyoe.com



ပြန်ခဲ့၏။

ယခုလာပြန်ပြီ။ စိတ်အလှဖြင့် ဘဝကို အလှဆင်။ ဤစာအုပ်တွင်လည်း စဉ်းစားတွေးခေါ်မှု ပုံစံအမျိုးမျိုးကို မိတ်ဆက်ပေးထားသည်။ သို့သော် အဓိက ဖောင်းပေးတင်ပြထားသည်မှာ နှုတ်ရေးနှုတ်ရာ ပြောနည်းဆိုနည်းများ ဖြစ်၏။ စကားဝိုင်းများနှင့် ဆွေးနွေးပွဲများတွင် လိမ္မာပါးနပ်စွာ ပြောတတ်ဆိုတတ်အောင် လေ့ကျင့်ခြင်းဖြင့် ချစ်သူခင်သူ မိတ်ဆွေတွေများလာအောင်၊ မိမိကိုယ်မိမိ နှစ်လိုဖွယ်ကောင်းသူတစ်ဦး ဖြစ်လာအောင် တည်ဆောက်ယူဖို့ ဤစာအုပ်တွင် နည်းပေးလမ်းပြထား၏။ မိုးဂျာနယ်မှ ကိုအောင်မျိုး၏ အကူအညီတောင်းမှုကြောင့် မိုးဂျာနယ်တွင် ***နှစ်လိုဖွယ်ကောင်းသူတစ်ဦး ဖြစ်လာစေဖို့ ခေါင်းစဉ်ဖြင့်*** လစဉ် ဘာသာပြန်ဖော်ပြခဲ့ကြောင်း စာဖတ်ပရိသတ်အား အသိပေးလိုပါသည်။

ထုံးစံအတိုင်း ဤစာအုပ်သည် ဒီဘိုးနိုး၏ စာအုပ်ဖြစ်သည့်အလျောက် စာအုပ်ဆိုင်များတွင် တွေ့နေကျ၊ မြင်နေကျ စာအုပ်မျိုး မဟုတ်တာတော့ သေချာပါသည်။

ကျွန်တော်တို့ မြန်မာအများစု မသိသေး၊ မတတ်သေး၊ မစဉ်းစားမိသေးတာတွေတော့ တွေ့ရ ဖတ်ရမည်ဖြစ်၏။ ***လူ့ဘဝဆိုသည်မှာ တစ်သက်လုံး မဆုံးနိုင်သော သင်ယူမှု ဖြစ်စဉ်ကြီးဖြစ်သည်*** ဆိုသော အဆိုအမိန့်အတိုင်း ကျွန်တော်တို့လို မပြည့်အိုးများအနေဖြင့်တော့ နည်းနည်းရရ၊ များများရရ ဖြည့်ဆည်းဖို့ ကြိုးစားနေရမည်သာ ဖြစ်ပါသည်။

စာဖတ်ပရိသတ်များ စိတ်အလှဖြင့် ဘဝကို အလှဆင်နိုင်ပါစေသတည်း။

စာဖတ်သူများအား လေးစားလျက်
မြတ်ငြိမ်း

mgyoe.com

mgyoe.com

# နိဒါန်း

ကြက်မြီးပါတီတစ်ခုသို့ သင်ရောက်သွားသည်။ အခန်း ဟိုဘက်ခြမ်းရှိ လူတစ်ယောက်ကို သင် သတိထားမိသည်။ ခံ့ခံ့ချောချောနှင့် တော်တော်သားနားသည့်လူ။ သို့ဖြင့် သင် ဟိုရှောင်သည်တိုးနှင့် သူ့အနီးသို့ ရောက်အောင် ချဉ်းကပ်သွားသည်။ ကဲ ရောက်ပါပြီဗျာ ကိုလူချောဆီသို့။ ကိုလူချောနှင့် မိတ်ဖွဲ့သည်၊ စကားစမြည် ပြောဖြစ်ကြသည်။ အမယ်လေး စိတ်ပျက်စရာကောင်းလိုက်တာ။ ခပ်လှမ်းလှမ်းမှ ကြည့်တုန်းက ဆွဲဆောင်မှုအပြည့်ရှိသော အထင်ကြီး စိတ်ဝင်စားစရာ ကောင်းလှသော ကိုလူချော။ တွေ့တွေ့ဆိုင်ဆိုင် စကားပြောကြည့်တော့မှ ခြောက်ကပ်ကပ်နှင့် ပျင်းရိငြီးငွေ့စရာကောင်းလှသူတစ်ဦး ဖြစ်နေကြောင်း တွေ့ရသည်။

တကယ်တော့ ရုပ်အလှသည် စိတ်အလှနှင့် ဘယ်လိုမျှ မပတ်သက်ပါကလား။ ရုပ်ဆင်းသွင်ပြင်အရ ဆွဲဆောင်မှုရှိခြင်းသည် နှစ်လိုဖွယ်ကောင်းခြင်းနှင့် မဆိုင်ပါလား။

သင်ရော သည်အဖြစ်မျိုး ကြုံဖူးပါသလား။ ကျွန်တော် သည်

mgyoe.com

mgyoe.com


အဖြစ်မျိုးတွေ မကြာမကြာ ကြုံရတတ်၏။

အခြားဖြစ်ရပ်တစ်ခုတွင် တစ်စုံတစ်ဦးက သင့်အား လူ တစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ သင်နှင့် မိတ်ဆက်ပေးခြင်းခံရသူသည် သာမန် သူလိုကိုယ်လို လူတစ်ဦးပင်။ သူ့ကိုကြည့်လျှင် ဘာမျှ ထူးထူးခြားခြား စိတ်ဝင်စားစရာမရှိ။ သို့ပေမဲ့ စကားပြောကြည့်တော့ တော်တော်ခင်မင်နှစ်လိုဖွယ်ကောင်းသူ ဖြစ်နေသည်။ သူနှင့် စကားပြောရတာ အထူးတလည် အားထုတ်နေဖို့မလို၊ အထူးတလည် သတိထား ဆင်ခြင်နေဖို့မလို။ အချိန်တိုတိုအတွင်း သင်တို့နှစ်ယောက် တစ်သားတည်းဖြစ်သွားသည်။ ငယ်ပေါင်းကြီးဖော်တွေလို ဖြစ်သွားသည်။

သည်တော့ ...

ရုပ်ဆင်းသွင်ပြင် ချောမောလှပခြင်းသည် အရေးပါအရာရောက်သလား။

ယောကျ်ားတွေရော မိန်းမတွေပါ ဦးစားပေးအစီအစဉ်တစ်ရပ်အဖြစ် ကိုယ်ကာယအလှသင်တန်းသို့ သွားကြသည်။ အားကစားရုံသို့သွားကြသည်။ ပြီးတော့ သူတို့တစ်တွေ ကြိုးကြိုးစားစား ပင်ပင်ပန်းပန်းအားထုတ်လေ့ကျင့်ကြသည်။ ဤသို့ ကြိုးပမ်းအားထုတ်ခြင်းသည် ကျန်းမာရေးရှုထောင့်မှကြည့်လျှင်လည်း အလွန် သင့်မြတ်လျော်ကန်ပါသည်။ ကျစ်လျစ်သွယ်လှသော ကိုယ်ခန္ဓာသည် နှစ်သက်မက်မောစရာပါ။ ယောကျ်ားတစ်ဦးတွင် တင်းရင်းသော ရင်အုပ်ကားကားကြီး ရှိခြင်းနှင့် မိန်းမတစ်ဦးတွင် သလုံးသားသွယ်သွယ်ကလေးတွေရှိခြင်းကို တင့်တယ်သည်၊ ဆွဲဆောင်မှုရှိသည်ဟု ယူမှတ်ကြ၏။

ကိုယ်အလေးချိန်လျှော့ဖို့၊ အဆီတွေချဖို့ စနစ်တကျ စားနည်းသောက်နည်းနှင့် ပတ်သက်သည့် စာအုပ်တွေ ရာထောင်ချီပြီး ရှိ၏။ လူတော်တော်များများကလည်း အစားအသောက်ကို လေးလေးနက်နက်

mgyoe.com

mgyoe.com



ဂရုစိုက်ကြ၏။ ဆင်ခြင်ကြ၏။ သူတို့ ဘာကြောင့် အစားအသောက် ဆင်ခြင်နေကြသလဲ။ ရောဂါဘယကင်းစင်ရေးအတွက်၊ ကျန်းမာရေး အတွက် ဖြစ်မည်။ သို့ပေမဲ့ ကြည့်ပျော်ရှုပျော် ဖြစ်စေလိုသည့် ဆန္ဒလည်း ပါဝင်ပါလိမ့်မည်။ ယောက်ျားလေးတွေရော မိန်းမတွေပါ သူတို့၏ ဆံပင်ပုံစံများကို တော်တော် အလေးထား ဂရုစိုက်ကြသည်။ သူတို့၏ ဆံပင်ပုံစံများသည် သူတို့၏ ကိုယ်ရည်ကိုယ်သွေးကို အထောက်အကူ ပြုနေရမည်။ သူတို့၏ ဆံပင်ပုံစံသည် သပ်ရပ်နေရမည်။ ကြော့ကြော့ မော့မော့ဖြစ်နေရမည်။ ဖြီးလိမ်းသုတ်သင်ခြင်းမရှိသော ဆံပင်ဖိုးရိုးဖားရား ထားသူတစ်ဦးကို အမြင်တင့်တယ်သည်ဟု မယူဆကြပါ။

တချို့နိုင်ငံများတွင် လူတွေသည် အဝတ်အစားအတွက် သူတို့ဝင်ငွေ၏ ငါးပုံတစ်ပုံကို သုံးစွဲတတ်ကြ၏။ အရှက်လုံရေး၊ အပူအအေးဒဏ် ကာကွယ်ရေးအတွက် အဝတ်အစားဆိုသည်မှာ အမှန်တကယ် လိုအပ်ပါ သည်။ သို့သော် သူတို့တစ်တွေ သုံးတာဖြုန်းတာကတော့ ထိုအတိုင်း အတာကို ကျော်လွန်ခြင်းမက ကျော်လွန်နေသည်။ လူတွေက သူတို့ ကိုယ်သူတို့ ကြည့်ကောင်းစေချင်ကြသည်။ သားသားနားနား ဖြစ်စေချင် ကြသည်။ အမြင်တွင် တင့်တယ်စေချင်ကြသည်။

အဝတ်အစားများက လူတစ်ယောက်အကြောင်း အများကြီး ပြောပြ သည်ဆိုတာလည်း မှန်ပါသည်။ ညစ်ညစ်ပတ်ပတ် ပေပေရေရေနှင့် ကိုးရိုး ကားရား၊ ဖိုးရိုးဖားရား ဝတ်စားဆင်ယင်ထားသည့် အမှုထမ်းများ တာဝန် ထမ်းဆောင်သောဘဏ်တွင် သင့်လုပ်ငန်းများ လုပ်ချင်ပါမည်လား။

ယောက်ျားအများစုသည် မုတ်ဆိတ်ကျင်စွယ်များကို ရိတ်သင် လှီးဖြတ်ကြ၏။ မိန်းမအများစုသည် အလှပြင်ပစ္စည်းတွေ အသုံးပြုကြ သည်။ သူတို့အားလုံး၏ အစစ်အမှန်ကတော့ အမြင်တင့်တယ်စေလို ခြင်းသာ ဖြစ်၏။

mgyoe.com

mgyoe.com



ဒါ့အပြင် ရှိသေးသည်။ အလုပြင် ခွဲစိတ်ကုသမှုပြုခြင်း၊ ကိုယ်ခန္ဓာတွင်းမှ အဆီများကို စုပ်ထုတ်ပစ်ကြသည်။ ရင်သားအလှ၊ တင်သားအလှ၊ မျက်နှာအလှအတွက် ခွဲစိတ်ပြုပြင်ကြသည်။ ၎င်း ကုထုံးကုနည်းများမှာ ငွေကုန်ကြေးကျ များလှပါဘိ။ သို့ပေမဲ့ ထိုသို့ ပြုပြင်ကုသလိုက်သည့်အတွက် သူတို့ လှပတင့်တယ်လာသည်ဆိုလျှင် ငွေကုန်ရကျိုးနပ်သည်ဟု လူတွေက မှတ်ယူကြသည်။ သည်တော့ ကျွန်တော်တို့သည် ရုပ်ပိုင်းအလှအတွက် တော်တော်ကြီး ငွေကုန်ကြေးကျ ခံကြလေသည်။

သို့သော် သင့်စိတ်က အရုပ်ဆိုးအကျည်းတန်နေလျှင်ရော။ သင်နှင့် ဆက်ဆံရတာ ငြီးငွေ့စရာ၊ စိတ်တိုချင်စရာ၊ မနှစ်မြို့စရာ ဖြစ်နေလျှင်ရော။ သင်နှင့် စကားပြောရတာ ကြွပ်ဆတ်ဆတ်ဖြစ်နေခြင်း၊ တီထွင်ဆန်းသစ်သော စိတ်ကူးစိတ်သန်း ကင်းမဲ့နေခြင်း၊ ပျင်းစရာကောင်းနေခြင်း စသည့် ဂုဏ်သတ္တိများနှင့် ပြည့်စုံနေလျှင်ရော။

ဖြစ်ရပ်သုံးခုကို ဆင်ခြင်တွေးကြည့်ပါ။

ပထမဖြစ်ရပ်တွင် ရုပ်ပိုင်းအရ တော်တော်ချော၊ တော်တော်လှသူတစ်ဦး ရှိ၏။ သူသည် သေသေသပ်သပ်၊ သားသားနားနား ဝတ်စားဆင်ယင်တတ်သည်။ အနေအထိုင် အမူအရာလည်း ယဉ်ကျေးသိမ်မွေ့သည်။ ဘက်စုံပြည့်ဝသူ။ တော်တော်အားကျစရာ၊ မနာလိုချင်စရာကောင်းသူ။ အဲ တစ်ခုက လွဲလို့ပေါ့။ ချောချောလှလှ တင့်တင့်တယ်တယ် ထိုလူနှင့် ဆက်ဆံရတာ တော်တော်ကြီးကို ငြီးငွေ့စရာ ကောင်းနေခြင်း။ ဘယ်လောက်နမြောစရာ ကောင်းလိုက်ပါသလဲ။ ဘယ်လောက် ဝမ်းနည်းစရာ ကောင်းလိုက်ပါသလဲ။ အကယ်၍ ရုပ်အလှနှင့် ပြည့်စုံသည့် ထိုလူကို စိတ်အလှဖြင့် ဖြည့်စွက်ပေါင်းစပ်လိုက်နိုင်လျှင် ထိုသူ ဘယ်လောက်ထိ စွမ်းအားကြီးမားလာလေမည်လဲ။

ညှို့ယူဖမ်းစားနိုင်စွမ်းရှိခြင်း၊ စွဲမက်စရာကောင်းခြင်းသည် လိုလား

mgyoe.com

mgyoe.com



ချင်စရာပါ။ မက်မောချင်စရာပါ။ သို့ပေမဲ့ ကျွန်တော်တို့တစ်တွေသည် စက္ကန့်တိုင်း၊ မိနစ်တိုင်း အိပ်ရာထဲဝင်နေမည့်သူများ မဟုတ်ဘဲ၊ တစ်ခါတလေ စကားပြောကြရမည်။ ပြောဆိုဆက်ဆံရမည်။ ထိုအခါ သင့်စိတ်အနေက သင့်အား လူအများမဆက်ဆံချင်အောင် ဒုက္ခပေးပါလိမ့်မည်။

ဒုတိယဖြစ်ရပ်တွင် ရုပ်ရည်အသင့်အတင့် ချောမောသူတစ်ဦး ရှိ၏။ သို့သော် သည်ကမ္ဘာကြီးက ပြိုင်ဆိုင်မှုအားကြီးလွန်းသည့် ကမ္ဘာကြီးပေပဲ။ သင့်တော်ရုံ ချောမောလို့မရ။ ရွက်ကြမ်းရေကျို အလှလောက်ဖြင့် မလုံလောက်။ သည်တော့ ရုပ်အလှကို အပိုဆောင်းဖြည့်စွက်ပေးဖို့ တစ်ခုခု လိုအပ်လာပြီ။ သည်တော့ ဘယ်လိုအလှဖြင့် ဖြည့်စွက်မည်။ စိတ်အလှ၊ နှလုံးအလှ၊ လိပ်ပြာအလှ ဖွံ့ဖြိုးတိုးတက်လာအောင် အားထုတ်ခြင်းသည် အလွန်မတန် မှန်ကန်သင့်မြတ်သော လုပ်ရပ်ဖြစ်ပါသည်။

တတိယဖြစ်ရပ်တွင် ရုပ်ဆင်းရူပကာ လုံးဝ မချောမလှသူတစ်ဦး ရှိ၏။ ထိုသို့သော လူတစ်ဦးသည် ဘယ်လိုလုပ်ပြီး လူအများ၏ စိတ်ဝင်စားမှုကို ရယူနိုင်မည်လဲ။ ဘယ်လိုလုပ်ပြီး လူအများကို ဆွဲဆောင် ဖမ်းစားနိုင်မည်လဲ။ သူသည် ကိုယ်ကာယ ကြံ့ခိုင်တောင့်တင်းအောင် အစွမ်းကုန် အားထုတ်သည်။ သားနားသပ်ရပ်စွာ ဝတ်စားဆင်ယင်သည်။ အလှပြင်ပစ္စည်းတွေ သုံးသည်။ အလှပြင် ခွဲစိတ်ကုသမှုတွေ ပြုလုပ်သည်။ ဘယ်လောက်ပဲ ကြံဆောင်အားထုတ်သည်ဖြစ်စေ သူ့အနေအထားသည် မဆိုစလောက်ကလေးသာ တိုးတက်ဖြစ်ထွန်းလာသည်။

ရုပ်ဆင်းရူပကာ ပြုပြင်ပြောင်းလဲခြင်းသည် ရွေးချယ်ရမည့် နည်းလမ်းမဟုတ်ပါ။ တစ်ခုတည်းသောအဖြေမှာ စိတ်အလှကို ရယူပိုင်ဆိုင်နိုင်အောင် ပြုစုပျိုးထောင်ယူခြင်းသာ ဖြစ်၏။ ထိုသို့ နှလုံးလှသူတစ်ဦးသည် ရုပ်ဆင်းသွင်ပြင်အရ ဘယ်လောက်ပဲ သာမန်ဖြစ်နေပါစေ ချောမော့လှပေ့ဆိုသူများကို အမီလိုက်နိုင်ရုံမက သူတို့ထက်ပင် သာလွန်သွားပါ

mgyoe.com

mgyoe.com



လိမ့်မည်။

သည်တော့ အထက်ပါဖြစ်ရပ်သုံးမျိုးစလုံးတွင် စိတ်အလှမွေးခြင်း၏ အရေးပါအရာရောက်ခြင်းကို တွေ့မြင်ရပါမည်။ စိတ်အလှ၏ တန်ဖိုးကို သိသာ၊ မြင်သာခွင့် ရကြပါမည်။ အကယ်၍ အခြား အခြားသော သူများကလည်း သူတို့ကိုယ်သူတို့ စိတ်အလှဆင်နေကြသည်ဆိုလျှင်ရော။ သူတို့၏စိတ်တွေ လှလာသည့်အတွက် သင့်ရုပ်သွင်ဘီလူးရုပ်ပေါက်မသွားနိုင်သလိုပဲပေါ့။ သူ့အလှနှင့်သူ ကိုယ့်အလှနှင့်ကိုယ်။ ရောင်စုံပန်းခင်းကြီးထဲတွင် သင်လည်း တစ်ပွင့်အပါအဝင် ဖြစ်နေပါလိမ့်မည်။

**စိတ်အလှကို ဆောက်တည်ယူလို့ရသလား**

လူတစ်ဦးသည် မိမိစိတ်ကို လှသည်ထက်လှလာအောင် ကြိုးစားဆောက်တည်ယူလို့ ရနိုင်ပါသလား။ ဤမေးခွန်းအတွက် အဖြေမှာ ကျိန်းသေရနိုင်သည်ဟူ၍ ဖြစ်၏။ ဤအဖြေကို ကြားရတော့ မြောက်မြားစွာသောလူတွေ တအံ့တသြ ဖြစ်ကုန်ကြပါလိမ့်မည်။ ဘာ့ကြောင့်ဆိုမှားယွင်းသော ယုံကြည်ချက်နှစ်မျိုးကြောင့် ဖြစ်ပါသည်။

ဉာဏ်ရည်သည် စဉ်းစားတွေးခေါ်ခြင်းနှင့် အတူတူပင် ဖြစ်သည်ဟု ယုံကြည်လက်ခံထားသူတွေ ဤကမ္ဘာပေါ်တွင် အများကြီး ရှိ၏။ ဤယုံကြည်ချက်သည် လုံးဝဥဿုံ မှား၏။ ကျွန်တော်သည် စဉ်းစားတွေးခေါ်ခြင်း လောကတွင် နှစ်ပေါင်းသုံးဆယ်ကျော် ကျင်လည်ခဲ့၏။ ၎င်းနှစ်ပေါင်းသုံးဆယ်ကျော် အတွေ့အကြုံများပေါ် အခြေပြုပြီး ဤကောက်ချက်ကို ဆွဲခဲ့ခြင်းဖြစ်၏။ ကျွန်တော် တွေ့ဖူးကြုံဖူးသူတွေထဲတွင် ဉာဏ်ရည် အလွန်ထက်မြက်ပြီး အတွေးအခေါ်ညံ့နေသူတွေ အများကြီး။

mgyoe.com

mgyoe.com



မိမိတို့ အထူးပြုရွေးချယ်လိုက်စားသော ဘာသာရပ်အကြောင်းကလွဲပြီး ထူးထူးခြားခြား အတွေးအခေါ် ကောင်းလှချေရဲ့ဟု ပြောလို့မရသည့် နိုဘယ်လ်ဆုရှင်များနှင့်လည်း ကျွန်တော် တွေ့ဖူးသည်။ တစ်ချိန်တည်းတွင် အတွေးအခေါ် သူမတူအောင် ကောင်းသည့် ရိုးရိုးအေးအေး သာမန်လူတော်တော်များများကိုလည်း တွေ့ခဲ့ဖူး၏။

ပြောရမည်ဆိုလျှင် စဉ်းစားတွေးခေါ်ခြင်းနှင့် ဉာဏ်ရည်အကြား ဆက်နွယ်မှုသည် မော်တော်ကားတစ်စီးနှင့် ယာဉ်မောင်းသူအကြား ဆက်နွယ်မှုနှင့် အလားသဏ္ဌာန် တူ၏။ ဉာဏ်ရည်သည် မော်တော်ကား တစ်စီး၏ မြင်းကောင်ရေ (စက်အား) နှင့် တူ၏။ ဉာဏ်ရည်သည် စိတ်၏စွမ်းအင် ဖြစ်၏။ သို့သော် မော်တော်ကားတစ်စီး၏ စွမ်းဆောင်မှုသည် အင်ဂျင်စက်အား တစ်မျိုးတည်းပေါ်တွင် မူတည်မနေပါ။ အဓိက စကားပြောသည်မှာ ယာဉ်မောင်းဖြစ်သူ၏ ကျွမ်းကျင်လိမ္မာမှုပါတည်း။

ဉာဏ်ရည်သည် စိတ်စွမ်းအင်ဖြစ်ပြီး စဉ်းစားတွေးခေါ်ခြင်းက တော့ ကျွမ်းကျင်လိမ္မာမှုဖြစ်၏။ ၎င်းကျွမ်းကျင်လိမ္မာမှုကို စိတ်၏ စွမ်းအင်နှင့် ပေါင်းစပ်အသုံးချရပါသည်။ အင်ဂျင်စက်,အား အလွန်ကောင်းသည့် ကားတစ်စီးကို ခပ်ညံ့ညံ့ယာဉ်မောင်းတစ်ဦးက မောင်းလျှင် ၎င်း မော်တော်ကား၏ စွမ်းဆောင်မှုသည် ခပ်ညံ့ညံ့ဖြစ်နေပါမည်။ ထို့အတူ ကျွမ်းကျင်လိမ္မာသော ယာဉ်မောင်းတစ်ဦးမောင်းသည့် မော်တော်ကား တစ်စီးသည် စက်အားနည်းသော်လည်း လှလှပပကြီး စွမ်းဆောင်ပြနိုင် ပါလိမ့်မည်။

ကဲ ခုတော့ ယုံကြည်ချက်တွေအကြောင်း ရောက်လာပါပြီ။ အထက်တန်းကျောင်း၊ ကောလိပ်ကျောင်းနှင့် တက္ကသိုလ်များတွင် ပညာ သင်ယူခြင်းအားဖြင့် လူတစ်ဦး၏ စိတ်အလှဖြစ်ထွန်းလာသည်ဟူသော ယုံကြည်ချက်တစ်ခု ရှိနေသည်။ သည်တော့ သင်သည် အဆင့်မြင့်

mgyoe.com

mgyoe.com



ပညာရေးကို သင်ယူခဲ့လျှင် သင့်တွင် စိတ်အလုရှိနေပြီပေါ့။ သင်သည် နှစ်လိုဖွယ်ကောင်းသူတစ်ဦး ဖြစ်လာပြီပေါ့။ ဘယ်လိုအကြောင်းကိစ္စမျိုးမှ အမှန်တရားနှင့် ကင်းကွာနေလို့ မရနိုင်ပါ။

တက္ကသိုလ်များသည် ငြင်းခုံဆွေးနွေးခြင်းနှင့် စိတ်ဖြာစိစစ်ခြင်း အလေ့အကျင့်များကို ပျိုးထောင်ပေး၏။ စင်စစ် ၎င်းအလေ့အကျင့်များသည် အသုံးတည့်သော အလေ့အကျင့်များဖြစ်ပါသည်။ မော်တော်ကားတစ်စီး၏ လက်ဝဲဘက်ဘီးသည် မရှိမဖြစ် အရေးပါအရာရောက်၏။ သို့သော် လက်ဝဲဘက်ဘီးတစ်လုံးတည်းဖြင့် ပြည့်စုံလုံလောက်မှု မရှိပါချေ။ လက်တွေ့ဘဝတွင် စဉ်းစားတွေးခေါ်မှုဆိုင်ရာ အမှားများ၏ ကိုးဆယ်ရာခိုင်နှုန်းသည် အာရုံသိမှုဆိုင်ရာ အမှားများဖြစ်၏။ ယုတ္တိဗေဒဆိုင်ရာ အမှားဟူ၍ အလွန်နည်းပါသည်။ ကျွန်တော်တို့ နေ့စဉ် ကျင်လည်နေသည့် လက်တွေ့ဘဝတွင် စိတ်ဖြာစိစစ်မှု တစ်ခုတည်းဖြင့် မလုံလောက်ပါ။

လောကတွင် အပြုသဘောဆောင်ခြင်းဆိုတာလည်း လိုအပ်၏။ တန်ဖိုးတစ်ခု ဖန်တီးဖို့ သင့်အနေဖြင့် အကြောင်းကိစ္စများကို ပေါင်းစပ်ပစ်ဖို့ လိုအပ်၏။ သင့်အနေဖြင့် အတိတ်ဖြစ်ရပ်များကို စိတ်ဖြာစိစစ်လို့ရ၏။ သို့သော် အနာဂတ်ဘဝအတွက်မူ ပုံစံချ စီမံရပါမည်။

ဆန်းသစ်တီထွင်သော စဉ်းစားတွေးခေါ်ခြင်းကို လက်တွေ့ဘဝတွင် လိုအပ်၏။ သို့သော် တီထွင်တွေးကို တက္ကသိုလ်ကျောင်းများတွင် သင်ကြားပို့ချမပေးပါ။ စံပြုအခြေအနေများကို အသိအမှတ်ပြုခြင်းနှင့် စံပြုအဖြေများ ဖော်ဆောင်ထားခြင်းသည် စဉ်းစားတွေးခေါ်မှု၏ အဖိုးတန်သော အစိတ်အပိုင်းဖြစ်၏။ သို့သော် သည်မျှလောက်ဖြင့် မပြည့်စုံမလုံလောက်ပါ။ အကဲဖြတ်မှုသည် ပြည့်စုံလုံလောက်ခြင်းမရှိ။

အဆင့်မြင့်ပညာတွေ တတ်မြောက်ရုံမျှဖြင့်တော့ သင့်မှာ လုပ

mgyoe.com

mgyoe.com



သော နှလုံးသားတစ်ခု ရမလာနိုင်ပါ။ သင်သည် မလိုအပ်သော ခက်ခဲနက်နဲမှုများကို အစွဲကြီး စွဲနေနိုင်၏။ ခက်ခဲနက်နဲမှုများကို မလိုအပ်ဘဲ နှစ်သက်မြတ်နိုးမှု လွန်ကဲနေနိုင်၏။ ထို့အတူ ငြင်းရခုံရ၊ စောဒကတက်ရခြင်းကို အရသာတွေ့ပြီး နေနိုင်၏။ တကယ်တော့ ငြင်းခုံခြင်း၊ စောဒကတက်ခြင်းဆိုသည်မှာ အလွန်ရှေးကျပြီး အကြမ်းထည်မျှသာ ရှိသော တွေးခေါ်မှုပုံစံတစ်ရပ် ဖြစ်ပေသည်။ ထိုတွေးခေါ်မှုပုံစံထက် အပြိုင်တွေးခေါ်ခြင်း (parallel thinking) နည်းစနစ်က ပိုပြီး ထိရောက်ပါသည်။

သည်တော့ ...

သင်သည် အဆင့်မြင့်ပညာတွေ သင်ယူတတ်မြောက်ထားသည့်တိုင် လှသော နှလုံးသား၊ သို့မဟုတ် လှသောစိတ်ကို ရယူပိုင်ဆိုင်ထားဖို့တော့ လိုအပ်၏။ သင်သည် အဆင့်မြင့်ပညာတွေ သင်ယူတတ်မြောက်ထားခြင်း မရှိသည့်တိုင် စိတ်အလှကလေးကိုတော့ ပိုင်ဆိုင်နိုင်၏။ စိတ်အလှတစ်ရပ်ရှိလာအောင် ဆောက်တည်ပျိုးထောင်ယူလို့လည်း ရ၏။ ထိုသို့မဟုတ်ဘဲ သင့်မှာ နှလုံးလှလှ၊ သို့မဟုတ် စိတ်အလှတစ်ရပ်ရှိနေပြီးသားဟု ပြောနိုင်ပါသလား။ သို့ဆိုလျှင် စိတ်လှခြင်းဆိုသည်မှာ မည်သို့သော ဂုဏ်အင်္ဂါရပ်များ ရှိဖို့လိုကြောင်းတော့ သင်သိထားဖို့လို၏။ သို့မှ သင့်တွင် ထိုဂုဏ်အင်္ဂါရပ်များ ရှိ မရှိ စစ်ဆေးကြည့်လို့ရပါမည်။ မိမိကိုယ်မိမိ ကျေနပ်အားရနေခြင်းနှင့် ဝင့်ဝါမော်ကြွားခြင်းသည် စိတ်ထားသေးသိမ်ခြင်းနှင့် စိတ်ထားကျဉ်းမြောင်းခြင်း၏ လက္ခဏာများ ဖြစ်ပါသည်။

သင်သည် နှစ်လိုဖွယ်ကောင်းသူတစ်ဦး မဟုတ်တော့ရော ဘာဖြစ်သေးလဲ၊ သို့မဟုတ် စိတ်အလှမရှိတော့ရော ဘာဖြစ်သေးလဲဟု ဆင်ခြေကန်မည်ဆိုလျှင်လည်း ရ၏။ သို့ဆိုလျှင် သင်သည် ဆောက်တည်

mgyoe.com

mgyoe.com



မွေးမြူယူလို့ရသည့် အလွန်အသုံးကျသည့် အရည်အချင်းတစ်ရပ်ကို ငြင်းပယ်နေရာရောက်၏။ ပြီးတော့ သင့်ကိုယ်သင်ရော အခြားသူများ အတွက်ပါ နှစ်လိုဖွယ်ကောင်းသူတစ်ဦး ဖြစ်လာရေးကို စွန့်ပစ်ငြင်းပယ် ရာ ရောက်ပါသည်။

သင်သည် လှပသော နှလုံးသားတစ်ခု ဖြစ်ထွန်းလာအောင် ဆောက်တည် မွေးမြူယူလို့မရဟု သင်ယုံမှတ်နေလျှင်တော့ သင့်ယုံ ကြည်ချက် မှားနေပြီဟု ပြောပါရစေ။ ဘာ့ကြောင့်ဆို နှစ်လိုဖွယ်ကောင်း သူတစ်ဦး ဖြစ်လာအောင် သင့်ကိုယ်သင် ဆောက်တည်ယူလို့ ရနိုင်သော ကြောင့်၊ မွေးမြူယူလို့ ရနိုင်သောကြောင့်ပါ။

တစ်ခုပဲရှိသည်။ သင့်မှာ နှလုံးလှလှရှိနေဖို့ သင်ကိုယ်တိုင် ဆန္ဒ ရှိပြီး ဆောက်တည်မွေးမြူနည်းများကို လေ့လာဖို့နှင့် လေ့ကျင့်ဖို့ဆန္ဒ ရှိနေရန်သာ အရေးကြီးပါသည်။

❒

mgyoe.com

mgyoe.com

အခန်း (၁)

# သဘောတူကြောင်း ဘယ်လိုပြောမည်လဲ

သင့်တွင် ခင်မင်နှစ်လိုဖွယ်ကောင်းသော စိတ်အလှတစ်ရပ် ရှိစေလိုသည်ဆိုလျှင် သင်စကားပြောနေသူနှင့် သဘောတူလက်ခံလို့ရမည့် အချက်များကို ရှာကြည့်ရပါမည်။ ထိုသို့ ရှာကြည့်ရာ၌ သင်သဘောရိုးဖြင့် အမှန်တကယ် လက်ခံနိုင်သော အချက်များသာ ဖြစ်ရပါမည်။ မြှောက်ထိုးပင့်ကော် သို့မဟုတ် မျက်နှာလိုအားရ လက်ခံသောအချက်များ မဖြစ်ရပါ။

ပြောသာပြောရသည် ထိုသို့ စစ်မှန်သော သဘောတူချက်များ ရှာဖွေဖို့ဆိုသည်မှာ ဤလုပ်ငန်းစဉ်တွင် အခက်ခဲဆုံးအပိုင်း ဖြစ်၏။

ဘာကြောင့် အလွန်ခက်ခဲနေပါသလဲ။ အဘယ်ကြောင့်ဆိုသော် သင်၏ သဘောတူလက်ခံမှုသည် အပေါ်ယံ ဟန်ဆောင်ပန်ဆောင် သဘောတူမှုမျိုး မဟုတ်ရသောကြောင့် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သဘောတူလက်ခံမှုကို ရှာဖွေဖို့ စိတ်ဓာတ်သွင်းရခြင်းသည် လူများစု၏ သဘာဝ စိတ်တိမ်းညွတ်မှုနှင့် ဖီလာဆန့်ကျင် ဖြစ်နေသောကြောင့်ဖြစ်၏။

mgyoe.com

mgyoe.com


ကျွန်တော်တို့ အစွန်းနှစ်ဖက်ကို လေ့လာကြည့်လို့ ရ၏။ သဘောတူလက်ခံကြောင်း ပြောသည့် အစွန်းတစ်ဖက်တွင်

... ခင်ဗျားပြောတာ သိပ်မှန်တာပဲဗျာ။

... ခင်ဗျားပြောသမျှ အစစအရာရာကို ကျွန်တော် သဘောတူတယ်။

... ခင်ဗျားပြောသွားတာတွေ အားလုံးကို ကျွန်တော် အလုံးစုံလက်ခံတယ်။

... ခင်ဗျားပြောတာ အကြွင်းမဲ့ မှန်တယ်ဗျို့။

... ကျုပ်ကတော့ ခင်ဗျားတင်ပြချက်ကို ရာနှုန်းပြည့် သဘောတူတယ်ဗျို့။

သင်သည် အရာခပ်သိမ်းကို သဘောတူ လက်ခံနေမှတော့ သင်တို့နှစ်ယောက်အကြား ဆွေးနွေးစရာ ဘာရှိတော့မည်လဲ။ စကားလက်ဆုံကျစရာ အကြောင်းအချက် သိပ်များများ ရှိမည်မဟုတ်တော့။ ထိုနည်းတူစွာပင် သင်တို့ တစ်ဦးနှင့်တစ်ဦး အတွေးအမြင်ချင်း ဖလှယ်စရာ အချက်အလက်ရယ်လို့ ရှိတော့မည်မဟုတ်။ သည်တော့ တစ်ဖက်လူပြောသမျှကို သင်က ခေါင်းတညိတ်ညိတ်ညိတ်ပြီး တစ်ဖက်လူက ဟောပြော 'ပို့ချ' နေသည်ကို သင်က နာယူမှတ်သားနေသည့်ပုံစံပဲ ဖြစ်နေတော့မည်။ သင်တို့နှစ်ယောက်ကို ကြည့်ရတာ အဆင်ပြေပါသည်။ စိတ်ချမ်းသာစရာကောင်းပါသည်။ ဘာအဖုအထစ်မျှမရှိ။ ဘာအငြင်းအခုံမျှမရှိ။ တစ်ခုတော့ရှိသည်။ သင်တို့နှစ်ယောက်၏ စကားဝိုင်းတွင် တစ်ဖက်လူက ပြောသူသက်သက်၊ သင်က နားထောင်သူသက်သက်။ သည်စကားဝိုင်းတွင် သင့်အခန်းကဏ္ဍက မှေးမှိန်လွန်းသည်။ သင်၏ အကြံပြုချက်၊ ပါဝင်ဆွေးနွေးချက်ရယ်လို့ မရှိတော့။

သည်လို ပုတ်သင်ညိုအဖြစ်ကို မခံယူလိုသည့်အတွက် တစ်ဖက်

mgyoe.com

mgyoe.com


လူ၏ တင်ပြချက်များကို လက်မခံ၊ သဘောမတူဘဲ ငြင်းခုံတော့မည် ဆိုပါစို့။ ထိုအခါ ဤအစွန်းတစ်ဖက်ကို ရှောင်ရတော့မည်။ ၎င်းအစွန်း တစ်ဖက်တွင်တော့ ...

... ဟုတ်ကဲ့၊ ဒါပေမဲ့...။

... ဒါတော့ ကျုပ် လုံးဝသဘောမတူဘူး။

... အဲဒီနေရာမှာ ခင်ဗျားမှားနေပြီ။

... အဲဒါကတော့ ခင်ဗျားပြောသလို မဟုတ်ဘူးနော။

သည်စကားမျိုးတွေကတော့ တစ်ဖက်လူပြောသရွေ့ကို သဘောမတူ လက်မခံဘဲ ဘူးခံငြင်းသူတစ်ဦး ပြောတတ်သည့် စကားမျိုး။ သည်လူစားတွေက အငြင်းသန်သည့် လူစားတွေ။ တစ်ဖက်သား၏ စကားကို သဘောမတူ လက်မခံကြောင်း ငြင်းခုံပြီး မိမိ၏ကြီးမြတ်မှု၊ သာလွန်မှုကို ပြချင်ကြသူတွေ။

သည်လို ပြုကျင့်တတ်သူများသည် များသောအားဖြင့် ပညာရှင်တွေ၊ အဆင့်မြင့်ပညာ သင်ယူထားသူတွေ ဖြစ်လေ့ရှိ၏။ အဘယ်ကြောင့်ဆိုသော် ထိုသို့ ငြင်းခုံဖို့၊ ပယ်ချဖို့ သူတို့ကို အားပေးအားမြှောက် လုပ်ပေးထားသောကြောင့်ပင်။ ဤစိတ်မျိုးသည် တစ်ဖက်လူအား တော်တော်ကြီး စိတ်ကသိကအောက် ဖြစ်စေ၏။ ဤစိတ်မျိုးကို လှပသောစိတ်၊ နှစ်လိုဖွယ်ကောင်းသောစိတ်ဟူ၍ သတ်မှတ်ဖို့ အလွန်ခက်ပါသည်။

သည်တော့ သင်သည် ခင်မင်နှစ်လိုဖွယ်ကောင်းသူတစ်ဦး ဖြစ်လိုလျှင်...

သင့်အနေဖြင့် အထက်ဖော်ပြပါ အစွန်းနှစ်ဖက်ကို ရှောင်ရမည်။ ထိုအစွန်းနှစ်ဖက်၏အကြား တစ်နေရာရာတွင် ရှိနေရပါမည်။ သင့်အနေဖြင့် တစ်ဖက်လူပြောသရွေ့ အစစအရာရာတိုင်းကို သဘောတူ ခေါင်းညိတ်နေဖို့မလို။ ထိုနည်းတူစွာပင် ပြောသရွေ့ အရာရာတိုင်းကို ပစ်ပယ်

mgyoe.com

mgyoe.com


ငြင်းခုံနေလို့လည်း မဖြစ်ပါ။

ဤအချက်သည် အတ္တတရားနှင့် များစွာ သက်ဆိုင်နေ၏။ ငြင်းခုံမှုတစ်ရပ်သည် အတ္တမာနများအကြား ဆင်နွှဲသည့် တိုက်ပွဲတစ်ပွဲနှင့် တူပါသည်။ သင်က သဘောတူ လက်ခံလိုက်လျှင် သင့်ဘက်က အညံ့ခံ အရှုံးပေးလိုက်ရရောက်၏။ သည်တော့ သင်ရှုံးပြီ။ သင်က သဘောမတူ လက်မခံဘူးဆိုလျှင် သင်၏ အတ္တမာနကို တင်းတင်းမာမာ ပြတ်ပြတ်သားသား ထိန်းထားရရောက်၏။ သည်အပြုအမူက သင်သည် တစ်ဖက်လူထက် သာလွန်ကြောင်း ပြသရရောက်၏။

ဤအလေ့အကျင့် အပြုအမူများအားလုံးနှင့် ငြင်းခုံခြင်းကို ဝါသနာထုံအောင် အားပေးအားမြှောက်ပြုခဲ့သည်မှာ ကျောင်းများတွင် ကျင်းပလေ့ရှိသည့် စကားရည်လုပွဲများပင်တည်း။ ထို့အတူ လူ့အဖွဲ့အစည်းအတွင်းတွင် လည်းကောင်း၊ အစိုးရအဖွဲ့အစည်းများအတွင်းတွင် လည်းကောင်း၊ တရားရုံးတော်များအတွင်းတွင် လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလောကအတွင်းတွင် လည်းကောင်း ဝေဖန်ခြင်း၊ ငြင်းခုံခြင်း၊ စောဒကတက်ခြင်း အမှုများ ပြုလေ့ပြုထရှိကြ၏။ ဤအလေ့အထအားလုံးက ငြင်းခုံခြင်းကို နှစ်ခြိုက်စွဲမက်လာအောင် အားဖြည့်ပေးပါသည်။

နိုင်ငံရေးလောကတွင် အာဏာရပါတီပြောသမျှ၊ ဆောင်ရွက်သမျှအားလုံးကို အတိုက်အခံပါတီက ငြင်းပယ်ဖို့၊ ပယ်ချဖို့ အခွင့်အရေးကိုပဲ ချောင်းကြ၏။ အာဏာရပါတီလုပ်သမျှ မကောင်းပြောကြ၏။ ထို့အတူ အာဏာရပါတီကလည်း ပြန်လှန်ဝေဖန်တိုက်ခိုက်၏။ ပုတ်ခတ် အပြစ်ပြော၏။ ဤအပြုအမူမျိုးသည် အလွန်မတန် ပေါကြောင်မိုက်မဲသော အပြုအမူဖြစ်သည်ဟု ယခုခေတ်လူများစုက သိမြင် သဘောပေါက်လာပါပြီ။

mgyoe.com

mgyoe.com


သင်သည် အချေအတင် ငြင်းခုံပွဲတစ်ခု ပေါ်ပေါက်လာတိုင်း သင်ပဲ အမြဲအနိုင်ရဖို့ ဇွတ်ကြိုးစားသည်ဆိုလျှင် မုန့်လုံးစက္ကူကပ်သလို ချာလပတ်လည်နေခြင်းဖြင့်သာ ကြုံပါလိမ့်မည်။ တစ်ခုပဲရှိသည်။ သင်၏ အငြင်းအခုံ အရည်အသွေးတော့ တက်လာမည်ဖြစ်၏။

အငြင်းအခုံတစ်ခုတွင် သင် ရှုံးသွားသောအခါ ပြဿနာတစ်ရပ်အတွက် ရှုထောင့်အသစ်တစ်ခု၊ အတွေးအမြင်အသစ်တစ်ခုကို သင်ရကောင်းရလာနိုင်၏။ ကိုယ့်ဘက်က အမြဲမှန်နေဖို့ လိုသည်ဆိုသည့် အချက်သည် ဤကမ္ဘာလောကကြီးပေါ်တွင် အရေးပါအရာရောက်ဆုံး အချက် မဟုတ်ပါချေ။ ပြီးတော့ ဤအယူအဆသည် အလွန်ဖတန်လှပသည့် အယူအဆ မဟုတ်တာလည်း သေချာပါသည်။

ဆွေးနွေးခြင်းသည် အတ္တမာနများ အပြိုင်နွှဲသည့် တိုက်ပွဲတစ်ခု မဖြစ်သင့်ပါ။ ပြဿနာတစ်ရပ်အတွက် အဖြေရှာဖို့ ရိုးသားစစ်မှန်သော အားထုတ်မှုတစ်ရပ်သာ ဖြစ်သင့်ပါသည်။

## ကြောင်းကျိုးဆက်စပ်မှု ပူဖောင်း

ကျွန်တော်ရေးသားပြုစုသည့် ယခင်စာအုပ်တစ်အုပ်ထဲတွင် ***ကြောင်းကျိုးဆက်စပ်မှု ပူဖောင်း*** ဆိုသော အသုံးအနှုန်းတစ်ခု တီထွင်ခဲ့၏။ လူတစ်ဦး၏ တစ်စုံတစ်ခု ပြုမူသည်။ သို့မဟုတ် ပြောဆိုသည်။ သူ့အပြုအမူကို သင်က မနှစ်မြို့။ သို့မဟုတ် သူပြောဆိုချက်ကို သင်က သဘောမတူ၊ လက်မခံနိုင်။ ထိုအခါ သင့်အနေဖြင့် ထိုလူကို မိုက်မဲသူ၊ အသိပညာ ခေါင်းပါးသူ သို့မဟုတ် ယုတ်မာကောက်ကျစ်သူ စသည်ဖြင့် တံဆိပ်ခတ်ပစ်လိုက်လို့ ရ၏။

သို့ပေမဲ့ ထိုသူ သို့မဟုတ် သူမသည် သူ၏ ***ကြောင်းကျိုးဆက်စပ်မှု ပူဖောင်း*** အတွင်းမှ အမှန်တကယ် အကျိုးသင့်အကြောင်းသင့် ပြုမူပြောဆို

mgyoe.com

mgyoe.com


နေတာ ဖြစ်နိုင်၏။ အဆိုပါ ပူဖောင်းသည် ထိုလူ၏ အာရုံသိများ၊ တန်ဖိုးများ၊ လိုအပ်ချက်များနှင့် အတွေ့အကြုံများဖြင့် ဖွဲ့စည်းထားသည်။ သင်ကသာ အမှန်တကယ် အားထုတ်မည်ဆိုလျှင် အဆိုပါ **ကြောင်းကျိုးဆက်စပ်မှု ပူဖောင်း** အတွင်းသို့ ဝင်ရောက်ကြည့်မြင်လို့ရ၏။ တစ်နည်းဆိုသော် ထိုလူ ဘယ်ကလာသလဲဆိုတာ လေ့လာလို့ရ၏။ ထိုအခါ ထိုလူ၏ အခြေအနေ သို့မဟုတ် ထိုလူ၏ သဘောထားကို အကဲခတ်လို့ရ၏။

စာသင်ကျောင်းတွင် သင်ကြားပို့ချခဲ့သည့် စဉ်းစားတွေးခေါ်မှု အစီအစဉ် (CoRT program) တွင် အာရုံစိုက်မှုကို ထိန်းကျောင်းပေးသည့် နည်းလမ်းများ ပါဝင်သည်။ ၎င်းနည်းလမ်းများက အသိအမြင်များ ကျယ်ပြန့်လာစေ၏။ သည်တော့ စဉ်းစားတွေးခေါ်သူသည် အကြောင်းကိစ္စတစ်ရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ရှုမြင် သုံးသပ်လို့ရသည်။ နောက်ပြီး ထိုအတိုင်း အရေးယူ ဆောင်ရွက်လို့ရသည်။ ၎င်း နည်းလမ်းများမှာ လားရာအရပ် ညွှန်ကြားချက်အဖြစ် အသုံးပြုသည့် အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့နှင့် ဆင်တူသည်။

၎င်းနည်းလမ်းတွေထဲမှ တစ်ခုမှာ အခြားသူ၏ ရှုထောင့်မှကြည့်ဖို့ အားပေးသည်။ အခြားသူ၏ ရှုထောင့်မှ ကြည့်နည်းကို သင်ယူ ဆည်းပူးထားသောအခါ တစ်ဦးကိုတစ်ဦး သဲကြီးမဲကြီး တိုက်ခိုက်နေသည့် တိုက်ပွဲတွေ ရုတ်တရက် ရပ်တန့်သွားသည့် သာဓကတွေ မြောက်မြားစွာ ရှိပါသည်။ အခြားသူ၏ ရှုထောင့်မှ ဝင်ကြည့်ခြင်းသည် အခြားသူ၏ ကြောင်းကျိုးဆက်စပ်မှု ပူဖောင်းထဲ ဝင်ကြည့်သည်သို့ ရှိလေသည်။

mgyoe.com

**ထူးခြားအခြေအနေများ**

သဘောထားကွဲမှုအဖြစ်မှ သဘောတူညီမှုအဖြစ်သို့ ပြောင်းလဲစေသည့် အဓိကနည်းသည် ဤနည်းဖြစ်၏။

သင် ချက်ချင်းထပြီး ဆန့်ကျင်ကန့်ကွက်မည့် ပြောဆိုချက်ကစ်ခုကို တစ်စုံတစ်ဦးက ပြောဆိုသည်။

*မိန်းမများသည် ဘိုးတော်များနှင့် ဗေဒင်ဆရာများကို ယောက်ျားများထက် ပိုပြီး ယုံကြည်အားထားကြသည်။*

သင့်ခေါင်းထဲ ချက်ချင်းပေါ်လာသည့် တုံ့ပြန်မှုမှာ ဤပြောဆိုချက် မမှန်ပဲ၍ ဖြစ်၏။

မိန်းမများသည် ဗေဒင်ဆရာများကို ယုံကြည်အားကိုးတာ ဟုတ်ချင်မှ ဟုတ်မှာပေါ့။ ဗေဒင်ဆရာများကို ယုံကြည်အားကိုးခြင်း မဟုတ်သည့်တိုင် သူတို့သည် ဗေဒင်ဆရာများ၏ ဟောကြားချက်များကို စိတ်ပြေလက်ပျောက်အဖြစ် နားထောင်ကြတာလည်း ဖြစ်နိုင်တာပဲ။ တစ်နည်းတစ်ဖုံအားဖြင့် ငြီးငွေ့စရာကောင်းသည့် ဘဝများမှာ ကျင်လည်နေရသည့် မိန်းမသားများအနေဖြင့် ဗေဒင်ဆရာများ ဟောကိန်းထုတ်သော ဖြစ်ရပ်အသစ်အဆန်းများကို နားထောင်ပြီး ကြည်နူးချင် ကြည်နူးနေကြမှာပေါ့။

ဟိုတုန်းကဆိုလျှင် မိန်းမသားများသည် သူတို့ဘဝသူတို့ မပိုင်ကြ။ သူတို့ဘဝသူတို့ ထိန်းချုပ်ခွင့်အပြည့်အဝမရကြ။ သည်တော့ သူတို့ဘဝတွင် ဘာတွေ အသစ်အဆန်းဖြစ်လာမည်လဲဆိုတာလောက်ပဲ ငံ့မျှော်နေကြရသည်။ သူတို့မှာ နိုင်ငံရေးအာဏာမရှိ။ စစ်ရေးအာဏာလည်းမရှိ။ သည်တော့ သူတို့ အားကိုးအားထားပြုရမည့် အာဏာကို ရှာရတော့၏။ သူတို့ ရှာလို့ရသည့်အာဏာမှာ ဂမ္ဘီရပညာ သို့မဟုတ် လျှို့ဝှက်ဆန်းကြယ်သော လောကီပညာမှရသည့် အာဏာပင်တည်း။ ဆိုလိုသည်မှာ

mgyoe.com

mgyoe.com


သူတို့သည် မှော်ပညာ၊ စုန်း၊ ကဝေအတတ်တို့ကို ဖော်ဆောင်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းပညာများက တန်ခိုးအာဏာများ ပေးအပ်သောကြောင့်ပင်။ ဟယ်ရီပေါ်တာစာအုပ်တွေ ရောင်းကောင်းနေခြင်းမှာ သည်အကြောင်းကြောင့်ပဲ မဟုတ်ပါလား။ တကယ့် တန်ခိုးအာဏာမရှိသည့် ကလေးသူငယ်များသည် ဂါထာတွေ၊ မန္တန်တွေ ရွတ်ပြီး ပဥ္စလက်ဆန်ဆန် တန်ခိုးအာဏာပြသည့် ဇာတ်ကွက်များကို နှစ်ခြိုက်မက်မောကြပါသည်။

အထက်ဖော်ပြပါ အနေအထားအားလုံးသည် ထူးခြားအခြေအနေများ ဖြစ်၏။ ၎င်းအခြေအနေများကြောင့် တချို့မိန်းမများသည် ဘိုးတော်များ၊ ဂမ္ဘီရပညာရှင်များအား ယုံကြည်ကိုးစား စိတ်ဝင်စားရာ၌ ယောကျ်ားတွေထက် ပိုကဲ ပိုသဲနေခြင်းဖြစ်ကြောင်း သင်သဘောတူမည် ထင်ပါသည်။

*လူငယ်လူရွယ်များ၏ အိမ်ထောင်ရေးကို လူကြီးသူမများက စီစဉ်ပေးစားတာ သင့်မြတ်လျော်ကန်သည်* ဟု တစ်စုံတစ်ဦးက ပြောသည်။ သင်၏ ချက်ချင်းလက်ငင်း တုံ့ပြန်ချက်မှာ ထိုအဆိုကို ပယ်ချဖို့ဖြစ်၏။ သူ့တင်ပြချက်ကို သင်သဘောမတူ။ ဘယ်သဘောတူပါမည်လဲ။ သင်က အသည်းနှင့်အောင် ချစ်ရခြင်း၊ ကိုယ့်ချစ်သူကိုသာ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခြင်းဆိုတာတွေကို ယုံကြည်သူပဲ။

ထို့နောက် ထူးခြားအခြေအနေအချို့ကို သင် စဉ်းစားမိသည်။ တသီးတခြား ဝေးလံခေါင်ဖျား အသိုက်အဝန်းများတွင် သင့်မြတ်လျော်ကန်သော သတို့သားလောင်း၊ သတို့သမီးလောင်းနှင့် တွေ့ဆုံဖို့ အခွင့်အလမ်းမှာ တော်တော်နည်းလှသည်။ ဆွေမျိုးတွေ၊ အောင်သွယ်တော်တွေကသာ သင်နှင့် သင့်တင့်လျောက်ပတ်မည့် အိမ်ထောင်ဖက်ကို တွေ့ဖို့ အလားအလာ ပိုများပါသည်။

"အနောက်တိုင်းမှာဆိုရင် ရှင်တို့က ဇာတ်လမ်းကို အချစ်နဲ့ စကြ

mgyoe.com

mgyoe.com


တယ်၊ နေဝင်ဆည်းဆာအချိန်မှာ ကြည်နူးဆွတ်ပျံ့စရာ တယောသံကလေးနဲ့ပေါ့၊ အဲဒီနောက်မှာတော့ ရှင်တို့ရဲ့ဇာတ်လမ်းက အရှိန်ကျပြီးရင်း ဆက်ကျသွားတော့တာပဲ။ ကျွန်မတို့ကျတော့ ကြားနေအဆင့်ကနေ ဇာတ်လမ်းစကြတယ်၊ အဲဒီနောက်မှာတော့ ကျွန်မတို့ စတင်ပြီး တစ်ဦးကို တစ်ဦး အပ်နှင်းကြတယ်၊ အဲဒီနည်းနဲ့ ကျွန်မတို့ရဲ့ ဆက်ဆံရေး ခိုင်မာမြဲမြံလာအောင် အားထုတ်ကြတယ်၊ ကျွန်မတို့မှာ ကြိုးစားအားထုတ်မှု ရှိတယ်လေ"

ဤကား ကိုလံဘီယာတက္ကသိုလ်နှင့် ယေးလ်တက္ကသိုလ် ကျောင်းထွက် စီးပွားရေးလုပ်ငန်းရှင် အိန္ဒိယအမျိုးသမီးတစ်ဦးက ကျွန်တော့်အား ပြောပြခဲ့သော စကားဖြစ်၏။

သည်တော့ နောက်ထပ် ထူးခြားအခြေအနေတစ်ရပ်ကို တင်ပြပါဦးမည်။ ယောက်ျားကလေးရော မိန်းကလေးပါ ယဉ်ကျေးမှု ဓလေ့ထုံးစံတစ်မျိုးတည်းတွင် ကျင်လည်နေထိုင်ခဲ့ကြသည် ဆိုပါစို့။ ထိုအခါ ယောက်ျားကလေးကရော မိန်းကလေးကပါ စပ်ဟပ်ပေးစားသည့် အိမ်ထောင်ရေးကို မျှော်လင့်မိကြတော့၏။

သည်နေရာတွင် သင့်အနေဖြင့် စပ်ဟပ်ပေးစားသည့် အိမ်ထောင်ရေးနှင့် အတင်းအဓမ္မ လက်ထပ်ထိမ်းမြားပေးသည့် အိမ်ထောင်ရေး မတူ ခြားနားကြောင်း သိလိုပေလိမ့်မည်။

လက်တွေ့တွင် အထူးအခြေအနေများကို အားထုတ်ကြိုးစား ရှာဖွေကြည့်ပါ။ သင် ကြားသိရသော တင်ပြချက်သည် အဆိုပါ ထူးခြားအခြေအနေအရဆိုလျှင် အဓိပ္ပာယ်ရှိနေမည်၊ သင် လက်သင့်ခံနိုင်ပါလိမ့်မည်။ တစ်ခုတော့ရှိသည်။ ၎င်းတင်ပြချက်သည် အဆိုပါ ထူးခြားအခြေအနေထဲတွင်သာ လက်ခံနိုင်မည် ဖြစ်၏။

mgyoe.com

mgyoe.com

**ထူးခြားတန်ဖိုးများ**

"ကျွန်တော့်မှာ အဲဒီတန်ဖိုးတွေ ရှိလို့ကတော့ ကျွန်တော် ခင်ဗျား ပြောတာကို သဘောတူမှာပါ"

ဤလုပ်နည်းသည် ထူးခြားအခြေအနေများ ရှာဖွေဖော်ထုတ်သည့် နည်းနှင့် ဆင်တူ၏။ တစ်ဖက်သား၏ တင်ပြချက်ကို သဘောတူလက်ခံ နိုင်ရန် ထူးခြားအခြေအနေများ ရှာဖွေမည့်အစား ထူးခြားတန်ဖိုးများ ရှာဖွေဖော်ထုတ်နည်း ဖြစ်၏။

လိမ်ညာပြောခြင်းကို လုံးဝ လက်မခံသင့်။ ဤကား ကိုယ်ကျင့် သိက္ခာဆိုင်ရာ ကျင့်ဝတ်ဖြစ်၏။

ထိုသဘောတရားကို သင် သဘောတူချင် သဘောတူလို့ ရသည်။ သဘောမတူချင်လည်း လက်မခံဘဲ နေလို့၏။ ကျွန်တော်တို့ စပ်စုလေ့ လာကြည့်တော့ ခေတ်အဆက်ဆက် အတွေးအခေါ်ပညာရှင်များက ဤ အဆိုကို သဘောမတူ လက်မခံခဲ့ကြဟု သိရသည်။ တချို့ကပြောသည်၊ လိမ်ညာပြောခြင်းသည် အမြဲတမ်း မှားသည်တဲ့။ အခြားသူများကတော့ ပိုမိုကြီးမားသော အကျိုးကျေးဇူးရှိမည်ဆိုလျှင် သင့်အနေဖြင့် လိမ်သင့် လိမ်ရမည်တဲ့။ အတွေးအခေါ်ပညာရှင်များက ရှေးရိုးစဉ်လာ ပုံကြီးချဲ့ နည်းကို အသုံးပြုပြီး ဆင်ခြေတက်ခဲ့ကြ၏။

"ဆိုပါစို့၊ လူသတ်သမားတစ်ဦးက သူသတ်မယ့်လူရဲ့ နောက်က လိုက်လာတယ်၊ လမ်းမှာ ခင်ဗျားနဲ့တွေ့တော့ သူ့ရဲ့သားကောင် ဘယ် ဘက်ထွက်ပြေးသွားသလဲလို့ မေးတယ်။ ဒီတော့ ခင်ဗျားအနေနဲ့ သား ကောင်ပြေးတဲ့ဘက် အမှန်ကိုပြောမလား၊ ဒါမှမဟုတ် တကယ်ပြေးတာ မဟုတ်တဲ့ဘက်ကို လွှဲပြီး ပြောမလား"

သည်နေရာတွင် ကျွန်တော်တို့ ထိပ်တိုက်တွေ့နေသည့် တန်ဖိုး များကို အတွဲလိုက် တွေ့ရ၏။ လူမှုကျင့်ဝတ်များ၊ လက်တွေ့အကျိုး

mgyoe.com

မျှော်လင့်ခြင်း၊ လူသား၏ အသက်တန်ဖိုး စသည် စသည်ဖြင့်။

သည်တော့ မတူ ခြားနားသည့် တန်ဖိုးများကို စဉ်းစားဖော်ထုတ်လိုက်ပါ။ ပြီးတော့ တစ်ဖက်လူ၏ ပြောဆိုချက်သည် သင် လက်ခံထားသည့် တန်ဖိုးတစ်ခု တစ်တွဲနှင့် ကိုက်ညီကြောင်း၊ ထို့ကြောင့် သူ့ပြောဆိုချက်ကို သင် သဘောတူ လက်ခံကြောင်း ပြောပါလေ။ သို့ဖြစ်စေကာမူ ထိုလူ၏ ပြောဆိုချက်သည် အခြားတန်ဖိုး အစုအတွဲများနှင့်တော့ မကိုက်ညီကြောင်း ထောက်ပြလို့ရ၏။ အဓိပ္ပာယ်ကတော့ တစ်ဖက်လူ၏ ပြောဆိုချက်ကို တစ်စုံတစ်ရာသော အတိုင်းအတာအထိ သဘောတူ လက်ခံကြောင်း ပြောသည့်သဘော။ ဘာပဲဖြစ်ဖြစ် သင်၏ ထင်မြင်ချက် သို့မဟုတ် သင့်သဘောထားကို ပြောပြလို့ ရနေပါသေးသည်။

## ထူးခြားအတွေ့အကြုံ

ထူးခြားအတွေ့အကြုံနှင့် ပတ်သက်လာလျှင် ဆင်ခြေကန်ဖို့ လုံးဝ မလွယ်ပါ။ လင်ယောကျ်ား၏ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ဖွတ်ဖွတ်ညက်ညက်ကြေအောင် ခံစားခဲ့ရသည့် မိန်းမများသည် နောက်ဆုံးတစ်နေ့တွင် သူတို့၏ ဒုံရင်းဘဝသို့သာ ပြန်သွားလေ့ရှိကြသည်ဆို၏။ ထိုအမြင်ကို ပြောပြသူမှာ လင်ဆိုးများဒဏ်ကို စိစိညက်ညက်ကြေအောင် ခံစားခဲ့ရသည့် မိန်းမသားများအား ကူညီစောင့်ရှောက်သည့်အလုပ်တွင် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိထားသူ ဖြစ်နေ၏။ သူ၏ အကြောင်းပြချက်မှာ ထိုသို့သော အမျိုးသမီးများ၏ မိမိကိုယ်မိမိ တန်ဖိုးထားစိတ်မှာ နိမ့်ကျလွန်းနေပြီး သူတို့အတွက် ပေါင်းသင်းဆက်ဆံရေး လိုအပ်နေသောကြောင့် ဖြစ်သည်ဟူ၏။

သူ့ပြောဆိုချက်ကို နားထောင်ရသူတစ်ဦးအနေဖြင့် သင် ဘဝင်ကျချင်မှ ကျပါလိမ့်မည်။ ထိုထိုသော မိန်းမများသည် သူတို့သွားစရာ

mgyoe.com

mgyoe.com

သို့မဟုတ် သူတို့ခိုလှုံစရာ တခြားနေရာမှ မရှိဘဲ။ သည်တော့ သူမ နေထိုင်ခဲ့သည့် အိမ်ကိုပဲ ပြန်မှာပေါ့ဟု ဆင်ခြေအတွေး တွေးလို့ရ၏။

တချို့ဖြစ်စဉ်များတွင် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားစိတ်နိမ့်လွန်းသောကြောင့်ဆိုတာကို သင်သဘောတူလို့ရသော်လည်း ဖြစ်စဉ်အားလုံးတွင်တော့ ထိုသို့မဟုတ်ကြောင်း သင့်ဘက်က ခွင်းချက်ဖြင့် သဘောတူလက်ခံလို့ရပါသည်။

## ခြုံငုံကောက်ချက်များ

ယေဘုယျပြုထားသည့် ခြုံငုံကောက်ချက်များနှင့် ပတ်သက်လာလျှင် သဘောတူလက်ခံဖို့ အလွန်အခက်အခဲ ကြုံရလေ့ရှိ၏။ အဆင်မပြေချင်တော့ ကျွန်တော်တို့၏ ယုတ္တိဗေဒကျင့်စဉ်များက ခြုံငုံကောက်ချက်များဖြင့် စဉ်းစားဆင်ခြင်ဖို့ တောင်းဆိုလေသည်။

*မိကျောင်းအားလုံး ရန်လိုရက်စက်သည်။*

*ခွေးကလေးအားလုံး ပေကျံညစ်ပတ်သည်။*

*မည်သည့်နိုင်ငံရေးသမားမျှ မယုံရ စသည်ဖြင့်။*

ယောကျ်ားများက ကြောင်းကျိုးဆက်စပ် တွေးခေါ်တတ်ပြီး မိန်းမများက အလိုလိုသိစိတ်ဖြင့် တွေးခေါ်တတ်ကြ၏။ လူများစု သဘောမတူလက်မခံမည်မှာ ဤသို့သော ယေဘုယျပြုချက်မျိုး ဖြစ်၏။ ထိုသို့သော ခြုံငုံကောက်ချက်မျိုးကို သင်သဘောမတူ ပယ်ချလို့ရ၏။ သို့ဖြစ်သည့်တိုင် တချို့ရှုထောင့်များအရဆိုလျှင် လက်သင့်ခံလို့ ရနေပါသေးသည်။

"လိုအပ်လာပြီဆိုလျှင် မိန်းမများသည်လည်း ယောကျ်ားများနည်းတူ အကျိုးသင့် အကြောင်းသင့် စဉ်းစားတွေးခေါ်နိုင်၏၊ သို့သော် မိန်းမများက ဗီဇသိစိတ်ဖြင့် တွေးခေါ်ဖို့ ပိုပြီး အားသန်ကြ၏"

"ယောကျ်ားများသည် အုပ်စုဖွဲ့ပြီး အလုပ်လုပ်လေ့ရှိ၏၊ သို့ဖြစ်ရာ

mgyoe.com

mgyoe.com


သင့်စိမ်ကိန်းကို ကျန်အုပ်စုဝင်များ ယုံကြည်လာအောင် ဖျောင်းဖျနားချရာ၌ ယုတ္တိဗေဒကို နည်းတစ်နည်းအဖြစ် အသုံးချကြ၏။ မိန်းမများကမူ သူတို့၏ ဗီဇအသိစိတ်ကို အားထားပြီး တစ်ကိုယ်တော်ဆောင်ရွက်ဖို့ အားသန်ကြ၏၊ သို့ဖြစ်ရာ သူတို့အနေဖြင့် ဘယ်သူ့ကိုမျှ စည်းရုံးသိမ်းသွင်းဖို့ မလိုအပ်ပေ"

"မိန်းမများတွင် ဖြန့်ကြက်စူးစမ်းစိတ် ရှိသည်။ သည်တော့ သူတို့သည် တစ်ချက်ပြီးမှ နောက်တစ်ချက် စဉ်းစားမည့်အစား ပိုမိုများပြားသော အချက်များကို နှလုံးသွင်းနိုင်သည်ဆိုတာကို ကျွန်တော် သဘောတူသည်"

သည်တော့ ခြုံငုံကောက်ချက်ချခြင်းကို သင် သဘောမတူ ရ၏။ သို့ဖြစ်သော်လည်း ညွှန်းချက်အချို့အရ သဘောတူလက်ခံနိုင် ပြောလို့ရ၏။

လက်တွေ့လောကတွင် စကားအသုံးအနှုန်းများ၏ အနက်အပြင်း အပျော့ သို့မဟုတ် အားပါမှု၊ အားပျော့မှု အဆင့်ဆင့်ရှိ၏။ လုံးဝမရှိ (none) နှင့် အားလုံး (all) ဆိုသည့် ဝေါဟာရနှစ်လုံးကြားတွင် အနည်းအများကို ဖော်ညွှန်းသည့် အဆင့်များ ကွဲပြားသွား၏။

လုံးဝမရှိ (none)

အနည်းငယ်မျှ (a few)

တချို့ (some)

တော်တော်များများ (many)

အများဆုံး (most)

အများစု (the majority)

အများအားဖြင့် (by and large)

အားလုံး (all)

အဆင်မပြေချင်တော့ ကျွန်တော်တို့ လက်ခံကျင့်သုံးနေသည့် အတွေးအခေါ် အခြေပြု ယုတ္တိဗေဒစနစ်တွင် အဆိုပါ အနုအရင့်၊ အပြင်းအပျော့အဆင့်များ ခွဲခြားထားခြင်းမရှိ။ သည်တော့ ကျွန်တော်တို့

mgyoe.com

mgyoe.com

စကားများ၏ အတိုင်းအတာကို လိုက်နိုက်နေလို့မရ။

*မီးအားလုံးလောင်သည်။ ထို့ကြောင့် ဤမီးသည် သင့်ကို လောင်လိမ့်မည်။*

*မည်သည့်သဲမျှ စားလို့မကောင်း။ ထို့ကြောင့် ဤသဲကို မစားရ။*

ဤစနစ်သည် သိပ္ပံပညာနှင့် နည်းပညာတို့တွင် အံ့စရာကောင်းလောက်အောင် အသုံးတည့်၏။ ဘာ့ကြောင့်ဆို ၎င်းပစ္စည်းများ၏ သတ္တိများသည် တည်မြဲနေသောကြောင့်ပင်။ အပြန်အလှန် တုံ့ပြန်နှောင်ဖွဲ့မှုများရှိသည့် လူသားအရေးကိစ္စများတွင်တော့ ၎င်းဂုဏ်သတ္တိများသည် သိပ်အသုံးမတည့်လှပေ။

ငတုံးဟု သင်ခေါ်လိုက်သူသည် ငတုံးဟု သင် ဟိုတုန်းက ခေါ်ခဲ့သူ မဟုတ်တော့။

တရားသေဝါဒစွဲကိုင်ခြင်း၊ တင်းကြပ်မာကျောလွန်းခြင်း၊ အစွဲကြီးခြင်း၊ အယူသီးခြင်း စသည်တို့သည် ခြံခတ်စဉ်းစားနည်းမှ ထွက်ပေါ်လာသည်ချည်း ဖြစ်၏။ မျှမျှတတ ပြောရမည်ဆိုလျှင် ဤနည်းသည် အလွန်အသုံးတည့်သည့် စဉ်းစားတွေးခေါ်နည်း ဖြစ်သည်။ သည်တော့ သည်နည်းကို ကျွန်တော်တို့ ကျင့်သုံးရမည်သာ ဖြစ်၏။

သို့သော် နှစ်လိုဖွယ်ကောင်းသောစိတ်က တင်းကြပ်မာကျောလွန်းစွာ မကြည့်၊ မမြင်။ ထိုအမြင်ထက် လျှော့ကြည့်သည်။ ဖော့ကြည့်သည်။ အခိုင်အမာ ခြံခတ်ထားသော စဉ်းစားနည်းများထက် ပျော့ပျောင်းစွာ စဉ်းစားသည်။ ကြည့်မြင်သည်။ ပို၍ ညင်သာ ပျော့ပျောင်းသော အတွေးအမြင်များကို ရှာဖွေဖော်ထုတ်သည်။

mgyoe.com

mgyoe.com


**သဘောတူညီကြောင်း ဘယ်လိုပြောမည်လဲ**

လက်တွေ့ကျင့်သုံးလို့ရသော နည်းလမ်းများကို အကျဉ်းချုပ်ဖော်ပြပါမည်။

၁။ တစ်ဖက်လူ၏ ပြောဆိုချက်ထဲတွင် သင် တကယ် လိုလိုလားလား သဘောတူလက်ခံနိုင်သည့် အချက်များ ရှာပါ။

၂။ တစ်ဖက်လူပြောသမျှ မှန်လေစွဆိုပြီး ပုတ်သင်ညို လုပ်နေလျှင် သင့်ဘက်က ကူညီဖြည့်ဆည်းမှု အလျှင်းမရှိရာ ရောက်၏။

၃။ သူပြောသမျှ သဘောမတူ ပယ်ချနေခြင်းသည် စိတ် ကသိကအောက်ဖြစ်စရာ၊ ငြီးငွေ့စရာ ကောင်းပါသည်။

၄။ အငြင်းအခုံသန်ခြင်းသည် ဘယ်လိုမျှ နှစ်လိုဖွယ် မကောင်းပါ။ ကိစ္စတစ်ရပ်ကို လေ့လာဖော်ထုတ်ဖို့ ငြင်းခုံခြင်းထက် ပိုကောင်းသည့်နည်းလမ်းတွေ အများကြီး ရှိသည်။

၅။ အချိန်ပြည့် ကိုယ့်ဘက်က မှန်နေဖို့မလို။ ဆွေးနွေးပွဲတွင် သင့် **အတ္တမာန** ကို ခေါက်သိမ်းထားပါ။ ငါ့ဘက်က မှန်သည်ဟု အမောက်ထောင်ပြနေမည့်အစား ဆွေးနွေးပွဲ၏ အဓိကအကြောင်းအရာကို အလေးပေး အာရုံစိုက်ပါ။

၆။ တစ်ဖက်လူ၏ အတွေးအမြင်တွေ ဘယ်ကပေါက်ဖွားလာသလဲဆိုတာ စိတ်ရောကိုယ်ပါ အားထုတ်ပါ။ ထိုလူ၏ ***ကြောင်းကျိုးဆက်စပ်မှု ပုံဖော်ငံး*** ကို စူးစမ်းလေ့လာပါ။

၇။ တစ်ဖက်လူ၏ အတွေးအမြင်များနှင့် အံဝင်ခွင်ကျဖြစ်နိုင်သည့် အခြေအနေများကို ရှာကြည့်ပါ။ ၎င်းအခြေအနေများအရဆိုလျှင် တစ်ဖက်လူ၏ အတွေးအမြင်ကို သဘော

mgyoe.com

mgyoe.com

တူ လက်ခံလို့ရနိုင်ကြောင်း ပြောပြပါ။

၈။ တစ်ဖက်လူ၏ အတွေးအမြင် မှန်ကန်ကြောင်း ကျား ကန်ပေးနိုင်မည့် တန်ဖိုးများ ရှိမည်လားဆိုတာ ရှာကြည့်ပါ။ ၎င်းတန်ဖိုးများအရ သူ့အယူအဆကို လက်ခံကြောင်း ပြောပါ။ သို့သော် သင့်ကိုယ်ပိုင်အမြင်ကိုလည်း ကိုင်စွဲထားပါ။

၉။ တစ်စုံတစ်ဦး၏ ထူးခြားအတွေ့အကြုံ၏ တန်ဖိုးကို အသိအမှတ် ပြုပါ။ ပြီးတော့ ၎င်းအတွေ့အကြုံကြောင့် ထိုလူ၏ အတွေးအမြင်မှန်နိုင်ခြေများသည်။ သို့သော် လုံးဝဥသုံ မှန်ပြီဟု ပြောလို့မရကြောင်း မှတ်ယူပါ။

၁၀။ ခြုံငုံကောက်ချက်များကို ပယ်ချပါ။ သို့သော် သင်သဘောတူ လက်ခံလို့ရမည့် ပတ်သက်ရာပတ်သက်ကြောင်း အချက်အလက်ကလေးများ ရှာကြည့်ပါ။ သို့မဟုတ် ခြုံငုံကောက်ချက်၏ အခြားသွင်ပြင်လက္ခဏာများ ရှာကြည့်ပါ။ ၎င်းအချက်များအရ သင်သဘောတူကြောင်း ပြောပါ။

၁၁။ တစ်ဖက်လူ၏ အတွေးအမြင်အားလုံးကို လက်မခံနိုင်သည့်တိုင် သဘောတူလက်ခံနိုင်သည့် အချက်အချို့ ဖော်ထုတ်နိုင်သည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာကြည်နူးကြောင်း ဖော်ပြပါ။

၁၂။ နှစ်ဦးနှစ်ဖက် ပြေလည်ရေးတွင် သင်၏ ရှုထောင့်ကို ပြောင်းပြီး ကြည့်ခြင်းသည် အရေးပါအရာရောက်သော အားထုတ်ချက် ဖြစ်ပါသည်။

❐

mgyoe.com

mgyoe.com

အခန်း (၂)

# သဘောမတူကြောင်း ဘယ်လိုပြောမည်လဲ

တစ်ဖက်လူ၏ ပြောဆိုချက်များကို သဘောမတူကြောင်း ဘယ်လို ပြောရမည်ဆိုတာ မသိသေးသရွေ့ သင်သည် နှစ်လိုဖွယ်ကောင်းသူတစ်ဦး ဖြစ်လာလိမ့်မည်မဟုတ်။ ဤကား အတိမ်းအစောင်းမခံသော လုပ်ဆောင်မှုဖြစ်၏။ သည်နေရာတွင် အပြောဆိုမတတ်သည်နှင့် သင့်စကားတွေ ဘယ်လောက်ပဲ ထိရောက်နေသည်ဖြစ်စေ သင်သည် စိတ်ပုပ်သူ ဖြစ်သွားလိမ့်မည်။ သို့မဟုတ် ပြောဆိုဆက်ဆံရတာ စိတ်ပျက်ဖို့ကောင်းသူတစ်ဦး ဖြစ်သွားပါသည်။

သဘောမတူ လက်မခံနိုင်ကြောင်းကို ရိုင်းရိုင်းစိုင်းစိုင်းနှင့် ဒေါသ တကြီး ပြောတတ်သူတွေ ရှိ၏။

သဘောမတူ လက်မခံနိုင်ကြောင်းကို တိုက်ပွဲနွှဲဖို့နှင့် မိမိနိုင် ကြောင်း ကြွေးကြော်ဖို့ ပြောသူတွေ ရှိ၏။

မိမိ၏ အတ္တမာနကို အရောင်တင်ချင်လွန်းသည့်အတွက် သဘော မတူ၊ လက်မခံနိုင်ကြောင်း ပြောသူတွေ ရှိ၏။

mgyoe.com

mgyoe.com


တစ်ဖက်သားကို အနိုင်ကျင့် ဗိုလ်ကျချင်သောကြောင့် သဘောမတူ၊ လက်မခံကြောင်း ပြောတတ်သူတွေ ရှိ၏။

မိမိက ပိုတော်၊ ပိုတတ်၊ ပိုအဆင့်မြင့်ကြောင်း ထုတ်ပြလိုသည့်အတွက် သဘောမတူကြောင်း ပြောတတ်သူတွေ ရှိ၏။

စကားစံမြည်ပြောတယ်ဆိုတာ အငြင်းအခုံကလေးတွေပါမှ ပွဲစည်တာဟု သင်ကြားပို့ချခံထားရသောကြောင့် သဘောမတူ၊ လက်မခံကြောင်း ပြောသူတွေ ရှိ၏။

အကြောင်းကိစ္စတစ်ရပ်ကို စူးစမ်းလေ့လာဖော်ထုတ်ဖို့ တခြားနည်းလမ်းမရှိတော့၊ မသိတော့သောကြောင့် သဘောမတူ၊ လက်မခံနိုင်ကြောင်း ပြောလိုက်သူတွေလည်း ရှိ၏။

တကယ်တော့ အကြောင်းကိစ္စတစ်ရပ်ကို စူးစမ်းလေ့လာရာ၌ တရားရုံးတော်သည် ရှေးဦးအကျဆုံး နေရာဌာနဖြစ်၏။ အကယ်၍ တရားလိုရှေ့နေတစ်ဦးသည် တရားပြိုင်အတွက် အထောက်အကူဖြစ်မည့် အချက်အချို့ကို စဉ်းစားမိသည် ဆိုပါစို့။ တရားလိုရှေ့နေက ထိုအချက်ကို တရားသူကြီးရှေ့တွင် ထုတ်ဖော်တင်ပြပါမည်လား။ ဝေးပါသေးရဲ့။

အကယ်၍ တရားပြိုင်ရှေ့နေက အချက်အလက်တချို့ကို တွေးတော ကြံဆမိသည်။ သို့ပေမဲ့ ထိုအချက်များက တရားလို အသာစီးရစေမည့် အချက်များ ဖြစ်နေသည်။ တရားပြိုင်ရှေ့နေက ထိုအချက်များကို တရားခွင်တွင် တင်ပြမည်ဟု သင်ထင်ပါသလား။ ဝေးပါသေးရဲ့။

ဟိုဘက်သည်ဘက် ရှေ့နေများသည် အမှုကို ကိုယ့်စိတ်ကူးနှင့်ကိုယ် တည်ဆောက်ကြ၏။ ကိုယ်လိုသလို ဆွဲတွေးကြ၏။ ကိုယ်လိုက်သည့်ဘက်က အနိုင်ရအောင် အကြောင်းအချက်များ ရှာဖွေကြ၏။ မိမိတို့ဘက်ကသာ မှန်ကြောင်း ကာကွယ်ကြ၏။ လျှောက်လဲကြ၏။ ဝါး

mgyoe.com

mgyoe.com


လုံးကို ဝါးခြမ်းဖြစ်အောင် လျှောက်လဲသည်။ ဝါးခြမ်းကို ဝါးလုံးဖြစ်အောင် ဆင်ခြေကန်ကြသည်။ အဓိပ္ပာယ်ကတော့ မိမိတို့သာ အမှန်၊ သူတို့ဘက်က အမှား။ သူတို့ စကားစစ်ထိုးကြသည်။ တစ်ဖက်ကို တစ်ဖက်က တိုက်ခိုက်သည်။ သိက္ခာချသည်။

ဤသို့ မီးကုန်ယမ်းကုန် *တိုက်ပွဲ*နွှဲနေသည့်အတွက် သူတို့လျှောက်လဲနေသည့် အကြောင်းကိစ္စတစ်ရပ်ကို ပတ်ပတ်နပ်နပ်၊ စေ့စေ့စပ်စပ်၊ ကျေကျေလည်လည် စူးစမ်းလေ့လာ အဖြေရှာထားပြီဟု မဆိုသာပါ။ စင်စစ် သည့်ထက်မက များစွာ ထိရောက်သည့်နည်းမှာ အလားတူ စဉ်းစားခြင်း *parallel thinking* ဖြစ်၏။ ဤစဉ်းစားနည်းအကြောင်း နောက်ပိုင်းတွင် ဖော်ပြပါမည်။

အလားတူ စဉ်းစားနည်းတွင် နှစ်ဦးနှစ်ဖက် ကာယကံရှင်များသည် ကိစ္စတစ်ရပ်ကို ပူးတွဲ လေ့လာကြ၏။ ပူးတွဲ အဖြေရှာကြ၏။

သဘောထားကွဲလွဲမှုသည် မနှစ်မြို့ဖွယ် ဖြစ်ရပ်တစ်ခု ဖြစ်နိုင်၏။ သို့ဖြစ်စေကာမူ အကြောင်းအရာတစ်ရပ်ကို အကြားအလပ်မရှိ စူးစမ်းလေ့လာရန်နှင့် ဓမ္မဓိဋ္ဌာန်ကျကျ အဖြေထုတ်နိုင်ရန် ကာယကံရှင် နှစ်ဦးနှစ်ဖက်စလုံး လိုအပ်တတ်ပါသည်။

**ယဉ်ကျေးသိမ်မွေ့ခြင်း**

ခင်ဗျား တော်တော်တုံးတာပဲ။

နှစ်ပေါင်းများစွာအတွင်း ကျုပ်ကြားခဲ့ရတဲ့အထဲမှာ အဲဒီစကားက တော့ အမိုက်မဲဆုံးစကားပဲဗျို့။

အဲဒါ မှားတယ်။

အဲဒါကတော့ အကျိုးသင့်အကြောင်းသင့် စဉ်းစားဉာဏ် ခေါင်းပါး လွန်းပါတယ်။

mgyoe.com

mgyoe.com

ခင်ဗျားပြောတာတွေ တစ်လုံးတစ်ပါဒမှ ကျုပ် သဘောမတူဘူး။

မင်းနှယ်ကွာ၊ ဒီလောက်တောင်ပဲ မိုက်မဲရသလား။

ဤကား သဘောမတူ၊ လက်မခံကြောင်း ဖော်ပြသည့် ပြောဆိုချက်များ ဖြစ်၏။ ၎င်းပြောဆိုချက်အားလုံး အပြောအဆို အသုံးအနှုန်း ကြမ်းသည်။ ရိုင်းစိုင်းသည်။ တစ်ဖက်သားကို နှိမ်ရာမရောက်အောင်၊ စော်ကားရာမရောက်အောင် သုံးနှုန်း ပြောဆိုရင်းလည်း သဘောထား ကွဲလွဲမှုကို ဖော်ပြလို့ရပါသည်။

ခင်ဗျားရဲ့ တွေးခေါ်မြော်မြင်ပုံကို ကျွန်တော် သိပ်သဘောမပေါက်ဘူးခင်ဗျ။

ဒီကိစ္စကို နောက်တစ်မျိုးလှည့်ပြီး စဉ်းစားလို့ရနိုင်ဦးမယ် ထင်ပါတယ်။

အဲဒါက ရှုထောင့်တစ်ခုပဲ ရှိပါသေးတယ်။

ဟောဒီ တခြားဖြစ်နိုင်ခြေကို စဉ်းစားကြည့်ရင်ရောဗျာ။

ခင်ဗျားရဲ့ ကောက်ချက်ကို ကျွန်တော် နည်းနည်း ဝေခွဲရခက်နေတယ်ဗျ။

အဲဒီအတိုင်း ဟုတ်ချင်လည်း ဟုတ်မယ်၊ ဟုတ်ချင်မှလည်း ဟုတ်မယ်နော်။

တခြားရှင်းချက်ကလေးတစ်ခု ကျွန်တော် စဉ်းစားလို့ရသဗျ။

ညင်သာပျော့ပျောင်းစွာ ပြောသော သဘောမတူလက်မခံခြင်းသည် ရန့်စွယ်နှင့်ငေါငေါ ပြောပြီး သဘောမတူ လက်မခံခြင်းနည်းတူ တရားဝင်ပါသည်။ ခိုင်လုံပါသည်။ ခြုံကြည့်မည်ဆိုလျှင် သဘောမတူကြောင်း ပြောတာချင်းအတူတူ ကြမ်းတမ်းခက်ထန်စွာ ပြောခြင်းနှင့်စာလျှင် ညင်သာပျော့ပျောင်းစွာ ပြောခြင်းက ပိုပြီး နှစ်လိုဖွယ် ကောင်းပါသည်။ ပိုပြီး နှလုံးလှရာ ရောက်ပါသည်။

mgyoe.com

mgyoe.com


သဘောထားကွဲလွဲရန် အကြောင်းအချက်ပေါင်းများစွာ ရှိနိုင်၏။ ထိုအထဲက တချို့ကို အောက်တွင် ဖော်ပြအပ်ပါသည်။

**ကြောင်းကျိုးဆက်စပ်မှုအမှား**

လူတွေက အခွန်အကောက်တွေ ပိုပေးရတာကို မနှစ်မြို့ကြ။ သည်တော့ ကျွန်ုပ်တို့ အခွန်အကောက်တွေ တိုးမြှင့်လိုက်လျှင် ကျွန်ုပ်တို့ မဲတွေ ပိုရလာနိုင်၏။

ဤနေရာတွင် ယုတ္တိအမှားရှိနေတာ သိသာသည်။ အခွန်အကောက်တွေ တိုးမြှင့်လိုက်သည့်အတွက် မဲတွေ ပိုရကောင်း ရလာနိုင်၏။ အဘယ်ကြောင့်ဆိုသော် အုပ်စုတစ်စုအပေါ် တိုးမြှင့်ကောက်လိုက်သည့် အခွန်တော်ငွေများဖြင့် ပို၍ ကြီးမားသော အုပ်စုတစ်စုအတွက် လူမှုဝန်ဆောင်လုပ်ငန်းများ ပိုမိုလုပ်နိုင်သောကြောင့်ပင်။ သို့သော် လူတွေက အခွန်အကောက်တွေ ပိုပေးရတာကို မနှစ်မြို့ကြဆိုသော ဖော်ပြချက်မှ မဲတွေပိုရနိုင်ကြောင်း ဖြစ်ပေါ်မလာပါ။

တကယ်တမ်းပြောရလျှင် ကြောင်းကျိုးဆက်စပ်တွေးခေါ်မှု အမှားများသည် တော်တော်ရှားပါသည်။ အကောင်းဆုံးနှင့် အလွယ်ဆုံးနည်းကတော့ ပြောဆိုချက်ကို ပြောသူ၏ ဆင်ခြင်တွေးခေါ်နည်းကို မေးပါ။ ပြီးတော့ ထိုဆင်ခြင်တွေးခေါ်နည်းကို ထိုလူအား ထပ်ဆင့် ပြန်ပြောပြခြင်းဖြစ်၏။ ထိုသို့ ပြန်ပြောပြရာ၌ သူ၏ ကြောင်းကျိုးဆက်စပ်တွေးခေါ်မှု မှားနေကြောင်း ပေါ်လွင်အောင် ပြောရပါမည်။

**ကြောင်းကျိုးဆက်စပ်မှု မရှိခြင်း**

ယုတ္တိဗေဒ ပညာရှင်များက ဤဖော်ပြချက်မျိုးကို ***ယုတ္တိမတန်သော ကောက်ချက်*** ဟု တစ်ခါတစ်ရံ ခေါ်ကြ၏။ အဓိပ္ပာယ်မှာ ရှေ့

mgyoe.com

mgyoe.com


အဆိုနှင့် ကြောင်းကျိုးဆက်စပ်မှုမရှိသော ကောက်ချက်ဟူ၍ ဖြစ်၏။ ကောက်ချက်တစ်ခုသည် ရှေ့အဆိုနှင့် သေချာပေါက် ကြောင်းကျိုးဆက်စပ်နေဖို့ မလိုဟုလည်း အဓိပ္ပာယ်ကောက်လို့ရ၏။

ဥရောပတစ်လွှား၌ လူဦးရေတစ်သိန်းတွင် ၈၉ ဦးမှ ၁၂၀ ဦးအထိသည် အကျဉ်းသားများ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၌ လူဦးရေတစ်သိန်းတွင် ၇၅၀ ဦးသည် အကျဉ်းသားများ ဖြစ်သည်။ သို့ဖြစ်ရာ အမေရိကန်ပြည်ထောင်စုတွင် တရားဥပဒေ ထိန်းသိမ်းစောင့်ရှောက်မှု လျော့လျဲသည်။

သည်ဖော်ပြချက်တွင် ကောက်ချက်သည် စာရင်းအင်းများနှင့် လိုက်လျောညီထွေ ဖြစ်နေဖို့မလို။ အမေရိကန်ပြည်ထောင်စုတွင် ရဲအဖွဲ့သည် တရားခံများ ဖမ်းဆီးရာ၌ ထိရောက်အောင် မြင်သာသောကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။

အမေရိကန်ပြည်ထောင်စု၌ သာလွန်များပြားသော ရာဇဝတ်မှုအမျိုးအစားများကို ထောင်ချအပြစ်ပေးနည်း ကျင့်သုံးနေတာလည်း ဖြစ်နိုင်သည်။

အမေရိကန်ပြည်ထောင်စု၌ လူတွေသည် ထောင်ထဲတွင် ပို၍ကြာကြာနေကြခြင်းလည်း ဖြစ်နိုင်သည်။

အမေရိကန်ပြည်ထောင်စု၌ ရာဇဝတ်မှုစုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းကို အဆင့်ဆင့် အယူခံလျှောက်လဲခြင်းဖြင့် ဈေးဆစ်ကြသည်ဖြစ်ရာ ထောင်ထဲတွင် ရှိနေသူအရေအတွက် များပြားခြင်းလည်း ဖြစ်နိုင်သည်။

စဉ်းစားကြံဆစရာ အခြားလမ်းကြောင်းများ ရှာဖွေကြည့်ခြင်းအားဖြင့် ထောင်ထဲရှိ လူဦးရေများသောကြောင့် ရာဇဝတ်မှု ကျူးလွန်ခြင်း ပိုမိုများပြားသည်ဟု တရားသေကောက်ချက်ဆွဲလို့ မရပါချေ။ ထိုကောက်ချက်သည် ဖြစ်နိုင်ခြေတစ်ခုမျှသာတည်း။

mgyoe.com

*အရပ်ပုသော နိုင်ငံရေးသမားများကို လူတွေက မကြိုက်။ သည်တော့ သူတို့သည် ဟဲရစ်ကို မဲပေးကြလိမ့်မည်မဟုတ်။*

လောကတွင် အရာအားလုံး တူညီနေသည်ဆိုလျှင်တော့ ဤကောက်ချက်မှန်ပါလိမ့်မည်။ သည်တော့ လူတွေအားလုံးက အရပ်ရှည်သော နိုင်ငံရေးသမားများကိုသာ ကြိုက်သည်ပေါ့။ သို့ပေမဲ့ လောကတွင် အရာအားလုံး တူညီနေသည်မှ မဟုတ်ဘဲ။ မစ္စတာဟဲရစ်တွင် သူ့ပြိုင်ဘက်များထက် စီမံခန့်ခွဲမှု အတွေ့အကြုံတွေ အများကြီး ပိုရှိခဲ့သည်လေ။

အရာတစ်ခုသည် အခြားအရာတစ်ခုမှ ဆင်းသက်လာသယောင်ရှိ၏။ သို့ပေမဲ့ မလွဲမသွေ ဆင်းသက်ရမည် ဆိုတာမျိုးကိုတော့ သင်ငြင်းပယ်လို့ ရပါမည်။ ထိုမလွဲမသွေဆိုသည့် တရားသေကောက်ချက်ကြီးကို သင် စောဒကတက်လို့ရ၏။ သင့်ဘက်က ရွေးချယ်စရာ ဖြစ်နိုင်ခြေတစ်ခုသာ ပြနိုင်လို့ကတော့ သင့်စိန်ခေါ်ချက်သည် များစွာ ပိုမိုအားကောင်းလာမည် ဖြစ်၏။

အဓိပ္ပာယ်ကောက်ခြင်း

ဤအမှားသည် ယခင်အမှား မှားပုံနှင့် ဆင်ဆင်တူသည်။ စာရင်းအင်းများ သို့မဟုတ် အလားတူ ကိန်းဂဏန်းများအပေါ် အဓိပ္ပာယ်ကောက်ယူချက်တစ်ခု ပေးထားသည်။ ၎င်းအဓိပ္ပာယ် ကောက်ယူချက်သည် တစ်ခုတည်းသော ဖြစ်နိုင်ခြေရှိ ကောက်ချက်ဖြစ်သည်ဟု ဆိုထားသည်။ သို့ဖြစ်စေကာမူ အခြားရွေးချယ်စရာ ဖြစ်နိုင်ခြေရှိ ရှင်းချက်တွေ ရှိနေ၏။

*ဆွီဒင်နိုင်ငံတွင် မွေးဖွားသည့် ကလေးစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းနီးပါးသည် အိမ်ထောင်မကျသေးသော မိခင်များမှ မွေးဖွားခြင်းဖြစ်သည်။*

*အိုက်စ်လန်ကျွန်းတွင် အိမ်ထောင်မဲ့မိခင်များမှ မွေးဖွားသည့်*

mgyoe.com

*ကလေးဦးရေသည် ၆၆ ရာခိုင်နှုန်းရှိသည်။*

ဤကိန်းဂဏန်းများက ဖော်ပြနေသည်မှာ သူတို့ဆီတွင် အိမ်ထောင်ပြုခြင်းကို သိပ်အလေးအနက် သဘောမထားသည့်ပုံ၊ သို့မဟုတ် ကိုယ်ကျင့်တရား ထိန်းသိမ်းမှုအပိုင်း၌ အားနည်းသည်ဟု ဆိုရမည်။

ရှင်းလင်းသိသာသည့် ဖြစ်နိုင်ခြေရှိ အဓိပ္ပာယ်ကောက်ချက်တစ်ခုမှာ အပျိုလူပျိုစုံတွဲများသည် ကလေးပြဿနာနှင့် တကယ်တမ်း ရင်မဆိုင်ရမချင်း တရားဝင်အိမ်ထောင်မပြုကြဆိုသော အဓိပ္ပာယ်ကောက်ချက်ဖြစ်ပါသည်။ သူတို့၏ ရင်သွေးကလေး မွေးဖွားပြီးသောအခါ စုံတွဲတွေ လက်ထပ်ဖြစ်သလား၊ လက်မထပ်ဖြစ်ဖူးလားဆိုတာကိုတော့ စာရင်းအင်းများက ဖော်ပြမထားပါချေ။

ဩစတြေးလျတွင် စာရင်းအင်းများက ဖော်ပြထားသည်မှာ ဆယ့်နှစ်ရာသီခွင်မှ မေထုန်ရာသီဖွားများသည် အခြားရာသီဖွားများထက် မတော်တဆ ကားတိုက်မှု ပိုပြီး ဖြစ်တတ်ကြသည် ဟူ၏။ မတော်တဆ ကားတိုက်မှု ဒုတိယအများဆုံး ဖြစ်လေ့ရှိသူများမှာ ပြိဿရာသီဖွားများဖြစ်သည်ဟူ၏။

မေထုန်ရာသီဖွားများ မော်တော်ယာဉ်မတော်တဆ ဖြစ်မှုနှုန်းသည် အတိအကျ တူညီနိုင်စရာ အကြောင်းမရှိပါ။ သည်တော့ ဤ ရှာဖွေတွေ့ရှိချက်သည် တခြားနိုင်ငံများတွင်ရော မှန်သလားဆိုတာနှင့် တခြားအချိန်ကာလများတွင်ရော သိသာထင်ရှားစွာ ဖြစ်ပွားသလားဆိုတာကို သင်သိချင်ပေလိမ့်မည်။ ကွာခြားချက်အတိုင်းအတာသည်လည်း အရေးပါအရာရောက်ပါလိမ့်မည်။

ဖြစ်နိုင်ခြေရှိ ရှင်းလင်းချက်တစ်ခုကို စဉ်းစားကြည့်ကြရအောင်။ မေထုန်ရာသီဆိုသည်မှာ မေလ ၂၁ ရက်မှ ဇွန်လ ၂၀ ရက်အတွင်း မွေးဖွားသူများဖြစ်၏။ သည်တော့ ဤရာသီဖွားတွေ တရားဝင် ကား

mgyoe.com

mgyoe.com


မောင်းခွင့်ရှိသည့် မွေးနေ့သည် မေအကုန် ဇွန်လထဲတွင် ကျရောက်သည်။ တစ်နည်းဆိုသော် သူတို့ စတင်ကားမောင်းခွင့်ရသည့် ရာသီဥတုမှာ ဆောင်းတွင်းကြီးဖြစ်၏။ (ဩစတြေးလျတွင် ဇွန်လသည် ဆောင်းကာလဖြစ်၏။) အဓိပ္ပာယ်မှာ ဆောင်းတွင်းသည် ခုမှ စတင် ကားမောင်းသူများအတွက် ခြေခင်းလက်ခင်းမသာသော ရာသီဥတု ဖြစ်ပါသည်။

## ရွေးထုတ် ရွေးနုတ် အသိအမြင်

မိန်းမတစ်ယောက်သည် သူ့ခင်ပွန်းသည် ဖောက်ပြန်နေသည့် ဇာတ်လမ်းကို ဖော်ထုတ်သိရှိသွားသည်။ ထိုအခါ သူမ၏ အိမ်ထောင်သက်တမ်း တစ်လျှောက်လုံးကို စိတ်နာနာဖြင့် ပြန်ပြောင်းကြည့်သည်။ ဝေဖန်သုံးသပ်သည်။ သည်တော့ သူမယောကျ်ားက သူမအပေါ် အချစ်စစ်အချစ်မှန်ဖြင့် မချစ်ဆိုသည့် အမြင်ကို အားပေးသည့် အချက်များကိုသာ ရွေးထုတ် စဉ်းစားတော့၏။

ရွေးထုတ်ရွေးနုတ် အသိအမြင်ဆိုသည်မှာ ကြိုတင်ဖွဲ့စည်းထားသည့် စိတ်ကူးကို အထောက်အကူပြုမည့် အချက်များကိုသာ ရွေးထုတ်ပြီး ကြည့်မြင်ခြင်းဟု အဓိပ္ပာယ်ရပါသည်။

ခေါက်ရိုးကျိုးနေသော အတွေးများနှင့် မျက်စိမှိတ်ဘက်လိုက်ခြင်းများသည် အကောင်းဆုံး ရွေးထုတ်ရွေးနုတ် အသိအမြင် ဥပမာများဖြစ်၏။ ကျွန်တော်တို့၏ စိတ်တွင် ပုံသေပုံစံများ စွဲနေ၏။ ကျွန်တော်တို့ ပြင်ပကမ္ဘာနှင့် ထိတွေ့ဆက်ဆံသောအခါ ကျွန်တော်တို့စိတ်တွင် စွဲထင်နေသည့် ပုံစံသေများနှင့် အံကိုက်ဝင်ဆံ့သည့် အရာများကိုသာ သတိထားမိကြသည်။ လူမျိုးရေးဘက်လိုက်မှုသည် သိသာပေါ်လွင်သော ဥပမာဖြစ်၏။

ပြင်းထန်သော မိန်းမသားဝါဒီတစ်ယောက်သည် မည်သည့်

mgyoe.com

ယောက်ျားထံတွင်မဆို ယောက်ျားသားဝါဒီဆန်သည့် အမူအရာ၊ အပြော အဆိုကလေး မဆိုစလောက်ကိုပင် ရွေးထုတ်သတိပြုမိမည် ဖြစ်၏။ ရွေးထုတ်ရွေးနုတ် အသိအမြင်သည် လေ့နှံ့နှစ်ဖက်နှင်းလို့လည်းရ၏။

တစ်ချိန်တစ်ခါတုန်းက အမျိုးသားလေကြောင်းနှင့် အာကာသ အုပ်ချုပ်ရေးအဖွဲ့ (နာဆာ) တွင် အမှုထမ်းနေသော အမှုထမ်းအားလုံး၏ ငါးဆယ်ရာခိုင်နှုန်းသည် အိန္ဒိယလူမျိုးတွေချည်း ဖြစ်၏။ နောက်ပြီး မိုက်ခရိုဆော့ပ်ကုမ္ပဏီအမှုထမ်းစုစုပေါင်း၏ သုံးဆယ့်ခြောက်ရာခိုင်နှုန်း သည်လည်း အိန္ဒိယလူမျိုးချည်း ဖြစ်၏။

ဤစာရင်းအင်းက ထောက်ပြနေသည်မှာ အိန္ဒိယလူမျိုးများသည် အထူး ဉာဏ်ရည်ထက်မြက်သည်၊ သို့မဟုတ် ကွန်ပျူတာလုပ်ငန်း အရမ်းကျွမ်းကျင်သည် ဟူ၍ ဖြစ်ပေမည်။ အိန္ဒိယပြည် (ဘန်ဂလိုဝန်း ကျင်) တွင် အပျော့ထည်(ဆော့ဖ်ဝဲ) လုပ်ငန်းအကြီးကြီးရှိသည်။ ပြီးတော့ ကွန်ပျူတာလုပ်ငန်း လေ့ကျင့်ရေးကျောင်း အကောင်းစားတွေ ရှိသည်။ သည်တော့ အမေရိကားသို့ သွားသည့် အိန္ဒိယလူမျိုးများသည် ထိုသို့ သော အလုပ်အကိုင်များကို ဝင်လုပ်ပြီး အခြေချကြတော့၏။ ထို့ပြင် အမေရိကားတွင် ထိုသို့သော ကျွမ်းကျင်ပညာရှင်တွေ ခေါင်းပါးနေခြင်း မှာ အမေရိကားက ကျွမ်းကျင်ပညာရှင် အိန္ဒိယလူမျိုးများအား အထူး ပြည်ဝင်ခွင့်လက်မှတ်များ ထုတ်ပေးခဲ့သည် ဆိုသည့်သဘော။

ရွေးထုတ်ရွေးနုတ် အသိအမြင်ကို စောဒကတတက်ဖို့ ခက်ခဲ၏။ အဘယ်ကြောင့်ဆိုသော် တစ်ဖက်သား၏ ပြောဆိုချက်သည် မှန်နေမည် ဖြစ်သောကြောင့်ပင်။ နားထောင်ရသူသည် တစ်ဖက်လူ ဘာတွေ ခြွင်းချန် ထားခဲ့သလဲဆိုတာကို မသိနိုင်သောကြောင့်ပင်။ လူတစ်ဦးက သူ့အမှု ထမ်းတစ်ဦး အလွန်ပျင်းရိကြောင်း သင့်အား ပြောပြသည်။ ထိုလူက သူ့ အမှုထမ်း ပျင်းရိကြောင်း သက်သေထူလို့ရမည့် သာဓကများစွာကို ရွေး

mgyoe.com

ထုတ်ရွေးနုတ် ပြောပြသွားမည်။ သို့ပေမဲ့ ထိုအမှုထမ်းသည်ပင် အထူးတလည် ကြိုးစားပမ်းစား အလုပ်လုပ်ခဲ့သည့် သာဓကများကိုတော့ မပြောဘဲ ချန်ထားပေလိမ့်မည်။

လူမျိုးတစ်မျိုးသည် ရာဇဝတ်မှုတွေ ပိုမိုကျူးလွန်သည်ဟု သင် ယုံကြည်ထားလျှင် ၎င်းလူမျိုးများ ရာဇဝတ်မှုကျူးလွန်သည့် သာဓကများကိုသာ သင် သတိပြုသိမြင်ပါလိမ့်မည်။

တစ်စုံတစ်ခုသော စီးပွားရေးနှင့်ပတ်သက်သည့် အုပ်စုများတွင် ရာဇဝတ်မှု အဖြစ်များကြောင်း၊ တိုက်တိုက်ဆိုင်ဆိုင် ထိုအုပ်စုများထဲတွင် ထိုလူမျိုးတွေ ပို၍ များများရှိနေခြင်းသာ ဖြစ်ကြောင်းကိုမူ သင် သတိမူမိကောင်းမှ သတိမူမိပေမည်။

**စိတ်လှုပ်ရှားမှုများ**

စိတ်လှုပ်ရှားမှုများသည် တရားသေ အတွေးအမြင်များ၊ တစ်ယူသန် အယူအဆများနောက်မှ လိုက်ပါဖြစ်ပေါ်လာသည့် ဖြစ်စဉ်များဖြစ်၏။

လူတစ်ယောက်က သင့်အား ဖြစ်စဉ်တစ်ခုကို ပြောပြနေသည်။ ထိုလူသည် သင့်အား ဓမ္မဓိဋ္ဌာန်ကျကျပြောနေသလား။ သို့မဟုတ် သူ့ပြောဆိုချက်တွင် စိတ်လှုပ်ရှားမှုတွေ ရောစွက်နေသလား။ ပုံမှန်အားဖြင့် ဆိုလျှင် လူတစ်ယောက်၏ ပြောဆိုချက်များတွင် စိတ်လှုပ်ရှားမှု စွက်နေသလား၊ မစွက်ဘူးလားဆိုတာ အကဲခတ်ဖို့ အလွန်လွယ်ပါသည်။ ထိုသူ ပြောသည့် စကားထဲက နာမဝိသေသနများကို သတိထားကြည့်လိုက်ပါ။ ၎င်းနာမဝိသေသနများက ပြောဆိုသူ၏ စိတ်အနေကို ဖော်ပြနေပါသည်။

အပျင်းထူ၊ အသုံးမကျ၊ မရိုးသား မဖြောင့်မတ်၊ နမော်နမဲ့၊ အန္တရာယ်ကြီး၊ ကလိမ်ကျ၊ မတည်ကြည် အစရှိသည့် နာမဝိသေသနများက ပြောသူ၏ထင်မြင်ချက်တွင် စိတ်လှုပ်ရှားမှုများ ကပ်ငြိနေကြောင်း ချက်ချင်း

mgyoe.com


သိစေနိုင်၏။ သည်တော့ ထိုလူပြောသည့် ထင်မြင်ချက်သည် သူ့စိတ်လှုပ်ရှားမှုများအား သယ်ဆောင်လာသည့် စီးတော်ယာဉ်သာ ဖြစ်လေသည်။

ဘယ်သူမဆို မိမိ၏ စိတ်လှုပ်ရှားမှုများကို လွတ်လွတ်လပ်လပ် ဖော်ပြခွင့်ရှိပါသည်။ သို့ဖြစ်စေကာမူ သူ၏စိတ်ခံစားချက်နှင့် တစ်သားတည်းဖြစ်အောင် နားဆင်သူကို စည်းရုံးသွေးဆောင်ခြင်း မပြုသင့်။ ထင်မြင်ချက်တစ်ခုနှင့် ပတ်သက်သည့် ကြောင်းကျိုးဆက်စပ် တွေးခေါ်မှုတွင် စိတ်လှုပ်ရှားမှုများ စွက်ဖက်လာပြီဆိုလျှင် ၎င်းစိတ်လှုပ်ရှားမှုများသည် အန္တရာယ်ကြီးလာတော့၏။ အကယ်၍ မိမိ၏ ထင်မြင်ချက်တွင် ပါဝင်သည့် စိတ်လှုပ်ရှားမှုများသည် အန္တရာယ်မရှိပါဟု လိပ်ပြာသန့်သန့် ပြောလိုလျှင် "အဲဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်ကတော့ အဲဒီလိုပဲ ခံစားရတယ်ဗျာ" ဟူသော စကားမျိုး ထည့်ပြောသင့်၏။

သို့ဖြစ်သည့်တိုင် ၎င်းစိတ်လှုပ်ရှားမှုတွေ ဘာကြောင့် နေရာတကျ ပေါ်လာရသလဲဟု နားဆင်သူက မေးလိုလျှင် မေးလို့ရနေသေးသည်။

စိတ်လှုပ်ရှားမှုများသည် ဖြစ်ရပ်များအပေါ် တုံ့ပြန်ချက်များ ဖြစ်နိုင်၏။

စိတ်လှုပ်ရှားမှုများက ဖြစ်ရပ်များအပေါ် ရှုမြင်ပုံရှုမြင်နည်းကို လည်း ပြဋ္ဌာန်းနိုင်၏။

## ခြားနားအတွေ့အကြုံ

***သဘောကွဲလွဲကြောင်း ဘယ်လိုပြောမည်လဲ*** ဆိုသည့်အခန်းတွင် ခြားနားသော ပုဂ္ဂလိကအတွေ့အကြုံက ခြားနားသော ထင်မြင်ချက်များ ဖြစ်ပေါ်နိုင်ကြောင်း ထောက်ပြထားသည်။ ထို့အတူ သဘောမတူ၊ လက်မခံမှုလည်း ဖြစ်ပေါ်နိုင်၏။ ပြောဆိုတင်ပြသူ၏ အတွေ့အကြုံနှင့် သင့်အတွေ့အကြုံ ခြားနားနေသောအခါ ပြောဆိုတင်ပြသူဆွဲသည့် ကောက်

mgyoe.com

ချက်များကို သင် သဘောမတူနိုင်ဘဲ ဖြစ်ကောင်းဖြစ်နေနိုင်၏။

*တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူ၏ ထောက်ပံ့ကြေးခံစားခွင့်ရှိသူ တစ်ဦးသည် ကျေးလက်တောရွာတွင် အခြေချနေထိုင်၏။*

*အခြားတစ်ဦးကမူ ဘုရင်မင်းမြတ်၏ ပေးကမ်းချီးမြှင့်မှုကို မခံစားရ။ သူလည်း ကျေးလက်တောရွာမှာပင် နေထိုင်၏။*

*မင်းဘဏ္ဍာခံစားခွင့်နှင့် ပတ်သက်လာလျှင် သူတို့နှစ်ဦး၏ အတွေ့အကြုံသည် များစွာ ခြားနားနေပါလိမ့်မည်။*

*လူတစ်ဦးသည် သူ့ဖနီးနှင့် ကွာရှင်းပြတ်စဲခဲ့၏။ ကျန်တစ်ဦးကတော့ လင်မယား ကွာရှင်းပြတ်စဲခြင်းကို မကြုံဖူးခဲ့။ သူတို့နှစ်ဦး၏ ဘဝအတွေ့အကြုံသည် အခြားနားကြီး ခြားနားပါလိမ့်မည်။*

*သင့်တွင် တစ်ဖက်လူနှင့်မတူ ခြားနားသော အတွေ့အကြုံရှိနေသည်။ သို့ဖြစ်ရာ သင့်အတွေ့အကြုံက မှန်ကန်သော အတွေ့အကြုံဖြစ်ပြီး တစ်ဖက်သား၏ အတွေ့အကြုံက မှားယွင်းသော အတွေ့အကြုံဟူ၍ ဘယ်တော့မျှ ပြောလို့မရပါ။ ထို့အတူ တစ်ဖက်လူ၏ အတွေ့အကြုံသည် အခြေအမြစ်မရှိ မခိုင်လုံဟု အလျှင်းပြောလို့ မရပါ။ သဘောမတူကြောင်း ပြောရာ၌ သင့်အတွေ့အကြုံက ကွဲပြားခြားနားနေကြောင်း ပြောပြလိုက်ရုံပဲ ရှိ၏။*

"ဆိုးသွမ်းလူငယ်တွေနဲ့တွဲပြီး အလုပ်လုပ်နေတဲ့ နေရာမှာ ကျွန်တော့်အတွေ့အကြုံက ခင်ဗျားအတွေ့အကြုံနဲ့ သိသိသာသာကြီး ခြားနားနေတယ်ဗျ၊ ကျွန်တော် တွေ့ရတာကတော့"

နောက်တစ်ခုရှိတာက ခြားနားသော အတွေ့အကြုံ ရှိနိုင်သလို ခြားနားအတွေ့အကြုံအပေါ် အဓိပ္ပာယ်ကောက်ယူချက်လည်း ခြားနားနိုင်၏။

"လူငယ်ဆရာဝန်တစ်ယောက်အနေနဲ့ ကျွန်တော်တွေ့ရှိရတာက

mgyoe.com

တော့ သူနာပြုအမှုထမ်းတွေဟာ လူနာတွေအပေါ် အရမ်းဂရုစိုက်တယ် ဆိုတာပဲဗျ"

"လူငယ်ဆရာဝန်တစ်ယောက်အနေနဲ့ ကျွန်တော်တွေ့ရှိရတာက တော့ သူနာပြုအမှုထမ်းတွေဟာ လူနာတွေကို ပြုစုစောင့်ရှောက်ဖို့ရတဲ့ အချိန်က အရမ်းနည်းတယ် ဆိုတာပါပဲ"

ကနဦးပိုင်းမှာတော့ အတွေ့အကြုံနှစ်ခုသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက်ဖြစ်သယောင် ရှိနေ၏။ ထို့နောက် ဒုတိယအတွေ့အကြုံဖြင့် တွေးကြည့်မှ ဆေးရုံတွင် အမှုထမ်းဦးရေ လုံလုံလောက်လောက် မရှိကြောင်း၊ သူနာပြုများသည် အလုပ်နှင့် ဝန်ထမ်းဦးရေ မမျှဘဲ အလုပ်ပိနေကြောင်း၊ ထို့ကြောင့် လူနာများအတွက် အချိန်လုံလုံလောက်လောက် မပေးနိုင်ကြောင်း သိမြင်လာရသည်။

**ခြုံငုံ ကောက်ချက်များ**

ယေဘုယျအားဖြင့် ပြောရမည်ဆိုလျှင် ခြုံငုံကောက်ချက်များကို သဘောမတူ၊ လက်မခံလိုမှု အမြဲရှိနေရပါမည်။ သည်ကိစ္စကို သဘောတူကြောင်း ဘယ်လိုပြောမည်လဲ အခန်းတွင် ဆွေးနွေးဖော်ပြထား၏။

တကယ်တော့ ခြုံငုံကောက်ချက်များ၏ သဘာဝကိုက အရာအားလုံးကို တစ်ပြေးညီ တံဆိပ်နှိပ်ပစ်ခြင်း ဖြစ်၏။ ဤစဉ်းစားဆင်ခြင်နည်းက တံဆိပ်ကပ်ထားသည့်ခြံထဲ (ဘောင်ထဲ)တွင် လူတိုင်း သို့မဟုတ် အရာရာတိုင်းကို ထည့်ထားပြီး ၎င်းလူတိုင်း သို့မဟုတ် ၎င်းအရာရာတိုင်းကို တစ်ပြေးညီ တံဆိပ်ကပ်ပစ်တော့၏။

*ကလေးသူငယ်အားလုံး ချစ်စရာကောင်းသည်။*

*ရှေ့နေအားလုံး အငြင်းသန်သည်။*

*အီတာလျံအားလုံး စိတ်ကူးယဉ်အချစ်ကို မက်မောကြသည်။*

mgyoe.com

mgyoe.com


*ပြင်သစ်အမျိုးသမီးအားလုံးသည် လက်ဖျားခါလောက်အောင် ထမင်းချက်၊ ဟင်းချက်ကောင်းသူများ ဖြစ်၏။*

ထိုသို့သော ခြုံငုံကောက်ချက်များကို စောဒကတက်လိုသည်ဆိုလျှင် သင့်အနေဖြင့် ***တော်တော်များများ သို့မဟုတ် အများစု*** ဆိုသော စကားလုံးများ သုံးစွဲသင့်ကြောင်း အကြံပေးရပါမည်။ အကယ်၍ ၎င်းစကားလုံးများကို သုံးလို့မဖြစ်၊ သုံးလျှင် ၎င်းစကားများက ငြင်းခုံချက်၏ ကြောင်းကျိုးဆက်စပ်မှုကို ဖျက်ဆီးပစ်သည်ဆိုလျှင် ၎င်းကြောင်းကျိုးဆက်စပ်တွေးခေါ်ခြင်း၏ ခိုင်မာမှုကို သင် သံသယဖြစ်ဖို့ လိုလာတော့၏။ ယုတ်စွအဆုံး လူတွေနှင့် ပတ်သက်သည့်အပိုင်းကို သင် ဝေဖန်စောကြောရပါတော့မည်။ နည်းပညာဆိုင်ရာ နယ်ပယ်များတွင်တော့ ခြုံငုံကောက်ချက်များကို မသုံးမဖြစ် သုံးကိုသုံးရပါသည်။

**ခန့်မှန်းချက်များ**

ခရီးသည်တင် လေယာဉ်ကြီးတစ်စင်းသည် ကောင်းကင်တွင် ပျံသန်းနေရင်း စက်တစ်လုံး ချို့ယွင်းသွားသည်။ ထိုအခါ လေယာဉ်မှူးက စီးနင်းလိုက်ပါလာသည့် ခရီးသည်များအား တောင်းပန်စကား ပြောသည်။ လေယာဉ်ကြီးသည် စက်တစ်လုံး ပျက်သွားသည့်အတွက် ၎င်းစက်ကို ရပ်ထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသည်များ နယူးယောက်သို့ ရောက်ချိန် နှစ်နာရီနောက်ကျသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရသည့်အတွက် ခရီးသည်များအား အနူးအညွတ် တောင်းပန်ပါကြောင်းဟူ၍။ ထို့နောက် များမကြာမီအတွင်း ဒုတိယစက်တစ်လုံး ပျက်သွားပြန်သည်။ ထိုအခါ လေယာဉ်မှူးက ခရီးသည်များအား တောင်းပန်ပြန်သည်။ နယူးယောက်သို့ လေးနာရီနောက်ကျပြီး ရောက်မည့်အကြောင်း။ ထို့နောက် တတိယအင်ဂျင် ပျက်ပြန်သည်။ သည်တစ်ချီကျတော့ တွဲဖက်လေယာဉ်

mgyoe.com

mgyoe.com


မှူးက လေယာဉ်မှူးဘက်သို့ ခါးကိုင်းပြီး "ဘုရားသိကြားမလို့ နောက်ဆုံး အင်ဂျင်ပါ မပျက်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ၊ မဟုတ်ရင် ကျွန်တော်တို့ အားလုံး မိုးပေါ်မှာပဲ အိပ်ကြရတော့မယ်နော်" ဟု ပြောလိုက်သည် ဟူ၏။

ခန့်မှန်းချက်ဆိုသည်မှာ လားရာလမ်းကြောင်း (trend)တစ်ခုကို ကြိုတင်,တင်ပြ၏။ ပြီးတော့ ထိုလမ်းကြောင်း ဆက်လက်ဖြစ်ထွန်းလာ မည်ဟု မှတ်ယူထား၏။ ကမ္ဘာကြီးပူနွေးလာမည် အစရှိသည့် အကြောင်း များကို ကြိုတင်သတိပေးရာ၌ ဂေဟဗေဒပညာရှင်များသည် ဤနည်းကို သာ သုံးကြ၏။ မိမိတို့သိရသည့် အချက်အလက်များပေါ် အခြေပြုပြီး ခန့်မှန်းချက် ထုတ်ကြရသည်ဖြစ်ရာ သူတို့၏ ခန့်မှန်းချက်များ မှန်ချင် လည်း မှန်မည်၊ သို့မဟုတ် မှားချင်လည်း မှားပေမည်။

တတိယအဆင့်ပညာရေး (ကောလိပ်နှင့် တက္ကသိုလ်)သို့ တက် ရောက်သည့် စာသင်သားဦးရေသည် နိုင်ငံအများစုတွင် တိုးမြင့်လာ သည်။ သည်တော့ တတိယအဆင့်ပညာရေးကို လူတိုင်း တက်ရောက် သင်ယူထားသည့် နိုင်ငံတစ်နိုင်ငံတွင် ၎င်းပညာတတ်များနှင့် ထိုက်တန် သည့် အလုပ်အကိုင်များ လုံလောက်စွာမရှိဟု ကျွန်တော်တို့ ခန့်မှန်းချက် ထုတ်လျှင် ဖြစ်နိုင်မည်လား။

တရုတ်ပြည်၏ စီးပွားရေးသည် တစ်နှစ်လျှင် ရှစ်ရာခိုင်နှုန်းခန့် တိုးတက်နေ၏။ (အခြားနိုင်ငံများထက် များစွာ ပိုမိုလျင်မြန်စွာ တိုးတက် နေ၏။ ဤတိုးတက်နှုန်းအရဆိုလျှင် တရုတ်ပြည်သည် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်လာလိမ့်မည်ဟု ကျွန်တော်တို့ ခန့်မှန်း ချက်ထုတ်လို့ ရနိုင်မည်လား။

ခြုံငုံကောက်ချက်များနည်းတူ ကြိုတင်ခန့်မှန်းချက်များကိုလည်း သတိထားပြီး သဘောတူလက်ခံရပါမည်။ ခန့်မှန်းချက်တွေထဲတွင် အမှန်တရားတချို့ ပါကောင်းပါမည်။ သို့ပေမဲ့ သူတို့ခန့်မှန်းသလို ဖြစ်ချင်

mgyoe.com

mgyoe.com


မှလည်း ဖြစ်လာပါလိမ့်မည်။ ကြိုတင်တွက်ချက်ခန့်မှန်းထားသည့် လားရာလမ်းကြောင်းနှင့် ဆန့်ကျင်သည့် အင်အားစုများ မကြာခဏ ဖြစ်ပေါ်လာတတ်ပါသည်။

**ဖြစ်နိုင်ခြေရှိခြင်းနှင့် ကေန်ဖြစ်ခြင်း**

သဘောမတူမှုနှင့် ပတ်သက်သည့် အရေးအကြီးဆုံး အချက်တစ်ချက်ဖြစ်၏။

တစ်ဖက်လူ၏ ပြောဆိုချက်ထဲမှ တချို့အချက်များကို ဖြစ်နိုင်ခြေရှိသည့် အချက်များအဖြစ် သင် လက်ခံချင်ကောင်း လက်ခံမည်။ သို့ပေမဲ့ ကေန်ကေ အချက်များအဖြစ်တော့ သင် လက်ခံချင်စိတ် အလျှင်းမရှိသလောက် ဖြစ်ချင်ဖြစ်နေမည်။

လူငယ်များ ကျောင်းထွက်ရမည့်အရွယ်ကို သက်တမ်းတိုးမြှင့်လိုက်ခြင်းအားဖြင့် လူငယ်ရာဇဝတ်မှုများ လျော့ကျသွားလိမ့်မည်။ ဤခန့်မှန်းချက်ကို ကေန်ဖြစ်ရပ်အဖြစ် လက်သင့်ခံဖို့ များစွာ ခက်ခဲပါလိမ့်မည်။

အိမ်ထောင်ပြိုကွဲသွားသည့်အတွက် ယောကျ်ားတွေ ကိုယ့်ကိုယ်ကိုယ် သတ်သေနှုန်း တိုးမြင့်လာနိုင်ခြေရှိသည်။ ထိုအဆိုကို ကြားရသောအခါ မိန်းမများထက် ယောကျ်ားများက ပိုမို အံ့သြကြသည်။ ဝေါဟာရအသုံးအနှုန်းတွင် ***ဖြစ်နိုင်ခြေရှိခြင်း* နှင့် *မလွဲကေန်ဖြစ်ခြင်း*** အကြားများစွာ ကွာခြားပါသည်။

ဖြစ်နိုင်ခြေရှိ၊
ဖြစ်ကောင်းဖြစ်နိုင်၊
အလားအလာအလွန်ရှိ၊
သေချာသလောက်ရှိ၊
သေချာပေါက်နီးပါး၊

mgyoe.com

mgyoe.com


မလွဲဧကန်။

မလွဲဧကန်ဖြစ်မည်ဟူသော တင်ပြချက်တစ်ခုကို သဘောမတူကြောင်း ပြောသည့်အခါ သင့်ဘက်က လက်ခံနိုင်သည့် အပိုင်းကိုလည်း ထည့်ပြောပါ။ လက်ခံနိုင်သည့် အတိုင်းအတာကို ဖော်ပြသည့် စကားလုံးကို သုံးဖြစ်အောင် သုံးပါ။

"နောင်နှစ်ပေါင်းငါးဆယ်ဆိုရင် တရုတ်ပြည်ဟာ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံ ဖြစ်လာမယ်ဆိုတာ ဖြစ်နိုင်ခြေရှိပါတယ်"

"နောင်နှစ်ပေါင်းငါးဆယ်ဆိုရင် တရုတ်ပြည်ဟာ ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံ ဖြစ်လာမယ်ဆိုတာ သိပ်ဖြစ်နိုင်ခြေ ရှိပါတယ်"

"အာဖရိကတိုက်မှာ အိပ်ချ်အိုင်ဗီရောဂါဟာ အဓိကပြဿနာကြီး ဖြစ်လာဖို့ အလားအလာ သိပ်များပါတယ်"

**သဘောကွဲလွဲခြင်း သို့မဟုတ် သဘောမတူခြင်း**

သဘောမတူခြင်းသည် တစ်နည်းအားဖြင့် အမှန်တရား အလေးထားခြင်းကို ညွှန်းရာရောက်၏။ လူတစ်ဦးပြောသည့် စကားသည် အမှားကြီး ဖြစ်နေနိုင်သည်။ သို့မဟုတ် စစ်ဆေးကြည့်ပြီး မှန်ကန်ကြောင်း သက်သေအထောက်အထားမပြဘဲ မှန်သည်ဟု တင်ပြလာသည့် အဆိုလည်း ဖြစ်နေနိုင်၏။

သဘောကွဲလွဲခြင်းအခန်းတွင် စပါဂက်တီ (အီတာလျံခေါက်ဆွဲ) နှင့် တင်စားပြီး ဥပမာပေးထားသည်။ စပါဂက်တီကို အချဉ်ရေ (ဆော့စ်) အမျိုးမျိုးရှိသည့်အနက် ဘယ်လိုအချဉ်ရည်နှင့်စားလျှင် ပိုကောင်းမည် ဆိုသည်မှာ ရွေးချယ်မှုနှင့်ပဲ ပတ်သက်သည်။ အကယ်၍ စပါဂက်တီကို ကော်ဖီမှုန့်ဖြူးပြီး စားကြည့်ပါဟု တစ်စုံတစ်ယောက်က အကြံပေးလာလျှင် သူ့အဆိုပြုချက် တကယ်တက်စင် မှားသည်ဆိုပြီး သင် ပယ်ချပေလိမ့်မည်။

mgyoe.com

mgyoe.com


တကယ်တော့ စပါဂက်တီကို ကော်ဖီမှုန့်ဖြူးပြီး စားခြင်းကို ကျွန်တော် ကိုယ်တိုင် လက်တွေ့စမ်းကြည့်ပြီးပြီ။ တော်တော် အရသာရှိကြောင်း လည်း သိပြီးပြီ။ သို့ဖြစ်သည့်တိုင် စပါဂက်တီကို ဒီဇယ်ဆီဆမ်းပြီး စားကြည့်ပါလားဟု တစ်စုံတစ်ဦးက အကြံပေးလာလျှင် သူ့အကြံပေး ချက်ကို သင် မလွဲဧကန် ပယ်ချပေလိမ့်မည်။ အရသာ မကောင်းရုံသာ မဟုတ်၊ အဆိပ်ဖြစ်နိုင်သည်ဆိုသော အကြောင်းပြချက်ကိုလည်း သင် ကိုင်စွဲထားမည်ဖြစ်၏။

သည်တော့ သဘောမတူကြောင်း ပြောရာ၌ ပတ်သက်ရာ ပတ်သက်ကြောင်း အကြောင်းအချက် အတော်များများထဲမှ တစ်ခုခုကို ထောက်ပြရပါမည်။

အဲဒါကတော့ မှားကိုမှားနေတာဗျ။

အဲဒါက ဖြစ်နိုင်ခြေရှိပါတယ်။ ဒါပေမဲ့ မလွဲဧကန် ဖြစ်မယ်လို့တော့ ပြောမရဘူးနော်။

အဲဒါက ရွေးချယ်စရာတွေ အများကြီးထဲက တစ်ခုပဲ ရှိပါသေးတယ်။

အဲဒါက ခင်ဗျားအတွေ့အကြုံလေ။

အဲဒါက ခင်ဗျားလက်ခံထားတဲ့ တန်ဖိုးတွေနဲ့တော့ အံဝင်ခွင်ကျပါပဲ။

အဲဒါက ခင်ဗျားအတွက် မှန်ပေမဲ့ ကျွန်တော့်အတွက် မမှန်ဘူးဗျ။

အဲဒါက စိတ်လှုပ်ရှားမှုတွေနဲ့ တစ်ယူသန်အစွဲတွေပေါ်မှာ အခြေ ပြုထားတာကိုး။

အဲဒါက ရွေးထုတ်ထားတဲ့ အသိအမြင်ပေါ်မှာ တည်ဆောက်ထား တာလေ။

အဲဒီ ကောက်ချက်က ရှေ့အဆိုနဲ့ မကိုက်ညီဘူး။

အဲဒါက အနာဂတ်အတွက် ဖြစ်နိုင်ခြေရှိတဲ့ ထင်မြင်ချက်တစ်ခုပဲ ရှိသေးတယ်။

mgyoe.com

mgyoe.com


သဘောမတူ၊ လက်မခံကြောင်း ပြောနည်းမျိုးစုံ ရှိ၏။ အကြောင်းပြနည်းမျိုးစုံ ရှိ၏။ ထိုသို့ ပြောဆိုထောက်ပြနည်းတွေ မြောက်မြားစွာရှိသည့်အထဲမှ တစ်မျိုးမဟုတ် တစ်မျိုးကို ညွှန်ပြပါ။ တိတိကျကျ ပြောပြပါ။ သင့်အနေဖြင့် သဘောမတူ၊ လက်မခံနိုင်ကြောင်း တုံးတိကြီးပြောခြင်းကတော့ ပြတ်တောင်းလွန်းရာ ရောက်ပါသည်။ မပြေမပြစ်နှင့် ကြွပ်ဆတ်ဆတ်နိုင်လွန်းရာ ကျပါသည်။

သဘောမတူ၊ လက်မခံကြောင်း ပြေပြေပြစ်ပြစ် ပြောမည်ဆိုလျှင် သွယ်ကာဝိုက်ကာ ညွှန်ပြတတ်ဖို့ လိုအပ်ပါသည်။ ထိုသို့ ညွှန်ပြပြီးသည်နှင့် သဘောမတူခြင်း အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်လို့ ရလာတော့၏။

**သဘောမတူကြောင်း ဘယ်လိုပြောမည်လဲ**

လက်တွေ့ကျင့်သုံးလို့ရသော အကျဉ်းချုပ်အချက်များကို ဖော်ပြပါမည်။

၁။ သဘောမတူချင်လို့ကို သဘောမတူတာမျိုး မလုပ်ပါနှင့်။

၂။ သင် ဘယ်လောက်တော်ကြောင်း တတ်ကြောင်း ပြဖို့သက်သက်၊ သို့မဟုတ် သင်၏ မာနတံခွန်ကို လွှင့်ပြဖို့သက်သက်အတွက် သဘောမတူ လက်မခံခြင်း မပြုပါနှင့်။

၃။ သင်သဘောမတူဘူးဆိုလျှင် ရိုင်းစိုင်းစွာ၊ မာထန်စွာ ပြောမည့်အစား ယဉ်ကျေးစွာ၊ ညင်သာစွာ ပြောပါ။

၄။ အချက်အလက်တစ်ခု သို့မဟုတ် ပြောဆိုချက်တစ်ခု အမှားကြီးမှားနေသည်ကို ထောက်ပြရန် သဘောမတူကြောင်း ပြောဖို့ လိုအပ်ချင် လိုအပ်နေပါမည်။

၅။ ရှေ့အဆိုအတိုင်း ကောက်ချက်က မလွဲမသွေ လိုက်ရမည်

mgyoe.com

mgyoe.com


ဆိုတာ ထောက်ပြဖို့ သို့မဟုတ် ကြောင်းကျိုးဆက်စပ်မှု အမှားများကို ထောက်ပြဖို့ လိုအပ်ကောင်း လိုအပ်ပါမည်။

၆။ တစ်ဖက်လူ၏ တင်ပြချက်ထဲမှ ရွေးထုတ်ရွေးနုတ် အသိအမြင်များကို ထောက်ပြဖို့၊ ပြီးတော့ ဖြစ်ရပ်များ သို့မဟုတ် စာရင်းအင်းများကို အဓိပ္ပာယ်ကောက်ချက် အမှားများကို ထောက်ပြဖို့ လိုအပ်ကောင်း လိုအပ်ပါမည်။

၇။ စိတ်လှုပ်ရှားမှုများ၊ တစ်ယူသန်အစွဲများ၊ တရားသေအတွေးအမြင်များ စွက်နေသည့် အပိုင်းများကို ညွှန်ပြဖို့ လိုအပ်ကောင်း လိုအပ်ပါသည်။

၈။ မတူ ခြားနားသော အတွေ့အကြုံရှိနေကြောင်း ဖော်ပြချင်သည့်အတွက် သဘောမတူကြောင်းပြောဖို့ လိုအပ်ကောင်း လိုအပ်ပါမည်။

၉။ ခြုံငုံကောက်ချက်အများစုကိုတော့ သင် စောဒကတက်ချင်ပေလိမ့်မည်။

၁၀။ အနာဂတ်ကာလအတွက် အစွန်းရောက် ခန့်မှန်းချက်များအပေါ် အခြေပြုသည့် ကောက်ချက်များကို သင် စိန်ခေါ်ချင်ကောင်း စိန်ခေါ်ချင်ပါလိမ့်မည်။

၁၁။ မလွဲဧကန် ဖြစ်မည်ဆိုသည့် ကောက်ချက်မျိုးကို စောဒကတက်ပြီး ဖြစ်နိုင်ခြေရှိသည်ဆိုသည့် ကောက်ချက်မျိုးဖြင့် အစားထိုးသုံးစွဲဖို့ အလွန်အရေးကြီးပါသည်။

၁၂။ မတူခြားနားသော ထင်မြင်ချက်တစ်ခု ရှိနေခြင်းနှင့် ထင်မြင်ချက်တစ်ခုကို ကိုင်စွဲပြီး သဘောမတူကြောင်း ပြောခြင်းကို ခွဲခြားသိမြင်ပါ။

❐

mgyoe.com

mgyoe.com

အခန်း (၃)

# သဘောကွဲလွဲကြောင်း ဘယ်လိုပြောမည်လဲ

ပြဇာတ်တစ်ခုတွင် ပါဝင်သရုပ်ဆောင်ခွင့်ရရေးအတွက် သရုပ်ဆောင်များသည် အစမ်းသရုပ်ဆောင်ပြပြီး အစစ်ဆေးခံကြသည်။ သူတို့ခမျာ အကြိမ်ကြိမ် အပယ်ခံကြရသည်။ အပယ်ခံရဖန်များလာတော့ သူတို့တစ်တွေ စိတ်ပျက်ကြသည်။ ကြာတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပင် နည်းပါးလာသည်။ ထိုအခါ သူတို့၏ ကိုယ်စားလှယ်ဖြစ်သူက သူတို့ကို အားပေးနှစ်သိမ့်စကား ပြောသည်။

"ခင်ဗျားက ချိုမွှေးနေတဲ့ ပန်းသီးတစ်လုံးဗျ။ သူတို့လိုချင်တာက လိမ္မော်သီးတွေလေဗျာ၊ ခုလိုဖြစ်နေတဲ့အတွက် ခင်ဗျားဟာ သရုပ်ဆောင်ညံ့သူမဟုတ်သလို အပေါစားပန်းသီးဖြစ်နေပြီလို့ အဓိပ္ပာယ်မထွက်ပါဘူး။ သူတို့က မတူခြားနားတာ တစ်ခုခုကို လိုချင်တာမို့ ခုလိုဖြစ်နေတာပါဗျာ"

တချို့က အီတာလျံခေါက်ဆွဲကို ငရုတ်သီးချဉ်ရည်ဖြင့် ကြိုက်ကြသည်။ တချို့က ခရမ်းချဉ်သီးချဉ်ရည်ဖြင့် ကြိုက်ကြသည်။ ကိုယ်သိသော၊ ကိုယ်စားဖူးသော ချဉ်ရည်အမျိုးအစားနှင့်မှ ကောင်းသည် ထင်သူ

mgyoe.com

mgyoe.com

တွေလည်း ရှိ၏။ သူတို့အကြိုက်တွေ အမျိုးမျိုးကွဲပြားနေသည်။ ထိုသို့ ဖြစ်နေသည့်အတွက် တစ်မျိုးက အခြားတစ်မျိုးထက် ပိုကောင်းသည်၊ ပိုသာသည်ဟု ပြောလို့မရပါ။

မိသားစုတစ်စုတွင် ကလေးတွေ ရှိ၏။ သူတို့ တစ်ဦးနှင့်တစ်ဦး မတူကြ၊ ကွဲပြားခြားနားကြသည်။ သို့ပေမဲ့ မိဘများကတော့ သူတို့အားလုံးကို ချစ်သည်သာ။ ဘယ်သူ့ကို ပိုချစ်၊ ဘယ်ဝါကို လျှော့ချစ်ဟူ၍ မရှိ။ အားလုံးကို ညီတူမျှတူ ချစ်သည်။ ထိုသဘောအတိုင်းပါပဲ။

## ကွဲလွဲချက်နှစ်မျိုး

အံ့စရာတော့ ကောင်းသား။ အမှောင်ထုထဲမှာဆိုလျှင် လူများစုသည် ဝီစကီနှင့် ကော့ညက်ကို ခွဲခြားမသိကြဟု ပြောသည်။ သည်တော့ ကစားပွဲတစ်ပွဲတွင် ပါဝင်ကစားသူများအား အမှောင်ထုထဲတွင် ဖန်ခွက်တစ်လုံး လက်ဆင့်ကမ်းပေးသည်။ ထိုဖန်ခွက်ထဲတွင် ဝီစကီထည့်ထားသလား၊ ကော့ညက်ထည့်ထားသလား ဆိုတာကို ကစားသူများက ခန့်မှန်းရသည်။ တချို့ကပြောသည်။ ဖန်ခွက်ထဲက အရက်သည် ဝီစကီတဲ့။ တချို့ကတော့ ကော့ညက်တဲ့လေ။ ထင်မြင်ချက်တွေ ကွဲလွဲသည်။ ခြားနားသည်။ သို့ပေမဲ့ အမှန်တရားက တစ်ခုပဲရှိသည်။ ဖန်ခွက်ထဲတွင် ရှိသည့် အရက်သည် ဝီစကီဖြစ်လျှင်ဖြစ်၊ ဝီစကီမဟုတ်လျှင် ကော့ညက်ဖြစ်ရမည်။ ဝီစကီရော၊ ကော့ညက်ရော နှစ်မျိုးစလုံးတော့ မဖြစ်နိုင်။

သည်တော့ ထင်မြင်ချက်တွေ ကွဲပြားခြားနားနေသည်။ သည်အထဲက ထင်မြင်ချက်တစ်မျိုးသာ မှန်မည်။

"ဟောဒါ ဘာလဲ"

ထိုမေးခွန်းအတွက် ကွဲပြားခြားနားသော ထင်မြင်ချက်တွေ ပေါ်ထွက်လာနိုင်၏။ သို့သော် အမျှော်လင့်နိုင်ဆုံး အနေအထားမှာ ထင်မြင်

mgyoe.com

mgyoe.com

ချက်တစ်ခုတည်းသာ မှန်ပါမည်။ (သူတို့အားလုံး မှားချင်လည်းမှားမည်)

သည်တော့ ကွဲလွဲပုံတစ်မျိုးမှာ ထင်မြင်ချက်တစ်မျိုးက မှန်ပြီး ကျန်ထင်မြင်ချက် အားလုံးမှားသည့် ကွဲလွဲနည်း ဖြစ်၏။

သို့ဖြစ်စေကာမူ ကွဲလွဲပုံ နောက်တစ်မျိုး ရှိသေးသည်။

ကျွန်တော်တို့ မဂ္ဂဇင်းဈေးနှုန်းတိုးမြှင့်လိုက်လျှင် ဝယ်သူဦးရေ လျော့နည်းသွားပြီး ကျွန်တော်တို့ ငွေကြေး အရှုံးပေါ်နိုင်၏။

ကျွန်တော်တို့ မဂ္ဂဇင်းဈေးနှုန်း တိုးမြှင့်လိုက်လျှင် ဂုဏ်သိက္ခာကြီးသည့် မဂ္ဂဇင်းအဖြစ် လူတွေက သဘောထားကြလိမ့်မည်။ သည်တော့ စာဖတ်ပရိသတ်ပင် ပို၍ များလာနိုင်သေးသည်။ ထို့ပြင် မဂ္ဂဇင်း ပိုရောင်းရသည့်အတွက် ဝင်ငွေ ပိုကောင်းလာနိုင်သည်။

ကျွန်တော်တို့ အနာဂတ်ကာလကို လှမ်းမျှော်ကြည့်သည့်အခါ တိုင်း ဘာတွေဖြစ်လာမည်လဲဆိုတာနှင့် ပတ်သက်၍ ကွဲပြားခြားနားသော ထင်မြင်ချက်တွေ ပေါ်ထွက်လာနိုင်ခြေ အမြဲရှိ၏။ ဘယ်ထင်မြင်ချက်က မှန်သည် ဟူ၍ ကြိုတင်ပြောဖို့ အလွန်မတန် ခက်ခဲပါသည်။ အချို့ကိစ္စများတွင် သုတေသနပြုချက်များ ရှိမည်။ သို့မဟုတ် အစဉ်အလာများ၊ သာဓကများ ရှိမည်။ ထိုအခါ ဘယ်ထင်မြင်ချက်က မှန်နိုင်သလဲဆိုတာ ပြောလို့ရနိုင်၏။

သို့ဖြစ်သော်လည်း အနာဂတ်အတွက် ကွဲပြားခြားနားသော ထင်မြင်ချက်များ လွတ်လွတ်လပ်လပ် ပေးလို့ရပါသည်။

**ကွဲလွဲမှု ရင်းမြစ်များ**

ဟောဒီဟင်းက ဆားပေါ့နေတယ်၊ ဟောဒီဟင်းက အပေါ့အငန် အတော်ပဲ။

အကြိုက်ချင်း မတူကြ။ ကိုယ့်အကြိုက်နှင့်ကိုယ်။ အကြိုက်ချင်း

mgyoe.com

မတူသည့်အပေါ် မူတည်ပြီး ကွဲလွဲချက်တွေ ပေါ်ထွက်လာ၏။ တချို့လူတွေက စိတ်ချောက်ချားဖွယ် ရုပ်ရှင်များ ကြိုက်သည်။ တချို့လူတွေကတော့ ဒိန်းဒိန်းဒိုင်းဒိုင်း ပစ်ခတ်တိုက်ခိုက်သည့် အက်ရှင်ကားတွေ ကြိုက်သည်။ တချို့ကတော့ ကောင်းဘွိုင်ကားများပဲ ကြိုက်သည်။ တစ်ဦးနှင့်တစ်ဦး အကြိုက်ချင်းမတူကြသည့်အတွက် ကိုယ့်အကြိုက် ကိုယ်ရွေးပြီး လက်ထပ်ကြသည်။ အိမ်ထောင်ပြုကြသည်။

အေဆိုသည့်နေရာမှ ဘီဆိုသည့်နေရာသို့ အရောက်သွားဖို့ အကောင်းဆုံးလမ်း ရွေးချယ်ခြင်းနှင့် ပတ်သက်၍ လူနှစ်ယောက် အငြင်းပွားနေ၏။

*ကလစ်ဖို့ဒ်ဆိုသည် ရွာကလေးမှ ဖြတ်သွားလျှင် အကောင်းဆုံးဖြစ်မည်။*

*အမြန်လမ်းမကြီးအတိုင်း သွားခြင်းသည်သာ အကောင်းဆုံးဖြစ်မည်။*

*သည်တော့ အကောင်းဆုံးဆိုတာ ဘာလဲဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်ပေါ်မှာ မူတည်နေသည်။*

ဖြစ်နိုင်ခြေရှိသော အဓိပ္ပာယ်ဖွင့်ချက်တွေ တော်တော်များများ ထွက်လာနိုင်၏။

အကောင်းဆုံးဆိုသည်မှာ အမြန်ဆုံးဟု အဓိပ္ပာယ်ရသည်။

အကောင်းဆုံးဆိုသည်မှာ ရှုခင်းအလှဆုံးလမ်းဟု အဓိပ္ပာယ်ရသည်။

အကောင်းဆုံးဆိုသည်မှာ သွားရေးလာရေး အလွယ်ဆုံးလမ်းဟု အဓိပ္ပာယ်ရသည်။

အကောင်းဆုံးဆိုသည်မှာ ယာဉ်အသွားအလာ အရှင်းဆုံးလမ်းဟု အဓိပ္ပာယ်ရသည်။

mgyoe.com

mgyoe.com


အကောင်းဆုံးဆိုသည်မှာ အတိုဆုံးလမ်းကြောင်းဟု အဓိပ္ပာယ်ရသည်။

အကောင်းဆုံးဆိုသည့် စကားအဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း တိတိကျကျ အဓိပ္ပာယ်ဖွင့်မထားသရွေ့ ကာလပတ်လုံး ကွဲပြားခြားနားသော ထင်မြင်ချက်အားလုံး ကျိုးကြောင်းညီညွတ်နေပါသည်။ သူ့အယူအဆနှင့်သူ ခိုင်လုံနေပါသည်။ လူတစ်ဦးအတွက် သွားရေးလာရေး အလွယ်ဆုံးလမ်းအတိုင်း လိုက်ခြင်းသည် အကောင်းဆုံးဖြစ်နေမည်။ အခြားတစ်ဦးအတွက်တော့ အမြန်ဆုံးရောက်သည့်လမ်းသည် အကောင်းဆုံးဖြစ်နေမည်။ နောက်တစ်ဦးအတွက်မူ ရှုခင်းအလှဆုံးလမ်းသည် သွားဖို့ အကောင်းဆုံးလမ်းဖြစ်နေမည် စသည် စသည်ဖြင့်ပေါ့။

လူတစ်ဦးသည် ဘုရားရှိခိုးကျောင်း၏ မြောက်ဘက်တွင် ရပ်နေ၏။ သူက သူ့ရှုထောင့်မှ မြင်ရသည့် မြင်ကွင်းကို ဖွဲ့နွဲ့ပြောပြ၏။ အခြားလူတစ်ဦးက ဘုရားရှိခိုးကျောင်း၏ တောင်ဘက်တွင် ရပ်နေ၏။ သူကလည်း သူ့ရှုထောင့်မှ သူမြင်ရသည့် မြင်ကွင်းကို ဖွဲ့နွဲ့ပြောပြ၏။ ဘုရားရှိခိုးကျောင်းနှင့် ပတ်သက်၍ သူတို့နှစ်ဦး၏ မတူညီသော အမြင်နှစ်မျိုးစလုံးသည် ကျိုးကြောင်း ဆီလျော်၏။ သူ့အမြင်နှင့်သူ ခိုင်လုံနေ၏။

မိမိ၏ မော်တော်ကားကို အဖြူတစ်ခြမ်း အနက်တစ်ခြမ်း ဆေးသုတ်ထားသူတစ်ဦး၏ ဇာတ်လမ်းရှိပါသည်။ သည်လို ကြောင်တောင်တောင် ထူးထူးခြားခြားအလုပ်ကို ဘာကြောင့်လုပ်သလဲဟု သူ့မိတ်ဆွေများက မေးကြသည်။ သူပြန်ပြောပြသည်မှာ –

“ကျုပ် မတော်တဆ ကားတိုက်မှုဖြစ်တဲ့အခါ မျက်မြင်သက်သေတွေရဲ့ ထွက်ဆိုချက်တွေကို ကြားရတာ ရယ်ရလွန်းလို့ဗျာ၊ သူတို့တစ်တွေ ကျမ်းကျိန်ပြီး ထွက်ဆိုကြတာပဲလေ၊ တစ်ယောက်က ထွက်ဆိုတယ်၊ မော်တော်ဆိုင်ကယ် စီးလာသူကို ဝင်တိုက်လိုက်တာ ကားအဖြူကလေး

mgyoe.com

ပါတဲ့၊ နောက်တစ်ယောက်ကတော့ ဝင်တိုက်တဲ့ကားဟာ ကားအနက် ကလေးပါတဲ့လေ"

မျက်မြင်သက်သေနှစ်ဦးစလုံး သူ့ရှုထောင့်နှင့်သူ၊ သူ့အမြင်နှင့်သူ မှန်ကြပါလိမ့်မည်။

စီးပွားရေးလုပ်ငန်းအတွက် သို့မဟုတ် အိမ်ဝယ်ဖို့အတွက် ငွေချေး သူများ၏ ရှုထောင့်မှကြည့်လျှင် အတိုးနှုန်းနည်းခြင်းသည် ကောင်းသော အခြင်းအရာဖြစ်၏။ သို့သော် ငွေထုတ်ချေးသူများ (ဘဏ်များ စသည်)၏ ရှုထောင့်မှကြည့်လျှင်မူ အတိုးနှုန်းနည်းခြင်းသည် ဝမ်းမြောက်ကြိုဆိုရမည့် အခြင်းအရာ လုံးဝမဟုတ်ပေ။ အမြင်နှစ်မျိုး ကွဲလွဲချက်က ကြီးမားလှသည်။ ဆန့်ကျင်ဘက်အမြင်နှစ်မျိုး၊ သို့ပေမဲ့ အမြင်နှစ်မျိုးစလုံး မှန်နေ၏။

ခြားနားသော အမြင်တစ်မျိုးက ခြားနားသော သဘောထား တစ်ရပ်ကို ပေးအပ်ပါလိမ့်မည်။ သို့ဖြစ်စေကာမူ ရှုထောင့်တစ်ခုတည်းမှ ကြည့်ရမြင်ရသော်လည်း ခြားနားသော သဘောထားများ ပေါ်ပေါက်နိုင် ပါသေးသည်။

ကျောင်းများတွင် ကွန်ပျူတာများ အသုံးပြုခြင်းအားဖြင့် သတင်း အချက်အလက်မျိုးစုံကို ကလေးတွေ ကြားသိလေ့လာခွင့် ရလာ၏။ ဤကား မိဘတစ်ဦး၏ အမြင်။

အခြားမိဘတစ်ဦး၏ အမြင်ကတော့ ကွန်ပျူတာများက ကလေး သူငယ်များအချင်းချင်း ပေါင်းသင်းဆက်ဆံရေးများ နည်းပါးသွားစေ၏။ ထိုသို့ နည်းပါးသွားခြင်းကြောင့် ကလေးသူငယ်များအချင်းချင်း သင့် မြတ်အောင် ပေါင်းသင်းနိုင်စွမ်း နည်းပါးသွားစေသည် ဟူ၏။ အယူ အဆ နှစ်မျိုးစလုံးသည် ကျောင်းသားမိဘများထံမှ ပေါ်ထွက်လာသည် ချည်း။ ထင်မြင်ချက်နှစ်မျိုးစလုံး အကျိုးသင့်အကြောင်းသင့် ရှိ၏။ သူ့ရှုထောင့်နှင့်သူ ခိုင်လုံနေ၏။

mgyoe.com

mgyoe.com

ဖန်ခွက်တစ်လုံးရှိ၏။ ၎င်းဖန်ခွက်ထဲတွင် ဝိုင်တစ်ဝက်ထည့်ထားသည်။ အဆိုးမြင်ဝါဒီက ဖန်ခွက်ထဲတွင် ဝိုင်အပြည့်မရှိ၊ တစ်ဝက်လျော့နေသည်ဟု ရှုမြင်သည်။

အကောင်းမြင်ဝါဒီကတော့ ဖန်ခွက်ထဲတွင် ဝိုင်တစ်ဝက်တောင်ရှိသည်။ ဖန်ခွက်တစ်ဝက်ပြည့်နေသည်ဟု ရှုမြင်သည်။

အသုံးပြုပြီးပစ္စည်းများမှ ပစ္စည်းအသစ်ထုတ်လုပ်ရေး အတိုင်ပင်ခံပညာရှင်က ဖန်ခွက်ကိုကြည့်ပြီး "ဖန်သားက အထူကြီးပါလား" ဟု မှတ်ချက်ချ၏။ ဝိုင်ချက်လုပ်သူကတော့ ဖန်ခွက်ကိုကြည့်ပြီး "ထည့်ထားတာ ဝိုင်နီပဲ" ဟု ရေရွတ်၏။

သဘောတူခြင်းအခန်းတွင် တင်ပြထားသည့်အတိုင်း ကွဲပြားသောတန်ဖိုးများက ကွဲပြားသော ထင်မြင်ချက်များ အမြဲဖြစ်ပေါ်စေပါသည်။

မိခင်ဝမ်းထဲမှာ ရှိနေဆဲဖြစ်သည့် ကလေးများကို အကူအညီပေးရေးစီမံကိန်းကို အမေရိကန်အစိုးရက ကြံဆခဲ့၏။ ထိုအခါ ကွဲပြားခြားနားသော တန်ဖိုးများက ကွဲပြားခြားနားသော ထင်မြင်ချက်များကို ဖြစ်ပေါ်စေခဲ့လေသည်။

၎င်းစီမံကိန်းကို ကြိုဆိုထောက်ခံသူများက မိန်းမသားတစ်ဦးကိုယ်ဝန်ဆောင်ရပြီဆိုကတည်းက လိုအပ်ချက်တွေ ပေါ်ပေါက်လာကြောင်း၊ သည်တော့ မရှိမဖြစ် လိုအပ်ချက်များကို ကူညီထောက်ပံ့ပေးခြင်းသည် ကြောင်းကျိုးဆီလျော်ကြောင်း ပြောပြ၏။

တချို့က တစ်မျိုးမြင်သည်။ ၎င်းအစီအစဉ်သည် ကိုယ်ဝန်ဖျက်ချမည့်သူများ လက်တွန့်သွားစေသည်။ အဘယ်ကြောင့်ဆိုသော် မိခင်ဝမ်းဗိုက်ထဲက ကလေးသည် မမွေးဖွားသေးသော်လည်း လူသားတစ်ဦးအဖြစ် အသိအမှတ်ပြုထားသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ၎င်းစီမံကိန်း အကောင်အထည်ဖော်လျှင် ကိုယ်ဝန်ဖျက်မှုများကို သတင်းပို့ရမည်။

mgyoe.com

ပြီးတော့ မှတ်တမ်းတင်ထားနိုင်မည်။ စာရင်းအင်းများ ပြုစုနိုင်မည် ဖြစ်သည်ဟူ၍။

ခြားနားသော အတွေ့အကြုံများကြောင့် ခြားနားသော အသိအမြင်များ ဖြစ်ပေါ်လာနိုင်၏။ ဆင်းရဲသားရပ်ကွက်ရှိ ကျောင်းတစ်ကျောင်းတွင် သင်ကြားပေးရသည့် ကျောင်းဆရာမတစ်ဦး၏ အတွေ့အကြုံနှင့် လူချမ်းသာရပ်ကွက်ရှိ ကျောင်းတွင် သင်ကြားပေးရသည့် ဆရာမတစ်ဦး၏ အတွေ့အကြုံသည် ဘယ်နည်းနှင့်မျှ မတူညီနိုင်ပါချေ။

စဉ်းစားတွေးခေါ်ခြင်းကို ကျွမ်းကျင်မှုတစ်ရပ်အဖြစ် ကျောင်းများတွင် တိုက်ရိုက်သင်ကြားပေးသောအခါ ထူးခြားသောထိရောက်မှုများ ကြုံတွေ့ခဲ့ရ၏။ ဆင်းရဲသားရပ်ကွက်များတွင် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားခြင်းနှင့် အမူအကျင့်ပိုင်းတွင် အပြောင်းလဲကြီး ပြောင်းလဲသွားသည်။ ယခုအခါ လူငယ်လူရွယ်ကလေးများသည် ကိုယ့်ဘဝကိုယ် ထိန်းကျောင်းနိုင်စွမ်း ရှိလာကြောင်း တွေ့ရ၏။ ဆုံးဖြတ်ချက်များ၊ ရွေးချယ်မှုများ၊ စီမံကိန်းများ စသည်တို့ကို ကိုယ့်ဘာသာကိုယ် ကိုယ့်အားကိုယ်ကိုး လုပ်ဆောင်နိုင်စွမ်း ရှိလာကြောင်း တွေ့ရ၏။ လူချမ်းသာရပ်ကွက်ရှိ ကျောင်းများတွင်မူ စဉ်းစားတွေးခေါ်ခြင်းဘာသာရပ်ကို တိုက်ရိုက် သင်ကြားပေးသည့်အတွက် ထူးခြားသော ပြောင်းလဲချက်မှာ ကျောင်းစာဘက်တွင်သာ ဖြစ်၏။ သူတို့၏ အမူအကျင့် ပြောင်းလဲရေးကို အထောက်အကူမပြုဘဲ ကျောင်းစာကို ဂရုစိုက်သည့်ဘက်တွင်သာ အထောက်အကူပြုကြောင်း တွေ့ရလေသည်။

အိမ်ထောင်ရေးအဆင်မပြေသူတစ်ဦး၏ အတွေ့အကြုံသည် အိမ်ထောင်ရေးအဆင်ပြေသူတစ်ဦး၏ အတွေ့အကြုံနှင့် ကွာခြားပေလိမ့်မည်။

အနာဂတ်အရေးနှင့် ပတ်သက်လာလျှင် ကွာဟမှုကြီးမားသော အတွေးအမြင်များ ပေါ်ပေါက်နိုင်၏။ အနာဂတ်အရေးနှင့် ပတ်သက်လျှင်

mgyoe.com

mgyoe.com

ဘယ်သူမျှ တပ်အပ်သေချာ မပြောနိုင်ပါ။ အတိတ်ကာလ အတွေ့အကြုံများနှင့် သုတေသနပြုချက်များမှ အတွေးအမြင်အချို့ ရနိုင်၏။ ၎င်းအတွေးအမြင်များ အခြေပြုပြီး အနာဂတ်အရေးကို နည်းနည်းပါးပါး ခန့်မှန်းလို့ ရနိုင်၏။ သို့သော် မှန်းချက်လောက်ပါပဲ။ မှန်းချက်နှင့် နှမ်းထွက်မကိုက်တာတွေလည်း ရှိပါသည်။

အိမ်ထောင်ရေးကို ငါးနှစ်စာချုပ်တစ်ခုအဖြစ် သဘောတူစာချုပ်သင့်သည်။ ငါးနှစ်ပြည့်၍ ကာယကံရှင်နှစ်ဦး ကျေနပ်လျှင် စာချုပ်သက်တမ်း တိုးသင့်သည်ဆိုသော အကြံပြုချက်တစ်ခု ရှိသည်ဆိုပါစို့။ ငါးနှစ်တာကာလအတွင်း ကလေးမွေးလာလျှင် ကလေးအတွက် ကြိုတင်စီမံချက်များ ပါဝင်ဖို့ လိုအပ်၏။ သို့ဆိုလျှင် ဘာတွေဖြစ်လာမည်လဲ။ လူ့အဖွဲ့အစည်းတွင် ဘယ်လိုသက်ရောက်မှုတွေ ဖြစ်ပေါ်လာမည်လဲ။ ယောကျ်ားများတွင် ဘာတွေဖြစ်မည်လဲ။ မိန်းမများတွင်ရော၊ ကလေးသူငယ်များတွင်ရော ဘာတွေဖြစ်ကုန်မည်လဲ။

ဤအဆိုပြုချက်သည် အားထားလောက်သော အဆိုပြုချက် ဟုတ်မဟုတ်ဆိုတာကတော့ ကိုယ်ပိုင်အတွေ့အကြုံများနှင့် ကိုယ်ရွေးထားသည့် တန်ဖိုးများပေါ် မူတည်ပြီး အကဲဖြတ်ရပေမည်။ သည်တော့ သူ့အကဲဖြတ်ချက်နှင့် ကိုယ့်အကဲဖြတ်ချက် တူချင်မှတူမည်။ တူညီသော အကဲဖြတ်ချက်များ ထွက်လာဖို့မလွယ်။ စဉ်းစားကြည့်ပါ။ ငါးနှစ်ပြည့်ဘည်နှင့် အိမ်ထောင်ရေးစာချုပ်ကို သက်တမ်းတိုး၊ သို့မဟုတ် အသစ်ထပ်ချုပ်။

အဆင်ပြေသော အိမ်ထောင်ရေးမှ ကာယကံရှင်များက စာချုပ်သက်တမ်းတိုး၊ အဆင်မပြေသော အိမ်ထောင်ရေးမှ ကာယကံရှင်များကတော့ ရွေးစရာတစ်လမ်းပဲ ရှိသည်။ စာချုပ်သက်တမ်း ကုန်သွားပြီပေါ့။ တာဝန်မယူတတ်သော ယောကျ်ားများကတော့ ငါးနှစ်တစ်ကြိမ် မိန်းမတစ်ယောက် ယူနေမည်လေ။

mgyoe.com

mgyoe.com


ကွဲလွဲချက်ကို နားလည်အောင်ရှင်းပြပါ

သဘောကွဲလွဲချက်များနှင့် ပတ်သက်၍ အရေးအကြီးဆုံး လုပ်ဆောင်ရန်မှာ ကွဲလွဲချက်အစစ်အမှန်ကို တစ်ဖက်သား သဘောပေါက်အောင် ရှင်းပြခြင်းဖြစ်၏။

*ရောင်းဈေးတွေ တိုးမြှင့်လိုက်ရင် အရောင်းတက်လာလိမ့်မယ်လို့ ကျွန်တော်က ထင်တယ်။*

*ရောင်းဈေးတွေ တိုးမြှင့်လိုက်ရင် အရောင်းကျသွားလိမ့်မယ်လို့ ခင်ဗျားက ထင်တယ်။*

ကျောင်းတွေမှာ စဉ်းစားတွေးခေါ်ခြင်းကို ကျွမ်းကျင်မှုတစ်ရပ်အဖြစ် တိုက်ရိုက်သင်ပေးလို့ ရနိုင်တယ်လို့ ကျွန်တော်က ယုံကြည်တယ်။

ကျောင်းတွေမှာ စဉ်းစားတွေးခေါ်ခြင်းကို တိုက်ရိုက်သင်ပေးလို့ မရနိုင်ဘူး။ ဒါပေမဲ့ တခြားဘာသာရပ်တွေ လေ့လာရင်း စဉ်းစားတွေးခေါ်မှု အကျင့်ကောင်းတွေ ရလာအောင် လေ့ကျင့်ပေးလို့ပဲ ရနိုင်မယ်လို့ ခင်ဗျားက ယုံကြည်တယ်လေ။

ပြင်းပြင်းထန်ထန် အပြစ်ပေးခြင်းသည် ရာဇဝတ်မှု ထိန်းချုပ်ရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်ဟု သင်က ယုံကြည်သည်။

ကျွန်တော် ယုံကြည်တာကတော့ လူငယ်လူရွယ်များ ထွန်းပေါက်အောင်မြင်မှုအရသာကို ခံစားတတ်အောင် ဖန်တီးပေးရင် လူငယ်လူရွယ်တွေ ပြစ်မှုကျူးလွန်တာတွေ လျော့ကျသွားမည်ဟု ကျွန်တော်က ယုံကြည်သည်။

ကွဲလွဲနေသော ထင်မြင်ချက်များကို တစ်ဖက်လူ သိသာမြင်သာအောင် ဖွင့်ပြောပြပါ။ ထိုသို့ ဖွင့်ပြောရာ၌ သင့်ဘက်က အစွမ်းကုန်ရိုးသားဖြောင့်မတ်ပါစေ။ ကွဲလွဲချက်ကို သင့်ဘက်က မှန်မှန်ကန်ကန် ရှင်းပြခဲ့ကြောင်း တစ်ဖက်လူ သဘောတူလက်ခံလာအောင် အားထုတ်ပါ။ အကယ်၍ လိုအပ်လျှင် ကွဲလွဲချက်ကို သူ သို့မဟုတ် သူမ မြင်သည့်

mgyoe.com

mgyoe.com


အတိုင်း အကျဉ်းချုပ်ပြောပြဖို့ တစ်ဖက်လူအား ဖိတ်ခေါ်ပါ။

"ဒီတစ်ချက်မှာတော့ ကျွန်တော်တို့ အမြင်မတူဘူးဆိုတာကို ကျွန်တော်တို့ သဘောတူတယ်" ဆိုသော စကားမျိုး ပြောနိုင်သည်အထိ အားထုတ်ပါလေ။

## ကွဲလွဲရခြင်းအကြောင်းရင်းများကို နားလည်အောင်ရှင်းပြပါ

သဘောကွဲလွဲရခြင်း၏ သဘောသဘာဝကို ဖွင့်ပြောပြပြီး နောက်တစ်ဆင့်မှာ သဘောကွဲလွဲရခြင်း၏ အကြောင်းရင်းများကို ချခင်းပြခြင်းဖြစ်၏။

ခင်ဗျားက အဲဒါကို အဲဒီရှုထောင့်က ကြည့်ပြီး ကျွန်တော်က အဲဒါကို ဒီရှုထောင့်က ကြည့်တာဗျ။ (ပြီးတော့ ခြားနားသော ရှုထောင့်နှစ်ခုကို ပြောပြပါ။)

ဒီကိစ္စကို ကျွန်တော်တို့က ရှုထောင့်နှစ်မျိုးကနေ ကြည့်နေတာကိုး၊ ဟောဒါက ကျွန်တော့်အသိအမြင်ပဲ၊ နောက်ပြီး ခင်ဗျားရဲ့ အသိအမြင်က ဒီလိုဖြစ်မယ် ထင်တယ်။ (ပြီးတော့ အသိအမြင်နှစ်မျိုးကို ပြောပြပါ။)

သဘောကွဲလွဲချက်က အကြိုက်ချင်းမတူတာကြောင့် ဖြစ်မယ်ဗျ၊ ခင်ဗျားက တော်တဲ့တတ်တဲ့လူတွေကို သဘောကျတယ်၊ အဲ... ကျွန်တော်က ခင်မင်နှစ်လိုဖွယ်ကောင်းသူတွေကိုမှ သဘောကျတယ်လေ။

ကျွန်တော်တို့ လက်ခံထားတဲ့ တန်ဖိုးတွေက ခြားနားနေတာကိုး၊ ကျွန်တော် လက်ခံထားတဲ့ တန်ဖိုးတွေက ဒီလိုဗျ၊ ခင်ဗျားလက်ခံထားတဲ့ တန်ဖိုးတွေ ဒီလိုဖြစ်မယ် ထင်ပါရဲ့၊ (ကွဲပြားခြားနားသော တန်ဖိုးများကို ချခင်းပြပါ။)

ကျွန်တော်တို့ရဲ့ မတူခြားနားတဲ့ ကိုယ်ပိုင်အတွေ့အကြုံတွေကြောင့် သဘောထားတွေ ကွဲလွဲကုန်တာ ဖြစ်မယ်၊ ကျွန်တော့်အတွေ့အကြုံက

mgyoe.com

mgyoe.com


ခင်ဗျား့အတွေ့အကြုံနဲ့ တူမှမတူဘဲ။ (သင့်ကိုယ်ပိုင် အတွေ့အကြုံကို ရှင်းပြပါ။)

အနာဂတ်အရေးနဲ့ ပတ်သက်လို့ ခင်ဗျားနဲ့ ကျွန်တော့်အမြင်ချင်း မတူဘူးဗျ၊ ကျွန်တော့်အမြင်ကို အခြေပြုထားတာက...။

ခင်ဗျား့အမြင်က ကျွန်တော်နဲ့ တူပုံ မရဘူး။ (အနာဂတ်အရေးနှင့် ပတ်သက်သည့် သင့်အမြင်အချို့ကို ပြောပြပါ။)

## ကွဲလွဲမှုကို လက်ခံပါ

ကွဲလွဲမှုကို လက်သင့်မခံမီ ကွဲလွဲမှုကို ညှိနှိုင်းဖို့ အားထုတ်ကြည့်ပါ။

တစ်ခါတစ်ရံကျတော့ ထင်မြင်ချက်နှစ်မျိုးစလုံး ခိုင်လုံနေသည်။ ကြောင်းကျိုးညီညွတ်နေသည်။ သို့သော် ထိုသို့ ကြောင်းကျိုးညီညွတ်ခြင်းသည် အနေအထားတစ်ရပ်လုံး၏ ကွဲပြားသော အခြေအနေတချို့အတွက်သာ မှန်နေခြင်းဖြစ်၏။

မှုခင်းအမျိုးအစားတော်တော်များများ လျော့ကျရေးအတွက် ကြီးလေးသော အပြစ်ဒဏ်များ ချမှတ်ရမည်ဆိုသည့် အယူအဆကို ကျွန်တော် လက်သင့်ခံသည်။ သို့သော် လူငယ်မှုခင်းများနှင့် ပတ်သက်၍မူ ချဉ်းကပ်ဖြေရှင်းနည်းနောက်တစ်နည်း ရှိပါသေးသည်။ လူငယ်လူရွယ်များ ဘဝအောင်မြင်ရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးသည့်နည်း ဖြစ်၏။

တစ်ခါတစ်ခါကျတော့ နှစ်ဦးနှစ်ဖက်စလုံးသည် အကြောင်းအရာတစ်ခုတည်းကို တကယ်တမ်း ကြည့်ခြင်းမြင်ခြင်းမဟုတ်ကြောင်း တွေ့ရ၏။ ဝိုင်တစ်ဝက်ပြည့်ဖန်ခွက် ဥပမာကို ကြည့်ပါ။ လူတစ်ယောက်က ဖန်ခွက်၏ လျော့နေသည့်အပိုင်းကိုပဲ ကြည့်၏။ အခြားတစ်ယောက်က ဖန်ခွက်၏ ပြည့်နေသည့်အပိုင်းကိုပဲ ကြည့်၏။ သည်တော့ သူတို့နှစ်ယောက် ဘယ်လိုလုပ်ပြီး အမြင်တူနိုင်ပါတော့မည်လဲ။

mgyoe.com

mgyoe.com


အေမှ ဘီသို့ သွားရေးအတွက် အကောင်းဆုံးလမ်းကြောင်း ဥပမာတွင် အကောင်းဆုံးဆိုသည့် စကားလုံးကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်လိုက်နိုင်လျှင် မတူညီသော ထင်မြင်ချက်များကို ညှိနှိုင်းယူလို့ ရနိုင်ပေသည်။

ထင်မြင်ချက်ဆိုသည်မှာ အကဲဖြတ်ချက်တစ်မျိုး ဖြစ်ပါသည်။ ၎င်းအကဲဖြတ်ချက်၏ အခြေခံက ဘာလဲ။ ကျွန်တော်တို့ ရှာဖွေဖော်ထုတ်နေသည့် တစ်စုံတစ်ခုသည် လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက်လား၊ သို့မဟုတ် ကျွန်တော့်အတွက် သက်သက်လား။

ကွဲပြားခြားနားသော ကိုယ်ပိုင်အတွေ့အကြုံများကိုလည်း ပူးတွဲဖော်ထုတ်လို့ ရပါသည်။ ကျွန်တော်တို့၏ အတွေ့အကြုံသည် ခြေခြေမြစ်မြစ်ရှိပြီး ကြောင်းကျိုးညီညွတ်ကောင်း ညီညွတ်ပါမည်။ သို့သော် ၎င်းအတွေ့အကြုံအပေါ် အဓိပ္ပာယ်ကောက်ယူမှုသည် တစ်မျိုးတည်းဖြစ်နေဖို့ မလိုပါ။ ဆင်းရဲသားရပ်ကွက်များမှ လူငယ်လူရွယ်များသည် ပြစ်မှုတွေ ပိုမိုကျူးလွန်ကောင်း ကျူးလွန်ပါမည်။ သို့သော် ထိုသို့ ကျူးလွန်ခြင်းမှာ စီးပွားရေးလိုအပ်ချက်ကြောင့် မဟုတ်ဘဲ သူတို့သည် လူဆိုးဂိုဏ်းများနှင့် ပိုမိုဆက်နွယ် ပတ်သက်နေကြသောကြောင့် ဖြစ်နိုင်၏။ နောက်ပြီး လူဆိုးဂိုဏ်းဆိုသည်မှာ အမှုအခင်းများ ကျူးလွန်ဖို့ ဖွဲ့စည်းထားသည် မဟုတ်ပါလား။

အနာဂတ်အရေးနှင့် ပတ်သက်သည့် ထင်မြင်ချက်များ ကွဲပြားခြားနားခြင်းနှင့် ပတ်သက်၍မူ အလားတူ အခြေအနေများကို လေ့လာကြည့်ခြင်းအားဖြင့် ညှိနှိုင်းယူလို့ ရပါသည်။

ရေမွှေးဈေးနှုန်း တိုးမြှင့်လိုက်သောအခါ ရေမွှေးရောင်းအား အမှန်တကယ် တက်လာသည်။ ထိုဖြစ်ရပ်မျိုး အစဉ်အလာတွေ ရှိကောင်းရှိမည်။ အချို့သာဓကများသည် အခြားသာဓကများထက် ပိုပြီး ကြောင်းကျိုးဆက်စပ်မှု ရှိချင်ရှိမည်။ ရေမွှေးဈေးနှုန်းတိုးမြှင့်ခြင်းသည် မဂ္ဂဇင်း

mgyoe.com

mgyoe.com


ဈေးနှုန်း တိုးမြှင့်ခြင်းနှင့် တူချင်မှတူမည်။

သုတေသနပြုခြင်းနှင့် နောက်ထပ်ရရှိသော သတင်းအချက်အလက်များက အနာဂတ်အရေး ထင်မြင်ချက်ကွဲလွဲမှုများကို ဖြေရှင်းပေးနိုင်၏။ အနာဂတ်အရေးနှင့် ပတ်သက်၍ ဧကန်ဧကဖြစ်မည်ဟု ပြောနိုင်သော ထင်မြင်ချက်ဟူ၍ မရှိ။ သို့ပေမဲ့ အခြားထင်မြင်ချက်များထက် ဖြစ်နိုင်ခြေ အလားအလာပိုရှိသည့် ထင်မြင်ချက်များဟူ၍တော့ ရှိ၏။ ရည်ရွယ်ရင်းမှာ အနာဂတ်အရေး ကြိုတင်ခန့်မှန်းခြင်းကို ပူးပေါင်းလုပ်ဆောင်ဖို့ ဖြစ်ပါသည်။

လူတွေတွင် ကွဲပြားသော တန်ဖိုးထားမှုများရှိ၏။ သို့မဟုတ် ဦးစားပေး သတ်မှတ်ချက်များ ရှိ၏။ ထိုသို့သော ကွဲပြားခြားနားမှုများကြောင့် သူတို့၏ ထင်မြင်ချက်များလည်း မလွဲမသွေ ကွဲပြားမည်ဖြစ်၏။ ယုတ်စွအဆုံး ကွဲလွဲရခြင်း၏ အခြေခံကို ကာယကံရှင်အားလုံး ရှင်းလင်းစွာ သိနားလည်သွားပေမည်။ သည်တော့ ကွဲလွဲသော ထင်မြင်ချက်များကို ညှိနှိုင်းဖို့ ရိုးသားစစ်မှန်စွာ အားထုတ်ခြင်းအားဖြင့် ***သဘောကွဲလွဲဖို့ သဘောတူညီချက်တစ်ရပ်*** ရလာနိုင်၏။

ထင်မြင်ချက်များ ကွဲလွဲခြင်းသည် ဆိုးရွားသော ဖြစ်စဉ်တစ်ခု မဟုတ်ပါ။ ကွဲလွဲခြင်းက အခြေအနေကို တန်ဖိုးတက်စေ၏။ ကွဲပြားခြားနားသော တန်ဖိုးများနှင့် အတွေ့အကြုံများကို ရှင်းပြခြင်းအားဖြင့် ဆွေးနွေးပွဲ ပိုမို အကျိုးရှိလာစေ၏။ ရည်ရွယ်ရင်းမှာ ကွဲလွဲခြင်းသည် ဆိုးရွားသောကြောင့် ကွဲလွဲချက်ကို ***ဖယ်ထုတ်ပစ်ဖို့*** မဟုတ်။ သို့သော် ကွဲလွဲချက်၏ အခြေအမြစ်ကို ရှာဖွေဖော်ထုတ်ခြင်းအားဖြင့် မူလအကြောင်းအရာကို ဆက်လက်ရှာဖွေဖော်ထုတ်ဖို့ ဖြစ်၏။

တစ်ခါတစ်ခါကျတော့ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသည့် ကာယကံရှင်များအားလုံးက သူတို့သည် တူညီသောရှုထောင့်မှ ကြည့်နေ

mgyoe.com

mgyoe.com


သည်။ သူတို့ လက်ခံသည့်တန်ဖိုးများနှင့် အတွေ့အကြုံများလည်း တူညီသည်ဟု ထင်မှတ်နေတတ်ကြ၏။ တကယ်တော့ ထိုသို့ လုံးဝမဟုတ်ပါချေ။ သူတို့တွင် *မြုပ်ကွယ် ကွဲလွဲချက်* တစ်ခုခု ရှိနေသည်။ ဆွေးနွေးပွဲတစ်ခုတွင် ထိုသို့ မြုပ်ကွယ်ကွဲလွဲချက် ရှိနေခြင်းလောက် ဆိုးရွားတာမရှိ။ ဤသို့သော အနေအထားမျိုးမှ သဲကြီးမဲကြီးအနိုင်ဆုံးနှင့် အမိုက်မဲဆုံး ငြင်းခုံမှုများ ပေါ်ပေါက်လာလေ့ရှိ၏။ မော်တော်ဆိုင်ကယ်သမားကို တိုက်လိုက်သည်မှာ ကားအဖြူကလေးပါ၊ ကားအနက်ကလေးပါဟု တရားရုံးတွင် မျက်မြင်သက်သေများ ကျမ်းကျိန်ပြီး ထွက်ဆိုသည်မှာ သည်အတိုင်း ဖြစ်ပါသည်။ ကားတစ်စီးတည်းက ကားဖြူလည်းဖြစ် ကားအနက်လည်း ဖြစ်နေနိုင်သည်ဆိုတာကို သူတို့ အလျှင်း စဉ်းစားမိမည် မဟုတ်ပါ။

**သဘောကွဲလွဲကြောင်း ဘယ်လိုပြောမည်လဲ**

လက်တွေ့အသုံးတည့်တည့် အကျဉ်းချုပ်အချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ကွဲလွဲသော ထင်မြင်ချက်များထဲမှ ထင်မြင်ချက်တစ်ခုသာ မှန်နိုင်သည့်အခါများရှိ၏။ ဤနေရာတွင် အမှန်တရားကို သေချာအောင် စစ်ဆေးကြည့်လို့ရ၏။

၂။ ကွဲလွဲသော ထင်မြင်ချက်များတွင် သူ့ကိုယ်ပိုင် ခိုင်မာမှုများ ရှိနေတတ်၏။

၃။ အကဲဖြတ်ချက်၏ အခြေခံကို အဓိပ္ပာယ်ဖွင့်ချက်အပေါ် မူတည်ပြီး ကွဲလွဲသော ထင်မြင်ချက်များ ဖြစ်ပေါ်လာနိုင်၏။ (ဥပမာ – ***အကောင်းဆုံး*** လမ်း)

၄။ ပုဂ္ဂလိကအကြိုက် သို့မဟုတ် ရွေးချယ်မှုအပေါ် မူတည်

mgyoe.com

mgyoe.com


ပြီး ကွဲလွဲသော ထင်မြင်ချက်များ ပေါ်ပေါက်လာနိုင်၏။

၅။ လက်ခံထားသည့် တန်ဖိုးများအပေါ် မူတည်ပြီး ကွဲလွဲသော ထင်မြင်ချက်များ ပေါ်ပေါက်လာနိုင်၏။

၆။ အကြောင်းအရာတစ်ရပ်ကို ကြည့်မြင်သည့် ရှုထောင့် ကွဲလွဲချက်ကြောင့် ကွဲလွဲသော ထင်မြင်ချက်များ ပေါ်ပေါက်လာနိုင်၏။

၇။ အကြောင်းအရာတစ်ရပ်ကို ရှုထောင့်တစ်ခုတည်းမှ ကြည့်ကြသည့်တိုင် အသိအမြင် ကွဲလွဲနေသည့်အတွက် ကွဲလွဲသော ထင်မြင်ချက်များ ပေါ်ပေါက်လာနိုင်၏။

၈။ ပုဂ္ဂလိကအတွေ့အကြုံ သို့မဟုတ် ပုဂ္ဂလိက အသိပညာကြောင့် ကွဲလွဲသော ထင်မြင်ချက်များ ပေါ်ပေါက်လာနိုင်၏။

၉။ ကွဲပြားခြားနားသော ဖြစ်နိုင်ခြေရှိ အနာဂတ်အရေးနှင့် ပတ်သက်သည့် အမြင်များကြောင့် ကွဲလွဲချက်များ ဖြစ်ပေါ်လာနိုင်၏။

၁၀။ ကွဲလွဲချက်၏ သဘောသဘာဝကို ရှင်းနိုင်သလောက် ရှင်းအောင် ချခင်းပြပါ။ ထင်မြင်ချက်တစ်မျိုးကို ကွဲလွဲသော အခြားထင်မြင်ချက်တစ်မျိုးနှင့် ချခင်းပြပါ။

၁၁။ ကွဲလွဲရခြင်း အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ပြီး ရှင်းပြနိုင်အောင် ကြိုးစားပါ။

၁၂။ ကွဲလွဲချက်များကို ညှိနှိုင်းဖို့ကြိုးစားပါ။ ညှိနှိုင်း၍ မရဘူးဆိုလျှင် ကွဲလွဲချက်များရှိကြောင်း သဘောတူညီမှုရအောင် အားထုတ်ပါ။

❒

mgyoe.com

mgyoe.com

အခန်း (၄)

# စိတ်ဝင်စားဖွယ်ကောင်းသူဖြစ်လာအောင် ဘယ်လိုပြောမည်လဲ

စိတ်ဝင်စားဖွယ်ကောင်းသူတစ်ဦး ဖြစ်လာရေးသည် အငြင်းအခုံတစ်ခုတွင် အနိုင်ရခြင်းထက် များစွာ သာလွန် အရေးကြီးပါသည်။

စိတ်ဝင်စားဖွယ်ကောင်းသူတစ်ဦး ဖြစ်လာရေးသည် သင် ဘယ်လောက်တော်ကြောင်း၊ တတ်ကြောင်း ပညာတွေ ပြနိုင်ခြင်းထက် များစွာ သာလွန် အရေးကြီးပါသည်။

သင်သည် စိတ်ဝင်စားဖွယ်ကောင်းသူတစ်ဦး ဖြစ်နေလျှင် လူတွေက သင်နှင့် ပေါင်းသင်းဆက်ဆံချင်ကြလိမ့်မည်။ လူတွေက သင်၏ အဖော်အဖြစ် ခံယူဖို့ လိုလားကြလိမ့်မည်။ လူတွေက သင်နှင့် စကားစမြည် ပြောရတာကို ကြည်နူးကျေနပ်ကြလိမ့်မည်။

သင်သည် စိတ်ဝင်စားစရာကောင်းသူတစ်ဦး ဖြစ်နေမည်။ အဘယ်ကြောင့်ဆိုသော် သင်သည် အမေဇုံတောနက်ကြီးမှ ဝေးလံသီခေါင်သော ဒေသသို့ သွားပြီး လူဖြူတစ်ဦးတလေကိုပင် မတွေ့မမြင်ဖူးသည့် လူမျိုးစုတစ်စုကို တွေ့ဆုံမည့်ခရီးစဉ်တွင် ပါဝင်သူတစ်ဦး ဖြစ်

mgyoe.com

နေသောကြောင့်။

သင်သည် စိတ်ဝင်စားစရာကောင်းသူတစ်ဦး ဖြစ်နေမည့် အကြောင်းမှာ သင်သည် တစ်ကိုယ်တော် ရွက်လွှင့်ပြီး ကမ္ဘာကို တစ်ပတ် ပတ်ခဲ့သူ ဖြစ်နေသောကြောင့်။

ဤစာအုပ်ကို ငှဲသောအားဖြင့် လောလောဆယ်တွင် သင်သည် ကြီးကျယ်ခမ်းနားသော စွမ်းဆောင်ချက်တစ်ခုခု သို့မဟုတ် အထူးစိတ် ဝင်စားစရာကောင်းသည့် လုပ်ဆောင်ချက်တစ်ခုခုကို လုပ်ဆောင်ထား ခြင်းမရှိဟု ကျွန်တော်တို့ မှတ်ယူထားလိုက်ကြရအောင်။ သည်လို မှတ်ယူရတာ နည်းနည်းတော့ မမျှတရာ ရောက်သည်။ ဘာကြောင့်ဆို သင် ဘာပဲ လုပ်နေလုပ်နေ၊ သင်လုပ်ဆောင်နေတာသည် ဘယ်လောက်ပဲ သာမညလုပ်ဆောင်မှု ဖြစ်နေဖြစ်နေ သင့်လုပ်ဆောင်ချက်သည် စိတ်ဝင် စားစရာ ကောင်းနေနိုင်သောကြောင့်ပင်။

ပထမဦးဆုံးလိုက်နာရမည် ကျင့်စဉ်မှာ သင်ကျွမ်းကျင်လိမ္မာသော အကြောင်းအရာဖြစ်ပြီး သင်စိတ်ဝင်စားသော အကြောင်းအရာအကြောင်း ပြောပါ။ ထိုအကြောင်းအရာသည် သင့်အလုပ်အကိုင် ဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် သင့်ဝါသနာအလုပ် ဖြစ်ချင်ဖြစ်မည်။ သင်ပြောပြသည်ကို နားဆင်မည့် ပရိသတ်သည် နှစ်မျိုးနှစ်စား ရှိ၏။ ပထမတစ်မျိုးမှာ သင် ပြောမည့် အကြောင်းအရာကို နကန်းတစ်လုံးမျှ မသိနားမလည်သူများ။ နောက်တစ်မျိုးကတော့ သင်ပြောမည့် အကြောင်းအရာကို နည်းနည်းပါး ပါး တီးမိခေါက်မိထားပြီး ပိုမိုသိလိုသူများ။ ဒုတိယပရိသတ် အမျိုးအစား ကို မေးခွန်းများ မေးခွင့်ပြုသင့်သည်။ ပြီးတော့ မေးခွန်းများကိုဖြေဖို့ အားထုတ်ရပါမည်။ ပထမပရိသတ် အမျိုးအစားကို ဘယ်ပုံဘယ်နည်း ဟောပြောမည်လဲ ဆိုသည့်ဟန်ကို ကြိုတင်ပုံစံချထားဖို့ လိုအပ်ပါသည်။

mgyoe.com

mgyoe.com

**သတင်းအချက်အလက်**

စားခုတ်ကောင် အမများသည် အထီးများနှင့် ပေါင်းသင်းဆက်ဆံဖို့ မလိုဘဲ စားခုတ်ကောင်ကလေးများ မွေးဖွားနိုင်သည်ဆိုတာ သင်သိပါသလား။ ကိုယ်ခန္ဓာထဲရှိ ကာလပ်စည်းများကို ခွဲထုတ်ပေးနိုင်အောင် ဟော်မုန်းဓာတ်များ ပေါင်းစပ်မှုကို စီမံပေးနိုင်မည်ဆိုလျှင် မိန်းမသားဝါဒီများအနေဖြင့် ဖိုသတ္တဝါများကို ပစ်ပယ်ထားလို့ ရပြီဖြစ်၏။

ရေမြင်းများသည် သတ္တဝါအားလုံးထဲတွင် မိန်းမသားဝါဒကို အထောက်ခံဆုံး၊ အားအပေးဆုံး သတ္တဝါများ ဖြစ်ပေမည်။ ရေမြင်းအမက ဥအုသည်။ ၎င်းဥကို ရေမြင်းအထီးက မျိုးစပ်သည်။ ထိုအခါ မျိုးစပ်ထားသော ဥကို အမက အထီးသို့ လက်ဆင့်ကမ်းပေးသည်။ ထိုဥမှ ရေမြင်းပေါက်ကလေးများ မွေးဖွားလာသည်အထိ ရေမြင်းထီးက ဝပ်ပေးသည် ဆို၏။

သြစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်ရှိ ဖားမတစ်ကောင်သည် ဖားဖိုနှင့် မျိုးစပ်ပြီးရလာသည့် ဥများကို ပြန်ပြီး မျိုပစ်သည်။ ထို့နောက် ဖားမက သူမ၏ ဖားဗိုက်ထဲတွင် ဟိုက်ဒရိုကလိုရစ်အက်စစ်နှင့် အစာခြေချက်သောအရည်များ မထွက်အောင် ပိတ်ပစ်လိုက်သည်။ ထိုအခါ ဥများသည် ဖားမ၏ ဗိုက်ထဲတွင် ရှင်သန်ကြီးထွားလာသည်။ ဖားပေါက်စကလေးတွေ အရွယ်ရလာသောအခါ မိခင်ဖားမကြီးက ပါးစပ်ဟပေးသည်။ ဖားပေါက်စကလေးများက ပါးစပ်ထဲမှ ခုန်ထွက်လာကြသည် ဟူ၏။

သတင်းထူး သတင်းဆန်းသည် စိတ်ဝင်စားစေနည်းတစ်မျိုး ဖြစ်၏။ သင်ဖတ်ထားသည့် သတင်းစာများ၊ မဂ္ဂဇင်းများမှ စာပိုဒ်များကို မှတ်မိနေခြင်းအားဖြင့် ထိုသို့သော သတင်းထူး သတင်းဆန်းတွေ သင့်ထံတွင် အများကြီး စုမိလာနိုင်၏။ ထူးခြားဆန်းပြားသော အကြောင်းအရာအချို့ကို အထူးအာရုံစိုက်လေ့လာပြီး ထိုအကြောင်းအရာနှင့် ပတ်သက်လာလျှင် ကျွမ်းကျင်သူတစ်ဦး ဖြစ်လာနိုင်၏။ ဆိုပါစို့ ဖူးလူးစစ်ပွဲများ၊

mgyoe.com

ရွက်လှေပုံစံ၊ ကာဇတ်စတန်တွင် မိသားစုဖွဲ့စည်းပုံများ စသည်ဖြင့်။
သို့ဖြစ်သည့်တိုင် လောလောဆယ်တွင်မူ သင့်မှာ သတင်းထူး သတင်းဆန်းရယ်လို့ မရှိ၊ နောက်ပြီး ထူးထူးခြားခြား ဆောင်ရွက်နေတာလည်း ဘာမျှမရှိဟု ဆိုပါစို့။ ထိုအခါ သင့်အား စိတ်ဝင်စားဖွယ်ကောင်းသူတစ်ဦး ဖြစ်လာအောင် ဘယ်လိုလုပ်လို့ ရနိုင်ပါမည်လဲ။

**အကယ်၍ သည်လိုဖြစ်မည်ဆိုလျှင် ဘာတွေဖြစ်လာမည်လဲ**

"အကယ်၍ ခွေးတွေကို စကားပြောသင်ပေးလို့ရလျှင် ဘာတွေဖြစ်လာမည်လဲ"

ထိုသို့ဖြစ်လျှင် သင့်မိသားစုအတွင်းရေးများ လျှို့ဝှက်ထားဖို့ ခက်ခဲလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သင့်အိမ်တွင်းရေးများကို သင့်ခွေးက သင့်အိမ်နီးချင်း၏ ခွေးကို ပြောပြလိမ့်မည်။ သို့ဖြင့် သင့်အသိုက်အဝန်းတစ်ခုလုံးတွင် သင့်မိသားစု၏ အတွင်းရေးများ ပျံ့နှံ့သွားလိမ့်မည်။

သင့်ခွေးက အဖြေပေးနိုင်လာမည်။ သင်က သင့်ခွေးအား အပြင်မှာထွက်နေဖို့ ပြောလျှင် "ကျွန်တော်က ဘာဖြစ်လို့ အပြင်ထွက်နေရမှာလဲ" ဟု သင့်ခွေးက ပြန်မေးကောင်းမေးမည်။

သင့်ခွေး ဆာလောင်နေသည့်အတွက် သင်က သူ့အား အစာကျွေး၏။ ထိုအခါ သင်ကျွေးသည့်အစာကို ကြိုက် မကြိုက် သင့်ခွေးက ပြန်ပြောလာနိုင်၏။

သင့်ခွေးအား အလုပ်တွေ ခိုင်းလို့ရ၏။ တယ်လီဖုန်းဖြေဖို့။ ဟိုနားသည်နား လက်တိုလက်တောင်း ကိစ္စကလေးတွေ ပြေးလုပ်ဖို့။ သင့်ခွေးက ဖောက်ထွင်းသူခိုးထံ ချဉ်းကပ်သွားပြီး "မသိလို့ မေးပါရစေနော်၊ ခင်ဗျားက ဒီမှာ ဘာလာလုပ်နေတာလဲ" ဟု မေးကောင်းမေးမည်။

ခွေးများက နိုင်ငံရေးခံစားခွင့်များ ရလိုကြမည်။ မဲပေးခွင့်ပင် ရလို

mgyoe.com

mgyoe.com


ကြမည်။

ခွေးများက ကြောင်ငြာများကို နားထောင်နိုင်ပြီဖြစ်ရာ ထိုခွေးများက သူတို့၏ သခင်များအပေါ် ဩဇာညောင်းလာတော့မည်။ သို့ဖြစ်ရာ ကြောင်ငြာများ ဖန်တီးတော့မည်ဆိုလျှင် ခွေးများကိုပါ ထည့်သွင်းစဉ်းစားဖို့ လိုလာပြီဟု ရုပ်မြင်သံကြားနှင့် အခြားကြော်ငြာသမားများ တွက်ကြတော့မည်။

သတင်းစာများအတွက် သတင်းထောက်အလုပ်ကို ခွေးများက လုပ်ဆောင်ကောင်း လုပ်ဆောင်လာလိမ့်မည်။

*အကယ်၍ တရုတ်ပြည်သည် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်လာလျှင် ဘာတွေဖြစ်လာမည်လဲ။*

*အကယ်၍ လက်ထပ်ခွင့်ကို မိန်းမတွေက ခွင့်တောင်းရမည်ဆို လျှင် ဘာတွေဖြစ်လာမည်လဲ။*

*လူသားများ ပုံတူမျိုးပွားနည်းကို စရိတ်သက်သက်သာသာနှင့် လွယ်လင့်တကူ ရနိုင်လျှင် ဘာတွေဖြစ်လာမည်လဲ။*

*ကျွန်တော်တို့အားလုံး သာမန်ဘာသာစကားဖြင့် မပြောဘဲ လျှို့ ဝှက်သင်္ကေတများဖြင့် စကားပြောမည်ဆိုလျှင် ဘာတွေဖြစ်လာမည်လဲ။*

*ဤစာအုပ်ကို လူတိုင်းဖတ်သည်ဆိုလျှင် ဘာတွေဖြစ်လာမည်လဲ။*

*အကယ်၍ သည်လိုဖြစ်မည်ဆိုလျှင် ဘာတွေဖြစ်လာမည်လဲ* ဆင်ခြင်နည်းသည် စိတ်ကူးများနှင့် ဆော့ကစားသည့်နည်း ဖြစ်၏။ ဤဆင်ခြင်နည်းက စိတ်ကူးတွေ အမျိုးမျိုးအဖုံဖုံ ထုတ်မည်။ စိတ်ကူး ဉာဏ်တွေ ကွန့်ချင်တိုင်းကွန့်မည်။ အနာဂတ်ကာလ ကစားကွင်းထဲသွား ပြီး စိတ်ကူးများနှင့် အသားကုန် ဆော့ကစားမည်။ သို့ဖြစ်ရာ အနာဂတ် ကာလအတွက် ဘယ်စိတ်ကူးက မှန်ပြီး၊ ဘယ်စိတ်ကူးက မှားမည်ဟု ဘယ်လိုနည်းနှင့်မျှ စစ်ဆေးလို့မရ။ ဘယ်လိုနည်းနှင့်မျှ မှတ်ကျောက်

mgyoe.com

တင်လို့ မရ။ အကြောင်းမှာ စိတ်ကူးတွေ လွတ်လွတ်လပ်လပ် ကွန့်ဖို့ ညွှန့်ဖို့ လမ်းဖွင့်ပေးထားသောကြောင့်။ ကြောင်းကျိုးဆက်စပ်မှုရှိလျှင် ဘယ်လိုစိတ်ကူးမျိုးမဆို တင်ပြခွင့်ရှိနေသောကြောင့်။ ရယ်စရာ မောစရာ ဖြစ်စေရေးအတွက် အခါအားလျော်စွာ ဖြစ်ပေါ်လာသော အာရုံကွန့် စိတ်ကူးများကို တင်ပြခွင့်ပြုရပါမည်။

ဤပျော်စေပြက်စေ ဆင်ခြင်နည်းကို အသုံးပြုလျှင် အရိုးရှင်းဆုံး အနေအထားများသည် အလွန်စိတ်ဝင်စားစရာကောင်းသော ကစားပွဲ တစ်ခုအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။

"အမှုဆောင်အရာရှိတွေကို သူတို့ အသက်အငယ်ဆုံးအချိန်၊ ကော်ပိုရေးရှင်းမှာ သူတို့အလုပ်ဝင်စ အချိန်ကတည်းက အမှုဆောင် အရာရှိအဖြစ် လေ့ကျင့်ပေးထားရင် ဘာတွေဖြစ်လာမလဲ"

ပြင်သစ်နိုင်ငံတွင် တရားသူကြီးများကို သူတို့ အသက်အငယ်ဆုံး အချိန်ကတည်းက လေ့ကျင့်ပေးထားသည်။ အင်္ဂလန်တွင် အောင်မြင် သော ဝတ်လုံတော်ရများကို ရွေးပြီး တရားသူကြီးအဖြစ် အမှုထမ်းဖို့ ကမ်းလှမ်းသည်။ (သူတို့က ငြင်းပယ်လေ့ရှိသည်။ အကြောင်းမှာ ဝင်ငွေ လျော့နည်းမှု ကြီးမားလွန်းသောကြောင့် ဖြစ်၏။)

**အလားအလာများနှင့် အခြားရွေးစရာများ**

စကားဝိုင်းအများစုနှင့် ငြင်းခုံပွဲအများစုသည် မလွဲဧကန် သေချာ သည့်အဆင့်သို့ ဦးတည်ကြိုးပမ်းကြသည်ကို တွေ့ရ၏။

ဖြစ်နေတာကတော့ အဲဒီအတိုင်းပဲ။

ဒါ မမှန်ဘူး။

ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ကိစ္စပဲ။

ဒါကတော့ မဖြစ်သင့်မဖြစ်ထိုက်တဲ့ကိစ္စပဲ။

mgyoe.com

mgyoe.com

အခြားရွေးချယ်စရာများနှင့် အလားအလာများကို တင်ပြခြင်းအား ဖြင့် ဆွေးနွေးပွဲသည် ပို၍ စိတ်ဝင်စားစရာ ကောင်းလာနိုင်၏။

အခွန်တော်သုံးစွဲမှုကို တစ်မျိုးတစ်မည် ကြံဆောင်လို့ ရနိုင်ကောင်း ၏။ အခွန်ဆောင်ရသူက သူဆောင်ရသည့် အခွန်တော်ငွေ၏ တစ်ဝက် ကို ဘယ်ပုံဘယ်နည်း သုံးစွဲမည် (ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး စသည်ဖြင့်) ဆိုတာကို ဆုံးဖြတ်နိုင်မည်။ ဤကား အခွန်တော်ဆောင် သည့်နည်းဖြင့် မဲပေးခြင်းလည်း ဖြစ်နိုင်၏။

အသိအမှတ်ပြုထားသည့် ပြဿနာများ သို့မဟုတ် ပဋိပက္ခအခြေ အနေများအတွက် ရွေးချယ်စရာ ဖြေရှင်းနည်းများ တင်ပြလို့ရ၏။ ဖြေရှင်း နည်းကို တင်ပြပြီးသည်နှင့် ၎င်းဖြေရှင်းနည်းကို ဆွေးနွေးလို့ရ၏။ ကောင်း မကောင်း၊ သင့် မသင့် စဉ်းစားလို့ရ၏။

အဲလ်ဂျီးယား အငြင်းပွားမှုတွင် လူပေါင်း ၁၅၀,၀၀၀ လောက် အသက်ဆုံးခဲ့ရသည်။ သီရိလင်္ကာပြည်တွင်းစစ်တွင် လူ ပေါင်း ၅၆,၀၀၀ လောက် သေဆုံးခဲ့သည်။ ကိုလံဘီယာ ပဋိပက္ခတွင် လူပေါင်း ၃၉,၀၀၀ လောက် အသတ်ခံခဲ့ရသည်။ ထိုသို့သော သဘောထားကွဲမှုများ (ကက်ရှ် မီးယား၊ အိုင်ယာလန်မြောက်ပိုင်း၊ အစ္စရေး စသည်တို့တွင်)ကို ဖြေရှင်းလို့ ရမည့် အခြားနည်းလမ်းများ မရှိနိုင်ဘူးလား။ ထိုသို့သော ပဋိပက္ခများတွင် ကုလသမဂ္ဂက အခြားနည်းလမ်းများဖြင့် ဝင်ရောက်မဆောင်ရွက်နိုင်ဘူးလား။

အမေရိကန်ပြည်ထောင်စုတွင် အိမ်ထောင်ပြုသူ စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းသည် သူတို့နှင့် အလုပ်အတူတွဲလုပ်သူများနှင့် လက်ထပ်ခဲ့ကြ သည် ဆို၏။ သို့ဆိုလျှင် သူတို့ အိမ်ထောင်ဖက်ရွေးသည့် နယ်ပယ်မှာ ဘောင်ကျဉ်းလွန်းနေသည့်နယ်ရှိ၏။ အခြားရွေးစရာနည်းလမ်းတွေ ရှိ သေးသလား။ အိမ်ထောင်ဖက်ကို အင်တာနက်ပေါ်မှာ ရှာလျှင်ကော။ သတင်းစာ စာမျက်နှာများ၊ ဝန်ဆောင်မှုကုမ္ပဏီများ၊ အောင်သွယ်များ

mgyoe.com

mgyoe.com


စသည်တို့မှတစ်ဆင့် မိမိ၏ဖူးစာရှင်ကို ရှာလျှင်ကော။

ရိုမန်ကက်သလစ်ဘာသာ ကိုးကွယ်သည့် နိုင်ငံများတွင် မှတ်တမ်းဝင် ကိုယ့်ကိုယ်ကိုယ် သတ်သေသူ အလွန်နည်းသည်ဆို၏။ ထိုသို့ဖြစ်ရသည်မှာ ဘာသာရေးယုံကြည်သက်ဝင်မှု ပြင်းထန်လွန်းသောကြောင့် သတ်သေမှု နည်းပါးခြင်းလား။ သို့မဟုတ် ဘုရားကျောင်းပိုင်သုသာန်များတွင် သင်္ဂြိုဟ်ခွင့်မရသည့်အတွက် မှတ်တမ်းတင်မထားသောကြောင့်လား။

ဝသူ၊ ဖိုင့်သူများသည် စိတ်ပျော်ရွှင်မှု ရှိသယောင်ရှိ၏။ ဤအဆိုသည် အတွေးမှားသည့် အဆိုလား၊ သို့မဟုတ် သူတို့ကို ဝစေသည့်ဟော်မုန်းများကပင် သူတို့ကို ပျော်ရွှင်အောင် ဖန်တီးပေးနေသောကြောင့်လား။ သူတို့ စိတ်ပျော်ရွှင်သောကြောင့် အစားအစာ ပိုစားကြသလား၊ သို့မဟုတ် သူတို့ ပျော်ရွှင်သယောင် ရှိနေခြင်းမှာ သူတို့ ထိုသို့နေထိုင်ခြင်းသည်သာ လူ့အဖွဲ့အစည်းကို အကျိုးပြုရာ ရောက်သည်ဟု ယူဆသောကြောင့်လား။

သင်သည် အလားအလာများနှင့် အခြားရွေးစရာများကို ရှာကြည့်တတ်သည့် အလေ့အထရသွားသည်နှင့် အကြောင်းကိစ္စအားလုံးသည် ပိုမို စိတ်ဝင်စားဖွယ်ကောင်းလာမည် ဖြစ်၏။

## မှန်းဆချက်

အလွန်ထင်ရှားကျော်ကြားသည့် အတွေးအခေါ်ပညာရှင်တစ်ဦးနှင့် ကျွန်တော် တွေ့ဆုံသိကျွမ်းခွင့်ရခဲ့၏။ ကျွန်တော်တို့နှစ်ယောက် တော်တော် ခင်မင်ရင်းနှီးကြပါသည်။ သို့သော် ကျွန်တော်တို့နှစ်ယောက် စကားစမြည် ပြောလို့မရ။ စကားစမြည်ပြောရတာ အခက်အခဲကြီးတစ်ခု ဖြစ်နေသည်။ ထိုသို့ဖြစ်ရခြင်းမှာ စကားစမြည်ပြောခြင်းဆိုတာကို

mgyoe.com

mgyoe.com

အဓိပ္ပာယ်ဖွင့်ပုံချင်းမတူ၊ အမြင်ချင်းမတူကြသောကြောင့်ပင်။

သူ့အယူအဆမှာ စကားစမြည်ပြောခြင်း စတော့မည်ဆိုလျှင် သင်၏ စည်းကမ်းသတ်မှတ်ချက်များကို အတိအလင်း ပြောပြထားသင့်သည်။ ထို့နောက် စကားစမြည်ပြောပွဲ အဆုံးသတ်ပြီဆိုလျှင် ကောက်ချက်များသည် သင့်သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်း ရှိ မရှိ စစ်ကြည့်ရမည် ဟူ၏။

ကျွန်တော့်အယူအဆကတော့ စကားစမြည်ပြောခြင်းသည် ကျောက်ကမ်းပါးယံများရှိ ထောင်လိုက်မြောင်းများကြားမှ တစ်ဆင့်ချင်းတက်ရသည်နှင့် ပိုတူကြောင်း၊ ခြေတစ်လှမ်းစာ တက်ပြီးတိုင်း သင်တစ်ဆင့်မြင့်သွားမည်။ တစ်ဆင့်မြင့်သွားတိုင်း အလားအလာအသစ်များပေါ်လာမည်။ စိတ်ကူးသစ်များ ဖြစ်ထွန်းလာမည်။ ၎င်းဖြစ်ပေါ်မှုများသည် မှန်းဆချက်များသာ ဖြစ်နိုင်မည်။ သို့သော် သင့်ခရီးစဉ်အဆုံးတွင် သင့်ဦးခေါင်းထဲ၌ အလားအလာအသစ်တွေ၊ စိတ်ကူးစိတ်သန်း အသစ်အဆန်းတွေ အပြည့်အလျှံ ရှိနေပါလိမ့်မည်။

လူတော်တော်များများက စဉ်းစားခြင်းနှင့် စကားပြောခြင်းသည် **အမှန်တရား** အတွက်သာ ဖြစ်သင့်သည်ဟု စွဲမှတ်ထားကြ၏။ ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချသင့်သည်။ ပြီးတော့ အမှန်တရား ပေါ်ထွက်ရေးအတွက်သာ ပြုမူပြောဆိုသင့်သည်။ သို့သော် အမှန်တရား တွေ့ရှိရေးအတွက် အလားအလာများကို ရှာဖွေရမည်။ (သိပ္ပံပညာတွင် အဆိုကြမ်းများ ရှာဖွေသကဲ့သို့။)

စကားစမြည်ပြောခြင်းတွင် ညှိခံမှု၊ ဖျော်ဖြေမှုတန်ဖိုးလည်း ရှိနေ၏။ မှန်းဆချက်တွင် အမှန်တရားထက် များစွာ ပိုမိုမြင့်မားသည့် တန်ဖိုးတစ်ရပ် ရှိနေ၏။ အကြံအစည်၊ စိတ်ကူးများဖြင့် လှည့်ပတ်ဆော့ကစားနေရခြင်းသည် စိတ်ဝင်စားစရာကောင်းသလို ပျော်စရာလည်း ကောင်း၏။

mgyoe.com

mgyoe.com


လောကတွင် ယောကျ်ားအနုပညာရှင်များထက် မိန်းမအနုပညာရှင်များ နည်းပါးသည်။ အဘယ်ကြောင့်ဆိုသော် မိန်းမများက ဘဝအရေးအခင်းများနှင့် မိသားစု ပြဿနာများတွင် ပိုပြီး လေးလေးနက်နက် သဘောထားတတ်သောကြောင့်၊ ပိုပြီး စိုးရိမ်တတ်သောကြောင့် ဖြစ်သည်။ ယောကျ်ားများကတော့ မိန်းမများထက် ပိုပြီး တာဝန်မဲ့တတ်၊ ပေါ့ပြက်တတ်၊ စိတ်အလိုလိုက်တတ်သောကြောင့် ဖြစ်သည်။

ထိုအဆို ဟုတ်ပါသလား၊ မှန်ပါသလား။

**ဆက်စပ်မှုများ**

ဆက်စပ်မှုများ ပြုလုပ်ခြင်းတွင် အလားအလာများ၊ အခြားရွေးစရာများနှင့် မှန်းဆချက်များ ရှာဖွေခြင်းပါဝင်၏။ တရုတ်ပြည်တွင် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုနှုန်း မြင့်မားလှ၏။ ထိုသို့ဖြစ်ရသည့် အကြောင်းရင်းတွင် မိန်းမများနှင့် တစ်အိမ်ထောင် ကလေးတစ်ယောက် သာယူရေး မူဝါဒအကြား ဆက်စပ်မှုရှိနေသလား။

အင်္ဂလန်တွင် ကလေးအမေများအား ပြည်သူပိုင်တိုက်ခန်းများ ချပေး၏။ ၎င်းမူဝါဒနှင့် ဆယ်ကျော်သက်ရွယ် မိန်းကလေးများ ကိုယ်ဝန်ရှိခြင်းတို့ ဆက်စပ်မှု ရှိနေသလား။

စိတ်ကူးပုံဖော်ထားသည့် ထိတ်လန့်ကြောက်ရွံ့ဖွယ် ဆက်စပ်မှုများ ရှိ၏။ ထိုသို့သော ဆက်စပ်မှုတွေထဲတွင် လျှို့ဝှက်ပူးပေါင်းကြံစည်မှု သီဝရီများကို ဖောဖောသီသီ တွေ့ရမည်။ နောက်ပြီး တစ်ဖက်သားအပေါ် ယုံမှားသံသယလွန်မှုတွေကို လွန်ကဲစွာ တွေ့ရမည်။

အခြားတစ်ဖက်က ကြည့်မည်ဆိုလျှင်မူ ဖြစ်နိုင်ခြေရှိ ဆက်စပ်မှုများ ရှာဖွေဖော်ထုတ်ခြင်းသည် အကျိုးမယုတ်နိုင်ပါ။ ၎င်းဆက်စပ်မှုများ မှန်ကန်ကြောင်း သက်သေအထောက်အထား မပြနိုင်မချင်း လေးလေး

mgyoe.com

mgyoe.com


နက်နက်ကြီး သဘောမထားသရွေ့ ကာလပတ်လုံး အန္တရာယ်မရှိနိုင်ပါ။

**တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဆန်းသစ်စိတ်ကူးများ**

ဆိုပါစို့။ သင်သည် စာမေးပွဲအဖြေလွှာများကို စစ်ဆေး အမှတ်ပေးနေသည်။ ဖြေဆိုသူတစ်ဦးက သူ့အဖြေထဲတွင် ဆန်းသစ်သော စိတ်ကူးတစ်ခု ဖော်ပြထားသည်ကို သင်တွေ့ရ၏။ ထိုအခါ ၎င်းဖြေဆိုသူသည် အခြားသူများရှေ့သို့ တိုးထွက်လာတော့၏။ အခြားဖြေဆိုသူအားလုံး အရည်အချင်း ရှိကောင်း ရှိကြပါလိမ့်မည်။ သို့ပေမဲ့ သူတို့၏ အဖြေတွေက အိပ်ငိုက်ချင်စရာ၊ ငြီးငွေ့စရာ။ ဆန်းသစ်စိတ်ကူးတစ်ခုက ထူးထူးခြားခြား ဖြစ်နေသည်။ သည်စိတ်ကူးက အခြားအဖြေလွှာများကို မှေးမှိန်သွားစေသည်။

စကားစမြည် ပြောရာတွင်လည်း ထိုသဘောအတိုင်းပါပဲ။ လူများစုသည် အကျိုးသင့်အကြောင်းသင့် ပြောတတ်သူများ ဖြစ်နိုင်၏။ ဗဟုသုတကြွယ်ဝသူများ ဖြစ်နိုင်၏။ သို့သော် ခြောက်ကပ် ငြီးငွေ့စရာကောင်းသူများလည်း ဖြစ်နေနိုင်၏။ စိတ်ကူးအသစ်အဆန်းများသည် ရှားပါးကုန်ပစ္စည်းများပါ။ ဘာ့ကြောင့်ဆို ကျွန်တော်တို့အား သင်ကြားပေးခဲ့သည်မှာ စိတ်ဖြာစိစစ်ခြင်းနှင့် အကဲဖြတ်ခြင်းတို့သာ ဖြစ်သောကြောင့်။ သို့တစေ ဆန်းသစ်တီထွင်ခြင်းအကြောင်းကိုတော့ အလျှင်းသင်မပေးခဲ့ကြသောကြောင့် ဖြစ်၏။

ကျွန်တော်တို့ ပြောဖူးနေသည့် ရမ်းတုတ်အဆိုအမိန့်တစ်ရပ် ရှိ၏။ ဆန်းသစ်တီထွင်နိုင်စွမ်းဆိုသည်မှာ ထူးခြားနက်နဲသော ပါရမီတစ်မျိုးဖြစ်သည်။ ၎င်းပါရမီကို လူတချို့သာ ပိုင်ဆိုင်နိုင်ပြီး အခြားလူများက အားကျမနာလိုဖြစ်ရသည့် စွမ်းရည်ဖြစ်သည် ဟူ၏။

တကယ်တော့ သည်လိုမျိုး လုံးဝမဟုတ်ပါ။ ဦးနှောက်၏ ပင်မ

mgyoe.com

mgyoe.com


အလုပ်မှာ ဝင်လာသည့် သတင်းအချက်အလက်များကို သူ့ဘာသာသူ အခြား မျိုးတူစုများနှင့် ပေါင်းစည်းသွားစေခြင်း ဖြစ်၏။ ဦးနှောက်က ဤအလုပ်ကို မလုပ်ဘူးဆိုလျှင် ဘဝသည် ယုံနိုင်စရာမရှိလောက်အောင် ရှုပ်ထွေးပြီး နှေးကွေးနေပေလိမ့်မည်။ သည်တော့ အနေအထားများကို ကျွန်တော်တို့ သရုပ်ခွဲကြည့်သည်။ ပြီးတော့ သမားရိုးကျ အချက်အလက် များနှင့် တိုက်ကြည့်သည်။

ဤကား ဆန်းသစ်တီထွင်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဆန်း သစ်တီထွင်သည့် စိတ်ကူးတွေ ဖြစ်ပေါ်လာရေးအတွက် စျာန်ဝင်အောင် စောင့်နေမည့်အစား ကျွန်တော်တို့ သင်ယူလို့ရပြီး ပုံမှန်သုံးလို့ရမည့် စဉ်းစားတွေးခေါ်နည်း နည်းနည်းပါးပါးတော့ ရှိသင့်၏။ ထို့ကြောင့် ဖြန့်ထွက်တွေးနည်းများ ကျွန်တော် တီထွင်ခဲ့ခြင်းဖြစ်၏။

***ဖြန့်ထွက်တွေး*** ဆိုသည့် စကားလုံးကို ယခုအခါ တော်တော် တွင်တွင်ကျယ်ကျယ်ကြီး သုံးစွဲနေကြပြီ။ ဖြန့်ထွက်တွေးနည်းများထဲ တွင် ဆွပေးခြင်း၊ အယူအဆ ထုတ်နုတ်ယူခြင်း၊ ကြုံသလို ဝင်စေခြင်း စသည်တို့ ပါဝင်၏။ ၎င်းနည်းလမ်းအားလုံးသည် မိမိဘာသာ စုစည်း စီစဉ်သည့် စနစ်များ၏ အပြုအမူများအပေါ် နားလည်သဘောပေါက်မှု အပေါ် အခြေပြုထားပါသည်။

ဆန်းသစ်တီထွင်နိုင်စွမ်းသည် ကျွမ်းကျင်မှုတစ်မျိုးနှင့် အလေ့ အထတစ်မျိုးဖြစ်၏။ ၎င်းကျွမ်းကျင်မှုကို တတ်မြောက်အောင် သင်ယူဖို့ လိုသည်။ ပြီးတော့ လေ့ကျင့်ဖို့လိုသည်။ ထိုအခါ ၎င်းကျွမ်းကျင်မှုသည် အလေ့အထတစ်ခု ဖြစ်လာတော့၏။

သို့သော် အထူးဆန်းသစ်တီထွင်နိုင်စွမ်း တစ်မျိုးတလေပင် မရှိ သော်လည်း သင့်အနေဖြင့် ဆန်းသစ်စိတ်ကူးများ ကြိုးစားဖော်ထုတ်လို့ ရ၏။ ပြီးတော့ တင်ပြလို့ရ၏။ စိတ်ကူးအသစ်တစ်ခုသည် သင့်အတွက်

mgyoe.com

mgyoe.com


ဘယ်လိုမျှ အသုံးမတည့်ဘူးဆိုလျှင်တောင် စဉ်းစားတွေးခေါ်စရာ အသစ်များအတွက် အစပြုရာ တာထွက်မှတ် ဖြစ်နိုင်ပါသည်။

**အသုံးအဝင်ဆုံး အလေ့အထ**

"ဟား... အဲဒါကတော့ စိတ်ဝင်စားစရာကောင်းတယ်ဗျို့" ဆိုသော စကားကိုပြောသည့် အလေ့အထတစ်ခု သင့်မှာ စွဲစွဲမြဲမြဲ ရှိနေဖို့ကို လိုအပ်၏။

ထိုစကားစုကို ပြောဖို့ အလေ့အထဖြစ်လာပြီဆိုသည်နှင့် စကားဝိုင်းတစ်ခုတွင် ပေါ်ပေါက်လာသည့် အဘယ်အကြောင်းအရာကိုမဆို ထိုစကားစုဖြင့် ဖမ်းစားလို့ ရပါသည်။ သည်တော့ စကားဝိုင်းတွင် တောင်စဉ်ရေမရ လျှောက်ပြောနေမည့်အစား ထိုစကားစုကို ပြောလိုက်ခြင်းအားဖြင့် ထိုအချက်တွင် ခေတ္တရပ်သွားမည်။ ထိုအချက်ကို သင် ရှာဖွေ တူးဖော်တော့မည်။ ထိုအချက်နှင့် ဆက်စပ်ပြီး အသေးစိတ်စိစဉ် စဉ်းစားခြင်းကို သင်ပြုလုပ်တော့မည်။ အလားအလာများနှင့် အခြားရွေးစရာလမ်းများကို သင်ဖွင့်တော့မည်။ ဆက်စပ်မှုများကို သင် ရှာဖွေဖော်ထုတ်တော့မည်။

ထိုစကားစုကို ပြောသည့်အလေ့အထ ရှိနေခြင်းသည် သင့်တွင် လေးတစ်စင်းနှင့် မြားတွေအပြည့်ထည့်ထားသည့် မြားကျည်တောက် တစ်ဘူး ရှိနေခြင်းနှင့် တူ၏။ အကြောင်းအချက် တစ်စုံတစ်ရာကို သင့်မြားဖြင့် အချိန်မရွေး ချိန်လို့ရ၏။ ပြီးတော့ သင့်မြားကို လေးညို့မှ ပစ်လွှတ်လိုက်ရုံပါပဲ။ "ဟား... အဲဒါကတော့ စိတ်ဝင်စားစရာ ကောင်းတယ်ဗျို့" ဟူ၍။

ထိုအချက်သည် ဘာကြောင့် စိတ်ဝင်စားစရာကောင်းကြောင်း သင်ရှင်းပြဖို့ လိုပါလိမ့်မည်။ စိတ်ဝင်စားစရာကောင်းသည့် သွင်ပြင်လက္ခဏာများကို အဆင့်ဆင့်တည်ဆောက်ပြီး ချခင်းပြဖို့ လိုပါလိမ့်မည်။

mgyoe.com

mgyoe.com


ထိုအချက်ကို ရှာဖွေတူးဖော်ရာ၌ တစ်ဖက်လူကိုပါ ဖိတ်ခေါ်လို့ရ၏။ "ဟား... အဲဒါကတော့ စိတ်ဝင်စားစရာကောင်းတယ်ဗျို့" ဟူသော စကားစုကို အာရုံဖမ်းစားသည့် ကိရိယာအဖြစ်သုံးပါ။ ထိုသို့ အသုံးပြုရာ၌ အထူးသတ်သတ်မှတ်မှတ် ပြောသလိုဖြစ်အောင် အထူးလေ့ကျင့်ထားသင့်၏။ တစ်ဖက်သား စိတ်ဝင်စားလာမည့်အချိန်ကို စောင့်နေရုံဖြင့် မလုံလောက်ပါ။ သူ့အာရုံကို တည့်မတ်ပေးဖို့ တမင်အားထုတ်ဖို့ လိုပါသည်။

**လေ့ကျင့်ခန်းများ**

စိတ်ဝင်စားမှုရှိခြင်းနှင့် စိတ်ဝင်စားစရာကောင်းခြင်းသည် အတူဖြစ်ပေါ်၏။ သင့်အနေဖြင့် အရာရာတိုင်းနီးပါးကို စိတ်ဝင်စားသည့် အလေ့အထ မွေးမြူသင့်၏။ ဤအလေ့အကျင့် ဖွံ့ဖြိုးလာအောင် ပျိုးထောင်လိုသည်ဆိုလျှင် အလေ့အကျင့်လုပ်ဖို့ လိုအပ်၏။ အလွန်ရိုးရှင်းသည့် လေ့ကျင့်နည်းမှာ အမည်ကွဲအကြောင်းအရာများကို စိတ်ဝင်စားတတ်အောင် အားထုတ်ခြင်းဖြစ်၏။ ၎င်းအကြောင်းအရာများအကြောင်း သင် ဟောပြောနေသည်ဟု စိတ်ကူးကြည့်ပါ။ သို့ဆိုလျှင် သင် ဘာတွေ ပြောမည်လဲ။

အောက်ဖော်ပြပါ အကြောင်းအရာတစ်ခုချင်းအကြောင်းကို စိတ်ဝင်စားစရာကောင်းအောင် သင် ဘယ်လိုပြောမည်လဲ။

ဖားများ၊
ဒီမိုကရေစီ၊
လေဆိပ်များ၊
ကပ်စေးနဲ၊
အလံများ၊

mgyoe.com

mgyoe.com

ကားလက်ကိုင်ဘီးများ၊
သူငယ်တန်း၊
ကြော်ငြာ၊
မူပိုင်ခ၊
ကြက်ဥမွှေကြော်၊

ရိုးရှင်းသော ဤလေ့ကျင့်ခန်းကို သင် တစ်ကိုယ်တည်း လေ့ကျင့်လို့ရ၏။ အခြားသူများနှင့်တွဲပြီး လေ့ကျင့်လို့လည်း ရ၏။ ကျပန်းစကားပြောသလို မိမိပြောရမည့် အကြောင်းအရာကို မဲနှိုက်ပြီး ပြောလို့လည်း ရ၏။ ထိုအခါ ထိုအကြောင်းအရာနှင့်ပတ်သက်၍ စိတ်ဝင်စားစရာကောင်းသည့် အချက်များကို လူတိုင်းက ကိုယ့်အမြင်နှင့်ကိုယ် ပြောဖို့ အားထုတ်ကြလျှင် သင်တို့စကားဝိုင်းသည် စိတ်ဝင်စားစရာ ကောင်းလာပါမည်။ ပြီးတော့ အချက်အလက်အသစ်များ၊ အမြင်သစ်များ ပေါ်ထွက်လာပါမည်။

**စိတ်ဝင်စားစရာကောင်းသူဖြစ်လာအောင် ဘယ်လိုပြောမည်လဲ**

လက်တွေ့အသုံးတည့်သည့် အကျဉ်းချုပ်အချက်များ၊

၁။ အမှန်တရားဖော်ထုတ်ရေးသည် ထာဝစဉ် အရေးကြီး၏။ သို့သော် စိတ်ဝင်စားဖွယ်ကောင်းသူ ဖြစ်လာရေးသည် အငြင်းအခုံတစ်ခုတွင် အနိုင်ရခြင်းထက် ပို၍ အရေးကြီးသည်။ သင့်ကိုယ်သင်အတွက်ရော အခြားသူများအတွက်ပါ စိတ်ဝင်စားဖွယ်ကောင်းသူဖြစ်လာအောင် ကြိုးစားဖို့ သင့်မှာ တာဝန်ရှိ၏။

၂။ သင်လုပ်ဆောင်ခဲ့သည့် အရာများ၊ သင်လုပ်ဆောင်နေ

mgyoe.com

mgyoe.com


သည့်အရာများ သို့မဟုတ် သင်သိနေသည့် စိတ်ဝင်စား ဖွယ်အရာများမှ စိတ်ဝင်စားမှုတွေ ပေါက်ဖွားလာနိုင်၏။ စကားဝိုင်းတစ်ခုကို သင်ဘယ်လို ဦးစီးဦးဆောင်ပြုသလဲ ဆိုတာမှာလည်း စိတ်ဝင်စားမှုတွေ ဖြစ်ထွန်းလာနိုင်၏။

၃။ ***အကယ်၍ သည်လိုဖြစ်မည်ဆိုလျှင် ဘာတွေဖြစ်လာမည်လဲ*** နည်းစနစ်ကို အသုံးပြုခြင်းအားဖြင့် သင်သည် အလားအလာအသစ်များနှင့် အတွေးသစ်များ ပေါ်ပေါက်လာစေ၏။

၄။ အလားအလာများနှင့် အခြားရွေးစရာများ ရှာဖွေဖော်ထုတ်ခြင်းအားဖြင့် စကားဝိုင်း ပိုမိုစိုပြည်လာစေမည်။ စိတ်ဝင်စားစရာ ကောင်းလာစေမည်။ အကြောင်းကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အကြောင်းကိစ္စများကို ဝေဖန်သုံးသပ်ရာတွင်လည်းကောင်း နည်းလမ်းတစ်မျိုးထက်မက ရှိနေလေ့ရှိပါသည်။

၅။ မှန်းဆချက်က ရှေ့သို့ လှမ်းမျှော်ကြည့်သည်။ နောက်ပြီး စိတ်ဝင်စားဖွယ် နယ်ပယ်သစ်များ ပေါ်ပေါက်စေသည်။ သရုပ်ဖော်ခြင်းကတော့ နောက်ကြောင်းကိုပဲ ကြည့်သည်။

၆။ ဆက်စပ်မှုများ ရှာဖွေခြင်းနှင့် ဆက်စပ်မှုများ ပြုလုပ်ခြင်းသည် အကြောင်းကိစ္စများကို ချိတ်ဆက်ပေးပြီး စိတ်ဝင်စားမှုကို ဖန်တီးပေးသည်။

၇။ စိတ်ကူးသစ်များသည် ဖြစ်ပေါ်ခဲ့ပြီး မည်သည့်ဆွေးနွေးပွဲမျိုးကိုမဆို မြူးကြွလာစေသည်။ ဆန်းသစ်တီထွင်ဖို့ ကြိုးစားပါ။ ပြီးတော့ စိတ်ကူးအသစ်များ ဖော်ထုတ်ပါ။ ဖြန့်ထွက်တွေးနည်းထုးများကို သင်ယူပြီး လက်တွေ့အသုံးချပါ။

mgyoe.com

mgyoe.com


၈။ ဆွပေးခြင်းသည် စိတ်ကူးသစ်များ ထွက်ပေါ်လာအောင် ညှစ်အားပေးရာ၌ အသုံးဝင်သည့်နည်းဖြစ်၏။ မှားနေမှန်း သိသော သို့မဟုတ် ဖြစ်နိုင်ခြေမရှိမှန်းသိသော ပြောဆိုချက် တစ်ခုကို တင်ပြပါ။ သို့မှ အတွေးသစ်များ ပေါ်ထွက်လာ အောင် ဆွပေးရာရောက်မည်။

၉။ "ဟား... အဲဒါကတော့ စိတ်ဝင်စားစရာကောင်းတယ်ဗျို့" ဟူသော စကားမျိုးဖြင့် တစ်ဖက်သား၏ အာရုံကို တည့် မတ်ပေးပါ။ သင်ကြားသိရသည့် ဘယ်လိုအကြောင်း အရာမျိုးမဆို ဤစကားစုပြောနိုင်လောက်အောင် အသင့် ဖြစ်နေပါစေ။

၁၀။ ဘယ်လိုအကြောင်းကိစ္စမျိုးကိုမဆို အချက်အလက်သစ် များ ရှာဖွေဖော်ထုတ်ဖို့ ကြိုးစားပါ။ အသေးစိတ် စီစဉ် စဉ်းစားဖို့ အားထုတ်ပါ။ ဘယ်လိုအကြောင်းကိစ္စမျိုးကို မဆို စိတ်ဝင်စားနိုင်အောင် ကြိုးပမ်းပါ။

၁၁။ သင်၏ စိတ်ဝင်စားမှုဖြစ်ပေါ်လာအောင် ဖန်တီးနိုင်စွမ်း ဖွံ့ဖြိုးတိုးတက်လာစေမည့် ရိုးရိုးရှင်းရှင်း လေ့ကျင့်ခန်းများ လေ့ကျင့်ပါ။

၁၂။ တစ်စုံတစ်ဦးက စိတ်ဝင်စားစရာအတွေးတစ်ခု တင်ပြ လာသည်ဆိုလျှင် သင်လည်း ကူပြီး စဉ်းစားဝေဖန်ပေး ပါ။ စိတ်ဝင်စားမှု ပိုမိုမြင့်မားလာအောင် ကူညီပါ။

□

mgyoe.com

mgyoe.com

အခန်း (၅)

# ဘယ်လို တုံ့ပြန်ပြောမည်လဲ

မည်သည့်ဆွေးနွေးပွဲများမှာမဆို ယေဘုယျအားဖြင့် အဓိက ရည်မှန်းချက်များကို အောက်ပါအတိုင်း အကျဉ်းချုပ် ခွဲခြားလို့ရ၏။

၁။ သဘောတူညီမှုရယူရန်။ အဘယ်ကြောင့်ဆိုသော် နှစ်ဦးနှစ်ဖက်စလုံးက အမှန်တရားကို လိုလားသောကြောင့် သို့မဟုတ် သူတို့တွင် ဆောင်ရွက်မှုတစ်ခု ပြုရန် လက်တွေ့ကျသော နည်းလမ်းတစ်ခု ပုံဖော်ရမည် ဖြစ်သောကြောင့်။

၂။ သဘောကွဲလွဲသည့် အချက်များကို ရှင်းလင်းသိသာအောင် ရှင်းပြပြီး သဘောကွဲလွဲချက်များ ရှိကြောင်း သဘောတူချက် ရယူရန်။ ဤလုပ်ငန်းစဉ်ထဲတွင် ကွဲလွဲခြင်း၏ အခြေခံများ (တန်ဖိုးများ၊ အတွေ့အကြုံများ၊ ရှုမြင်သည့် ရှုထောင့် စသည်ဖြင့်) ကို နားလည်အောင် ရှင်းပြခြင်း ပါဝင်၏။

mgyoe.com

mgyoe.com

၃။ ဆွေးနွေးနေသည့် ကာလကို စိတ်ဝင်စားဖွယ်ကောင်းသော အချိန်ကာလတစ်ခု ဖြစ်လာအောင် အစွမ်းကုန် အားထုတ် ဖန်တီးရန်။

ထိုအချက်များသည် ယေဘုယျရည်မှန်းချက်များပါတည်း။ ထိုရည်မှန်းချက်များ ပေါက်မြောက်ရန် အခြားဆောင်ရွက်မှုများစွာ လုပ်ဆောင်ရ၏။ ၎င်းဆောင်ရွက်ချက်များကို တစ်ခုပြီးတစ်ခု ဆက်တိုက်လုပ်ရတတ်၏။ ဤအခန်းတွင် ထိုအကြောင်းများ ရှင်းပြပါမည်။ တစ်ဖက်က တင်ပြလာသည့်အပေါ် ချက်ချင်း ဘယ်လိုတုံ့ပြန်မည်လဲ။ ဘာတွေ ပြန်ပြောမည်လဲ။ ဘယ်လိုပြောမည်လဲ။

ရှေ့အခန်းများတွင် ဘယ်လိုသဘောတူမည်လဲဆိုတာ ပါသွားပြီ။ သဘောကွဲလွဲမှုရှိကြောင်း ဘယ်လိုပြောရမည်ဆိုတာ ပါသွားပြီ။ သဘောမတူကြောင်း ဘယ်လိုပြောရမည်၊ အလားအလာများ၊ အခြားရွေးစရာများ ဘယ်လိုရှာရမည်ဆိုတာတွေ တင်ပြပြီးပြီ။ နောက်ပြီး စိတ်ဝင်စားစရာကောင်းသည့်အချက်ကို ထောက်ပြပြီး စကားဝိုင်းစိုပြည်အောင် လုပ်လို့ရတာတွေ ပါသွားပြီ။

ဤအခန်းတွင်တော့ ဘယ်ပုံဘယ်နည်း တုံ့ပြန်ပြောဆိုမည်ဆိုတာတွေ ဖော်ပြပါမည်။

## ရှင်းလင်းချက်

လူနှစ်ယောက် အကြောင်းအရာတစ်ခုကိုကြည့်ပြီး တစ်ယောက်တစ်ပေါက် မျက်စိမှိတ် ငြင်းခုံခြင်းထက် မိုက်မဲသောလုပ်ရပ်ဟူ၍ တော်တော်နည်းနည်းပဲ ရှိပါလိမ့်မည်။ ဘာ့ကြောင့်ဆို တစ်ယောက်၏ပြောစကားကို ကျန်တစ်ယောက်က တလွဲအဓိပ္ပာယ် ကောက်နေသောကြောင့်ပင်။ သည်လုပ်ရပ်မျိုးကတော့ အင်အားဖြုန်းတီးရာရောက်၏။ ထို့မှမက

mgyoe.com

mgyoe.com

အရာရာတိုင်းကို ဖြုန်းတီးရာရောက်၏။ သည်တော့ တစ်ဖက်လူ၏ ပြောစကားကို စိုးစဉ်းမျှ သံသယရှိသည်နှင့် ရှင်းလင်းချက်တောင်းခံဖို့ လိုအပ်၏။

"ခင်ဗျားပြောလိုက်တာ ဒီလိုလားဗျ"

"ခင်ဗျားပြောတာကို ကျွန်တော် နားလည်လိုက်တာက ဒီလိုဗျ၊ အဲဒါ အမှန်ပဲလားဟင်"

"ခင်ဗျားပြောခဲ့တာကို ကျွန်တော် သဘောမပေါက်ဘူးထင်တာပဲ၊ ဒီတော့ဗျာ အဲဒီအကြောင်း ထပ်ပြောပြနိုင်မလား"

"ခင်ဗျာ့စကားကို ကျွန်တော် သိပ် ရှင်းရှင်းလင်းလင်း နားမလည်လိုက်ဘူးဗျ၊ ကျွန်တော့်ကို ထပ်ရှင်းပြနိုင်မလား"

ကိုယ့်ပရိသတ်ရေလည်ရှင်းလင်းအောင် သို့မဟုတ် သဘောပေါက်နားလည်အောင် ပြောပြချင်သည့် ဟောပြောသူတိုင်းသည် ထပ်ရှင်းပြဖို့ မေတ္တာရပ်ခံခြင်းကို စိတ်မကွက် မငြူစူကြပါ။ ရှင်းလင်းချက်ထုတ်ပေးဖို့ ပြောခြင်းသည် သင့်ကိုယ်သင် ငတုံးဟု ထုတ်ပြောရာ မရောက်ပါ။ ထိုသို့ မဟုတ်ရုံသာမက သင်ကြားလိုက်ရသည့် ဟောပြောချက်ကို လွန်စွာ စိတ်ဝင်စားမှုရှိကြောင်း ပြသရာပင် ရောက်သေးသည်။ ထို့ပြင် သင် နားလည်သဘောပေါက်တာ မှန်ကန်ကြောင်း သေချာစေချင်သည့် သဘောလည်း ပေါ်လွင်ပါသည်။

ရှင်းလင်းချက်တောင်းခံရာ၌ ဟောပြောချက်ကို ထပ်ရှင်းပြပါရန် ဟောပြောသူအား မေတ္တာရပ်ခံရုံသာ ရှိ၏။ စာစောကထက်ပိုပြီး ရိုးရိုးရှင်းရှင်းပြောပါရန် တောင်းဆိုချင် တောင်းဆိုလို့ရ၏။ သို့မဟုတ်ပါကလည်း သင် သဘောပေါက်နားလည်ထားသည်ကို သင့်စကားဖြင့် ပြောပြပါ။ သင့်ပြောပြချက် မှန်၏ မှား၏ကို မေးပါ။

"လူကြီးမင်း ပြောသွားတာကို ကျွန်တော် နားလည်လိုက်တာက

mgyoe.com


တော့ ဟောဒီလိုပါခင်ဗျ၊ အဲဒါ လူကြီးမင်းပြောတဲ့သဘောအတိုင်း ဟုတ်ပါရဲ့လား"

**ထောက်ခံခြင်း**

ထောက်ခံခြင်းသည် သာမန်သဘောတူခြင်းထက် အများကြီးတာသွားသည်။ သဘောတူခြင်းကို ဦးခေါင်းတစ်ချက်ညိတ်ပြရုံ သို့မဟုတ် "မှန်တာပေါ့" ဆိုသည့် စကားတစ်ခွန်းပြောရုံဖြင့် အချက်ပြလို့ရ၏။

ထောက်ခံခြင်းဆိုတာကတော့ သင်သဘောတူရုံသာမဟုတ်၊ သူ့အဆိုပြုချက် ပိုမိုခိုင်မာလာအောင် သင်ကိုယ်တိုင် ထင်မြင်ချက်အချို့ဖြင့် အားဖြည့်မည်ဆိုသည့်သဘော။ လူတစ်ဦးက သူ ဗိုက်ဆာနေပြီဖြစ်ကြောင်းပြောလျှင် သူပြောတာကို သင်သဘောတူလို့ ရ၏။ ထိုလူပြောစကားကို သင် အသိအမှတ်ပြုရုံသက်သက် ပြောခြင်းမဟုတ်ဘဲ ထိုလူအား စားသောက်ဖွယ်တစ်ခုခု ကမ်းလှမ်းလို့ရ၏။ ဤကား ထိုလူ့အဆိုကို ထောက်ခံခြင်း။ သဘောတူရုံမည်ကာ မတ္တမဟုတ်။

အဆိုတစ်ခုကို ထောက်ခံရာ၌ သင့်ကိုယ်ပိုင် အတွေ့အကြုံအရ ဖြစ်ကောင်းဖြစ်မည်။

"ခင်ဗျားပြောတာကို ကျွန်တော် သဘောတူပါတယ်၊ ကျောင်းတွေမှာ ကြုံခဲ့ရတဲ့ ကျွန်တော့်အတွေ့အကြုံတွေကလည်း ခင်ဗျားအတွေ့အကြုံနဲ့ ထပ်တူထပ်မျှပါပဲဗျာ၊ ဥပမာပြောရရင်..."

အဆိုတစ်ကို ထောက်ခံရာ၌ သင့်ကိုယ်ပိုင်ခံစားချက်များ သို့မဟုတ် စိတ်လှုပ်ရှားမှုများအရ ဖြစ်ကောင်းဖြစ်မည်။

"အဲဒီကိစ္စမှာ ခင်ဗျားခံစားရတဲ့အတိုင်း ကျွန်တော်လည်း ခံစားရတယ်ဗျို့..."

အဆိုတစ်ခုကို ထောက်ခံရာ၌ သင်တို့နှစ်ဦး တူညီစွာ လက်ခံ

mgyoe.com

mgyoe.com


ထားသည့်တန်ဖိုးများ သို့မဟုတ် ကိုယ်ကျင့်တရားများအရ ဖြစ်ကောင်း ဖြစ်မည်။

"ကျွန်တော်တို့နှစ်ယောက် လက်ခံထားတဲ့ တန်ဖိုးတွေ တူညီကောင်း တူညီနေမယ်ဗျ၊ ဒါကြောင့် ဒီအကြောင်း ခင်ဗျားအဆိုပြုတာကို ကျွန်တော် သဘောတူတာပေါ့"

အဆိုတစ်ခုကို ထောက်ခံရာ၌ သင်သိထားသော အချက်အလက်များ၊ ကိန်းဂဏန်းများနှင့် စာရင်းအင်းများအရ ဖြစ်ကောင်းဖြစ်မည်။

"ခုလေးတင် ခင်ဗျားပြောသွားတဲ့... ဆိုတဲ့ကိစ္စကို အထောက်အကူပြုမယ့် စာရင်းအင်းတွေ ရှိတယ်နော်"

တစ်ဖက်က တင်ပြလာသော အဆိုကို အထောက်အကူပြုမည့် ဇာတ်လမ်းများ၊ ဥပမာများ၊ ရယ်စရာမောစရာ ဖြစ်ရပ်ကလေးများကို သင် ပြောပြလို့ရ၏။

တစ်ဖက်က တင်ပြလာသော သဘောထားတစ်ရပ်ကို သင် တကယ်တမ်း သဘောမတူ။ သို့ပေမဲ့ ထိုသဘောထားကို အထောက်အကူပြုမည့် သက်သေအထောက်အထားတွေ ရှိနေသည်။ ထိုသို့သော အခြေအနေမျိုးတွင် သင် ဘာလုပ်မည်လဲ။ တရားရုံးတွင် ရှေ့နေတစ်ဦး ကျင့်ကြံသလို သင်ကော ရေငုံနှုတ်ပိတ်ပြီး မသိယောင်ဆောင်နေမည်လား။

သဘာဝအရဆိုလျှင်တော့ ရေငုံနှုတ်ပိတ်နေဖို့ သင် စိတ်ညွတ်ပေလိမ့်မည်။ သင်သဘောမတူ လက်မခံနိုင်သည့် အဆိုတစ်ခုကို သင်က ဘာကိစ္စ ထောက်ခံအားပေးရမည်လဲ။ သည်နေရာတွင် အရေးကြီးသော အဆင့်သို့ ရောက်လာပြီ။ ထိုအဆင့်မှာ အကြောင်းအရာတစ်ရပ်ကို တော်တည့်မှန်ကန်စွာ စူးစမ်းဖော်ထုတ်ခြင်းနှင့် အမှုတည်ဆောက်ခြင်းတို့ အကြား ခြားနားခြင်းပါတည်း။

အမှုတည်ဆောက်ခြင်းဆိုသည်မှာ တရားရုံးတော်တွင် ရှေ့နေများ

mgyoe.com

mgyoe.com

ပြုကျင့်သကဲ့သို့ သင့်အမှုကို သင်တည်ဆောက်၏။ သင်တည်ဆောက်ထားသည့်အမှုကို သင်ကာကွယ်၏။ ခုခံလျှောက်လဲ၏။ ပြီးတော့ တစ်ဖက်ရှေ့နေတည်ဆောက်ထားသည့်အမှုကို တိုက်ခိုက်၏။ ထိုးနှက်ဝေဖန်၏။ အကြောင်းကိစ္စတစ်ရပ်ကို စူးစမ်းလေ့လာ ဖော်ထုတ်ရေးတွင် ဤနည်းသည် အကောင်းဆုံးဖြစ်သည်ဟု ကျွန်တော်တို့ လက်ခံထားခဲ့ကြသည်မှာ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ အမှန်တော့ အကောင်းဆုံးနည်းလမ်းမဟုတ်။ ဤနည်းလမ်းသည် ရှေးကျလွန်းပြီး အကြမ်းထည်ဆန်လွန်းပါသည်။ သည်နည်းထက်များစွာ သာလွန်ကောင်းမွန်သောနည်းကို နောက်အခန်းတွင် ဖော်ပြပါမည်။

သည်တော့...

တစ်ဖက်မှ တင်ပြလာသည့် သဘောထားကို အထောက်အကူပြုမည့် သက်သေအထောက်အထားကို သင် စဉ်းစားမိနေလျှင် ၎င်းအထောက်အထားကို ထုတ်ဖော်ပြောပြပါ။

ဆိုပါစို့၊ ပြောပြောသူက စတိုးဆိုင်များတွင် ဝန်ဆောင်မှုညံ့ဖျင်းလှကြောင်း အပြစ်တင်ဝေဖန်နေသည်။ ထိုအခါ သင်ပြောရမည်မှာ...

"ဟုတ်ပါ့၊ ဟိုတစ်နေ့က ကျွန်တော် စတိုးဆိုင်တစ်ဆိုင်ထဲ ရောက်သွားတော့..."

ထိုလူ၏ သဘောထားကို အထောက်အကူပြုမည့် စိတ်ပျက်ဖွယ် ဝန်ဆောင်မှုများအကြောင်း အိုင်ကျင်းဖွဲ့ပြီး ပြောပါလေ။ ထို့နောက်တွင်မှ သင် ဆက်ပြောလို့ရသည်မှာ

"ဝန်ဆောင်မှု ညံ့ဖျင်းတာတွေတော့ ပြောမဆုံးပေါင် တောသုံးထောင်ပါပဲ၊ ဒါပေမဲ့ အားလုံးခြုံငုံကြည့်မယ်ဆိုရင်တော့ လွန်ခဲ့တဲ့ ဆယ်နှစ်တာကာလအတွင်း ဝန်ဆောင်မှုအဆင့်အတန်းဟာ တော်တော်ကြီး တိုးတက်လာတယ်လို့ ကျွန်တော်ထင်ပါတယ်" ဟူ၍။

mgyoe.com

mgyoe.com


ဥပမာများနှင့် ဇာတ်လမ်းများ

ဆွေးနွေးနေသည့် အကြောင်းအရာနှင့် ဆက်နွယ်အံဝင်မည့် ဥပမာများ၊ ဇာတ်လမ်းများ တင်ပြပြောဆိုခြင်းသည် မည်သည့်စကားဝိုင်း မျိုးကိုမဆို အသက်ဝင်လာစေ၏။ လန်းဆန်းစိုပြည်လာစေ၏။ စိတ်ကူး သက်သက်ဖြင့် စကားကြီးစကားကျယ်တွေ မိုးလားကဲလားပြောနေသည့် စကားဝိုင်းမျိုးသည် ဘယ်စကားဝိုင်းမျိုးဖြစ်စေ သေချင်စော်နံအောင် ပျင်းစရာကောင်းလှပါသည်။

စာရင်းဇယားများက တစ်စုံတစ်ရာကို သက်သေအထောက် အထား ပြနိုင်သည်ဆိုသည့် အတိုင်းအတာဖြင့် ပြောရလျှင် ဇာတ်လမ်း များက ဘာကိုမျှ အထောက်အထားမပြနိုင်ပါ။ ကြံရည်ဖန်ရည်ရှိပြီး အလုပ်ကြိုးစားသည့် ဆယ်ကျော်သက်ရွယ် လူငယ်တစ်ဦးအကြောင်း ဇာတ်လမ်းတစ်ပုဒ်ပြောပြပြီး ဆယ်ကျော်သက်ရွယ် လူငယ်တိုင်း ကြံရည် ဖန်ရည်ရှိပြီး ကြိုးစားပမ်းစား အလုပ်လုပ်ကြသည်ဟု သက်သေပြလို့ မရနိုင်ပါ။ ထိုသို့ သက်သေပြလို့မရသလို ဆယ်ကျော်သက်လူငယ် အများစုသည် အပျင်းထူပြီး ပေါ့လားဝါးလားသာ နေချင်ကြကြောင်း ထိုဇာတ်လမ်းကို ထောက်ပြပြီး စွပ်စွဲလို့လည်း မရနိုင်ပါ။ ခြုံငုံကောက် ချက်များကို ထိုးနှက်ချင်သည်ဆိုလျှင်တော့ ဇာတ်လမ်းများကို အသုံးချ လို့ရ၏။ ဆယ်ကျော်သက်ရွယ် လူငယ်အားလုံး အပျင်းထူသည်ဆိုသည့် ခြုံငုံကောက်ချက်ကို ဆယ်ကျော်သက်ရွယ် လူငယ်တချို့သည် အပျင်းထူ ဟန်ရှိကြောင်းသို့ လျှော့ပြောလို့ ရနိုင်၏။

ဇာတ်လမ်းများသည် အသက်ဝင်၏။ မြူးကြွ၏။ နောက်ပြီး ဖြစ် ရပ်မှန်များဖြစ်၏။ ထို့ပြင် ဇာတ်လမ်းများက အလားအလာကို ဖော် ကျူးသည်။ ဆရာမတစ်ဦးက ပြောပြသည်မှာ စဉ်းစားတွေးခေါ်ခြင်းကို ကျွမ်းကျင်မှုတစ်ရပ်အဖြစ် တိုက်ရိုက်သင်ကြားပို့ချပေးသည့်အတွက်

mgyoe.com